# ကြေးမုံ

The Mirror Daily

၁၉၅၇ ဇူလိုင် ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957


**လောကကို ထွန်းလင်းတောက်ပ**

**အချင်းချင်း ခိုက်ရန်ဖြစ်ပွားခြင်းသည် မကောင်း။ ရန်ပြုတတ်သူတို့အလယ်တွင် ရန်မပြုဘဲနေခြင်းသည် လည်းကောင်း၊ ကိလေသာအနှိပ်စက်ခံရသူတို့အလယ်၌ ကိလေသာအနှိပ်အစက်မခံရဘဲနေခြင်းသည် လည်းကောင်း၊ ကာမဂုဏ်ကို ကြောင့်ကြစိုက်ကုန်သော သူတို့အလယ်၌ ကြောင့်ကြမစိုက်ကုန်ဘဲနေခြင်းသည် လည်းကောင်း ချမ်းသာ၏။**

လောကဝင်(ဓမ္မပဒ-၁၇၃)


၁၃၈၃ ခုနှစ်၊ နယုန်လကွယ်၊ ကြာသပတေးနေ့။ Thursday, 8 July 2021 ၁၀၄၂၈


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## သတင်းထုတ်ပြန်ချက်

အကြမ်းဖက်အုပ်စုအဖြစ် သတ်မှတ်ကြေညာထားသော အမျိုးသားညီညွတ်ရေးအစိုးရ (NUG)မှဆိုသည့် ဇော်ဝေစိုးသည် ပြင်သစ်အစိုးရပိုင် ရုပ်မြင်သံကြားသတင်းဌာန France 24 နှင့် ၁-၇-၂၀၂၁ ရက်တွင် တွေ့ဆုံမေးမြန်းမှုပြုလုပ်ခဲ့ပြီး ဇော်ဝေစိုးက အကူအညီမဲ့နေသည့် မြန်မာပြည်သူများသည် မိမိကိုယ်ကိုခုခံသည့် နည်းလမ်းမှလွဲ၍ အခြားနည်းလမ်းများကို အသုံးမပြုနိုင်တော့ကြောင်း၊ နိုင်ငံတကာအသိုက်အဝန်းအနေဖြင့် မြန်မာပြည်သူများအား ကူညီရန် ပြောကြားခဲ့ကြောင်း သိရှိရသည်။ ဇော်ဝေစိုး၏ ပြောကြားချက်များသည် အကြမ်းဖက်တိုက်ခိုက်မှုများကို ကျူးလွန်နေသူများအား ခုခံကာကွယ်ပြောဆိုခဲ့ပြီး အားပေးအားမြှောက်ပြုလုပ်နေကြောင်း တွေ့ရှိရသည်။


**စာမျက်နှာ ၄ ကော်လံ ၁ သို့ ❐**




## တပ်ကုန်းမြို့၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေ

တပ်ကုန်း ဇူလိုင် ၇

နေပြည်တော် တပ်ကုန်းမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် နှာခေါင်းစည်းများ စနစ်တကျ တပ်ဆင်ရေးနှင့် အခမဲ့ဖြန့်ဝေခြင်းကို ဇူလိုင် ၆ ရက် ညနေ ၄ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့ ရန်ကုန်-မန္တလေးကားလမ်းတွင် ဆောင်ရွက်ခဲ့သည်။


စာမျက်နှာ ၃ ကော်လံ ၁ သို့ ❂


## သပြေရေဒီယိုအစီအစဉ်အသစ်ကို မြန်မာနိုင်ငံအလယ်ပိုင်းနှင့် ရန်ကုန်မြို့အနီးတစ်ဝိုက်တွင် ဇူလိုင် ၁၁ ရက်မှ စတင်ထုတ်လွှင့်မည်

**နေပြည်တော် ဇူလိုင် ၇**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ တိုင်းကျိုးပြည်ပြုလုပ်ဆောင်ချက်များ အပါအဝင် သတင်းတု၊ သတင်းမှားများအပေါ် ပြန်လည်ဖြေကြားသည့် သတင်းမှန်ပြန်ကြားခြင်းကဏ္ဍ၊ သတင်းဆောင်းပါးအစီအစဉ်၊ ဆွေးနွေးခန်းများ အစရှိသည့် အစီအစဉ်များအပါအဝင် အစီအစဉ်ပေါင်းစုံလင်သည့် သပြေရေဒီယိုအစီအစဉ်အသစ်ကို ဇူလိုင် ၁၁ ရက်မှစတင်၍ ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**


ကြေးမုံ ယနေ့ ဖတ်စရာ

**သမိုင်းသင်ခန်းစာများမှ တစ်ဆင့် . . .**
စာမျက်နှာ » ၆

**ဥပဒေပြုရေးဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲများအပေါ် လေ့လာခြင်း(ဆွစ်ဇာလန်နိုင်ငံ)**
စာမျက်နှာ » ၈

**ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်း ၈၀၀ အတွက် အလုပ်အကိုင်များ ဖန်တီးပေးနိုင်မည့် ကန်ဒေါ်လာ ငါးသန်းတန်ဖိုးရှိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအား ခွင့်ပြု**
စာမျက်နှာ » ၇





ကြေးမုံ

# ကိုဗစ်ရောဂါဘေးကို သတိတရားဖြင့် ကာကွယ်

ကိုဗစ်-၁၉ ရောဂါသည် ကမ္ဘာတစ်ဝန်း၌ ပြန်လည်အရှိန်မြင့် ကူးစက်ဖြစ်ပွားနေသည်။ ရောဂါဖြစ်ပွားလာခဲ့သည့် တစ်နှစ်ခွဲကျော်ကာလအတွင်း ကမ္ဘာတစ်ခွင်တွင် ရောဂါပိုးကူးစက်ခံရသူ သန်း ၂၀၀ နီးပါးဖြစ်လာပြီး ပြန်လည်ကျန်းမာလာသူ သန်း ၁၇၀ နီးပါးနှင့် သေဆုံးသူ ကမ္ဘာ့ပြည်သူ လေးသန်းကျော်ရှိသည်။ ကမ္ဘာပေါ်တွင် ဤကဲ့သို့သော ရောဂါကပ်ဘေးများ ရာစုနှစ်တစ်ခုအလိုက် ကျရောက်ခဲ့ဖူးပြီး ယခု ၂၁ ရာစုတွင် ကြီးမားသော ရောဂါကပ်ဘေးတစ်ခုဖြစ်လာသည်။

ကမ္ဘာပေါ်တွင် အမေရိကန်နိုင်ငံသည် ရောဂါဖြစ်ပွားမှု၊ ကင်းစင်မှု၊ သေဆုံးမှု အများဆုံးဖြစ်ပြီး အိန္ဒိယနိုင်ငံသည် ဒုတိယ၊ ဘရာဇီးနိုင်ငံသည် တတိယနှင့် ဥရောပနိုင်ငံများတွင် အများဆုံးဖြစ်ပွားသည်။ အရှေ့တောင်အာရှ နိုင်ငံများတွင် အင်ဒိုနီးရှားနိုင်ငံသည် အများဆုံးဖြစ်ပြီး မြန်မာနိုင်ငံက စတုတ္ထအများဆုံးဖြစ်သည်။ အိမ်နီးချင်းနိုင်ငံများတွင် ထိုင်းနိုင်ငံသည် ယမန်နှစ်က ရောဂါကူးစက်ဖြစ်ပွားမှု မများလှသော်လည်း ယခုအခါတွင် စိုးရိမ်ဖွယ်ရာ အခြေအနေရှိပြီး မြန်မာနိုင်ငံထက် ပိုမိုဖြစ်ပွားနေသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ယမန်နေ့က တစ်နေ့တည်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှု စံချိန်တင်မြင့်မားခဲ့ပြီး တစ်နေ့တည်း ရောဂါကူးစက်ဖြစ်ပွားသူ တစ်သောင်းကျော်နှင့် တစ်နေ့တည်း သေဆုံးသူ ၁၆၀ ကျော်ရှိသည်။

မြန်မာနိုင်ငံတွင် ယမန်နှစ် ကိုဗစ်-၁၉ ရောဂါ စတင်ဖြစ်ပွားစဉ်က နေ့စဉ်ဖြစ်ပွားသူ ဆယ်ဂဏန်းနှင့် သေဆုံးသူ ခုဂဏန်းရှိရာမှ ယမန်နှစ် ဩဂုတ်လ လယ်ခန့်မှစ၍ ဖြစ်ပွားသူပျမ်းမျှ ထောင်ဂဏန်းနှင့် သေဆုံးသူ ဆယ်ဂဏန်းရှိခဲ့သည်။ ထို့နောက် ရောဂါကူးစက်ဖြစ်ပွားမှု ပြန်လည်ကျဆင်းလာခဲ့ပြီး ယခုတစ်ဖန် မေလကုန်မှစတင်၍ ရောဂါကူးစက်ဖြစ်ပွားမှု တစ်စတစ်စမြင့်တက်လာခဲ့ရာ ပြီးခဲ့သည့်ရက်ပိုင်းအတွင်း ရောဂါဖြစ်ပွားသူ ထောင်ဂဏန်းဖြင့် တစ်ရက်နှင့်တစ်ရက် များပြားလာပြီး သေဆုံးသူ ဆယ်ဂဏန်းမှ ဇူလိုင် ၇ ရက်နေ့တွင် သေဆုံးသူ ၅၇ ဦးရှိလာသည်။ ကူးစက်ဖြစ်ပွားသေဆုံးနှုန်း ဂရပ်အခြေအနေအရ ယခုလနှင့်လာမည့်လများတွင် ရောဂါကူးစက်ဖြစ်ပွားသေဆုံးမှု ပိုမိုမြင့်မားလာနိုင်သည့် သဘောရှိနေသည်။

ထို့ကြောင့် ရောဂါကူးစက်ဖြစ်ပွားမှု အများဆုံးဖြစ်နေသော မြို့နယ်များအား နေအိမ်တွင်သာနေထိုင်ရေး (Stay at Home) အစီအစဉ်တွင် အကျုံးဝင်ကြောင်း သတ်မှတ်ကြေညာခဲ့ရာ ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ မြို့နယ်နှစ်မြို့နယ်ကိုလည်း နေအိမ်တွင်သာနေထိုင်ရေး (Stay at Home) အစီအစဉ်တွင် အကျုံးဝင်ကြောင်း သတ်မှတ်ကြေညာခဲ့သည်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ထိရောက်စွာဆောင်ရွက်နိုင်ရေးအတွက် အလေးထားဆောင်ရွက်လျက်ရှိရာ ထုတ်ပြန်ထားသောအမိန့်၊ ညွှန်ကြားချက်၊ စည်းကမ်းများကို ပြည်သူများအနေဖြင့် တိတိကျကျ လိုက်နာဆောင်ရွက်ကြရန် အရေးကြီးသည်။

ယခုအခါတွင် ရောဂါဖြစ်ပွားကူးစက်မှုအခြေအနေမှာ ယခင်က လူဦးရေအများဆုံးဖြစ်သော ရန်ကုန်မြို့တွင် အများဆုံးဖြစ်ပွားပြီး နယ်မြို့များတွင် အနည်းငယ်ဖြစ်ပွားခဲ့ရာမှ ယခုအခါတွင် နယ်မြို့များတွင် အများဆုံးဖြစ်ပွားပြီး ရန်ကုန်မြို့တွင် သင့်တင့်သလောက်ဖြစ်ပွားနေသည်။ နယ်မြို့များတွင် ကျန်းမာရေးစောင့်ရှောက်မှုပေးရန် လိုအပ်ချက်များရှိနေပြီး ရန်ကုန်မြို့တွင် ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် အသင့် ပြင်ဆင်ဆောင်ရွက်ထားသည်။

လူတိုင်းကိုယ်စီအနေဖြင့် ရှေးဦးအကာအကွယ်အဖြစ် မျက်နှာ၊ ပါးစပ်၊ နှာခေါင်းစည်း အကာအကွယ်များ တပ်ဆင်ထားရမည်ဖြစ်ပြီး အများသူငါတို့နှင့် ခပ်ဝေးဝေးနေရန်နှင့် မကြာခဏ လက်ကိုဆေးကြောပေးရန် လိုအပ်သည်။

ယခုရောဂါအခြေအနေမှာ ယခင်ထက် ကူးစက်မှု ၁၀ ဆမြန်သဖြင့် အထူးသတိပြုရမည်ဖြစ်သည်။ ဗိုင်းရပ်စ်ပိုး အဓိကတိုက်ခိုက်သောနေရာသည် အဆုတ်ဖြစ်၍ အသက်ရှူလမ်းကြောင်းသို့ မဝင်ရောက်ရေး အထူးသတိထားရမည်ဖြစ်သည်။ ပတ်ဝန်းကျင်၌ ဗိုင်းရပ်စ်ပိုးရှိနိုင်ရာတွင် အကာအကွယ်ဖြင့် တားဆီးနိုင်ပြီး အကယ်၍ အသက်ရှူလမ်းကြောင်းမှ ဝင်ရောက်သည်ဟု သံသယရှိပါက ကနဦးတွင် လည်ချောင်းအတွင်း ရက်အနည်းငယ်နေပြီးမှ အဆုတ်သို့ ပိုးရောက်သဖြင့် ကျန်းမာရေးပညာရှင်များ၏ လမ်းညွှန်ချက်ဖြင့် စောစောစီးစီး တိုက်ဖျက်ကြရန် လိုအပ်သည်။

သို့ဖြစ်ရာ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုမှာ အရှိန်အဟုန်ဖြင့် ပြန်လည်ဖြစ်ပွားလာနေသဖြင့် ပြည်သူများအနေဖြင့် မိမိကိုယ်ကိုမိမိ ကျန်းမာရေးအသိဖြင့် အထူးဂရုစိုက်ခြင်းဖြင့် ရောဂါကူးစက်ဖြစ်ပွားမှုကို တားဆီးကာကွယ်ထားနိုင်ရေး ဆောင်ရွက်ထားကြရမည်ဖြစ်ပါကြောင်း။ ။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပညာရေးဝန်ကြီးဌာန၊ သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဖြူဖြူဝင်းကို ယင်းဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။




### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် ( ၇-၇ -၂၀၂၁)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၉၀၀ | ၉,၀၀၀ | ၃၁၅ | ၁,၂၀၂,၀၀၀ |
| MTSH | ၃,၅၅၀ | ၃,၅၅၀ | ၁၉၂ | ၆၇၉,၁၀၀ |
| MCB | ၈,၁၀၀ | ၈,၁၀၀ | ၀ | ၀ |
| FPB | ၂၀,၅၀၀ | ၂၀,၅၀၀ | ၀ | ၀ |
| TMH | ၂,၆၅၀ | ၂,၇၅၀ | ၅၀ | ၁၃၄,၅၀၀ |
| EFR | ၃,၁၀၀ | ၃,၁၀၀ | ၄၁ | ၁၂၇,၁၀၀ |
| AMATA | ၄,၉၀၀ | ၅,၀၀၀ | ၆၅ | ၃၂၄,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

### ရွှေဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဇူလိုင် ၇

ရန်ကုန်(ရွှေဈေး) ၁၅၈၀၀၀၀

မန္တလေး(ရွှေဈေး) ၁၅၈၀၀၀၀

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က)အမေရိကန် | တစ်ဒေါ်လာ | = | ၁၆၄၀.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၉၃၈.၈ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၅၃.၇၂ |
| (ဃ)ထိုင်း | တစ်ဘတ် | = | ၅၀.၈၀၅ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၉၄.၀၄ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၁.၉၆၅ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၂၃၁.၂ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၂၁၆.၇ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၄၈၀.၅ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၄၄.၂၀ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဦး၊ ဒေါ်နေဇာဇာထွန်း
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခိုင်သန္တာရွှေ၊ ဒေါ်ခင်ယုဆွေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်း၊ ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဒေါ်အေးအေးသင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁



## ညီညွတ်ရေးဆိုတာ

ညီညွတ်ရေးဆိုတာ တူညီသောအကျိုး၊ တူညီသောအလုပ်၊ တူညီသော ရည်ရွယ်ချက်ရှိရမယ်။ တစ်တိုင်းပြည်လုံး လူတစ်မျိုးလုံးရဲ့ လွတ်လပ်ရေး၊ လူတစ်မျိုးလုံးရဲ့အကျိုး၊ အဲဒီလိုတူညီတဲ့ ရည်ရွယ်ချက်၊ တူညီတဲ့အကျိုး၊ တူညီတဲ့အလုပ်၊ တိုင်းသူပြည်သားတွေရအောင် တူညီတဲ့အလုပ်လုပ်တဲ့ ညီညွတ်ရေးမျိုးဖြစ်ရမယ်။ ပါးစပ်က ညီညွတ်ချင်ပါတယ် ပြောလို့မဖြစ်ဘူး။ အလုပ်မှာလည်း တူရမယ်။ အကျိုးမှာလည်း တူရမယ်။ ရည်ရွယ်ချက်မှာလည်း တူရမယ်။ အဲဒါမျိုးကိုမှ ညီညွတ်ရေးလို့ ခေါ်ထိုက်တယ်။

(ဗိုလ်ချုပ်အောင်ဆန်း၏ ၂၃-၁-၁၉၄၆ ရက်နေ့တွင် ကျင်းပသော ဖဆပလ ပြည်လုံးကျွတ်ညီလာခံသဘင်ကြီး၌ ပြောကြားခဲ့သည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

**နေပြည်တော် ဇူလိုင် ၇**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ရုံးအမှတ် (၄) အစည်းအဝေးခန်းမ၌ ကျင်းပသည်။



**နေ့စဉ်မြင့်တက်လျက်ရှိ**

အစည်းအဝေးတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက လတ်တလောတွင် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုသည် နေ့စဉ်အရေအတွက် မြင့်တက်လျက်ရှိရာ မျိုးရိုးဗီဇပြောင်းရောဂါပိုးများကြောင့် ရောဂါကူးစက်မှုနှုန်းနှင့် ရောဂါပိုးတွေ့ရှိသည့်ရာခိုင်နှုန်း မြင့်မားနေခြင်းကိုလည်း တွေ့ရှိနေရပါကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေများကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် မျက်ခြည်မပြတ်စောင့်ကြပ်ကြည့်ရှု၍ ပြည်နယ်/တိုင်းဒေသကြီး ဖြတ်ကျော်ကူးသန်းသွားလာမှုများတွင် ရောဂါစောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်း၊ သံသယလူနာများနှင့် အတည်ပြုလူနာနှင့် ထိတွေ့ခဲ့သူများအား ဓာတ်ခွဲနမူနာများရယူစစ်ဆေးခြင်း၊ အသွားအလာကန့်သတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ မိမိအိမ်တွင်သာနေထိုင်ခြင်း အစီအစဉ်တွင်ပါဝင်သည့် မြို့နယ်များအား အချိန်နှင့်တစ်ပြေးညီ တိုးချဲ့သတ်မှတ်ပေးလျက်ရှိခြင်း၊ (Stay at Home) အစီအစဉ်တွင် မပါဝင်သည့် မြို့နယ်များတွင်လည်း တိတိကျကျလိုက်နာရမည့် ရောဂါကာကွယ်ထိန်းချုပ်ရေးစည်းမျဉ်းစည်းကမ်းများကို ထုတ်ပြန်၍ နေပြည်တော်ကောင်စီနယ်မြေနှင့် သက်ဆိုင်ရာ ပြည်နယ်/ တိုင်းဒေသကြီးရှိ စီမံ/အုပ်ချုပ်ရေးအဖွဲ့အစည်းများဖြင့်ညှိနှိုင်းကာ ဆောင်ရွက်လျက်ရှိပါကြောင်း။

ကာကွယ်ဆေးထိုးလုပ်ငန်းများကိုလည်း ဆေးရရှိမှုအပေါ်မူတည်၍ ဦးတည်အုပ်စုများကို အချိန်နှင့်တစ်ပြေးညီ ထိုးနှံပေးလျက်ရှိရာ ကာကွယ်ဆေးအပြည့်အဝရရှိပြီးသူ (၁ ဒသမ ၇၅) သန်းခန့်ရှိပြီဖြစ်ပါကြောင်း၊ မကြာမီအချိန်ကာလအတွင်း ကာကွယ်ဆေးနှစ်သန်းခန့် ထပ်မံရောက်ရှိမည်ဖြစ်ပြီး ယခုနှစ်အတွင်း ကာကွယ်ဆေးများ နောက်ထပ်ထပ်မံရရှိမည်ဖြစ်ပါကြောင်း၊ ပုဂ္ဂလိကကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့အစည်းများကိုလည်း မိမိတို့အစီအစဉ်ဖြင့် ကာကွယ်ဆေးများ တင်သွင်းရောင်းချထိုးနှံခွင့်ကို အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်နိုင်ရေးအတွက် လမ်းဖွင့်ပေးထားပါကြောင်း။

**အခမဲ့ဖြန့်ဝေပေး**

ပြည်သူများအတွင်း ရောဂါကာကွယ်ရေးအပြုအမူများ ပိုမိုသတိပြုဆောင်ရွက်နိုင်ရေးအတွက် ဝန်ကြီးဌာနအနေဖြင့် ပါးစပ်နှင့် နှာခေါင်းစည်း (Surgical Mask) ဖြန့်ဝေခြင်းကို ဇွန်လအတွင်း အရေအတွက် ၁၂ သန်း ဖြန့်ဝေပေးခဲ့ပြီး ဆက်လက်၍ နောက်ထပ်အရေအတွက် ငါးသန်းကို ဖြန့်ဝေပေးရန် စီစဉ်လျက်ရှိပါကြောင်း၊ အဆိုပါ ပါးစပ်နှင့် နှာခေါင်းစည်း (Surgical Mask) များကို မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများရှိ လူစည်ကားရာ ဈေး၊ ကားဂိတ် စသည့် နေရာများတွင် အခမဲ့ဖြန့်ဝေပေးခြင်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရောဂါထိန်းချုပ်ရေးဆောင်ရွက်ရာတွင် စည်းမျဉ်းစည်းကမ်းများ တင်းတင်းကျပ်ကျပ်ချမှတ်ရသည်နှင့်အတူ တစ်ဖက်တွင်လည်း ပညာရေး၊ လူမှုရေး၊ စီးပွားရေး ထိခိုက်မှုများရှိလာနိုင်သည့်အတွက် စနစ်တကျချင့်ချိန်၍ ဆောင်ရွက်ပါကြောင်း၊ သို့သော် ရောဂါကူးစက်ဖြစ်ပွားမှုများပြားလာသည်နှင့်အမျှ ထုတ်ပြန်ထားသည့် စည်းမျဉ်းစည်းကမ်းများကို တိတိကျကျလိုက်နာစေရေးသည် အလွန်အဓိကကျသည့်အချက်ဖြစ်ပါကြောင်း။

**စိစစ်ခွင့်ပြုပေးလျက်ရှိ**

ရောဂါပိုးရှိသူနှင့် ထိတွေ့သူများကို ရှာဖွေဖော်ထုတ်၍ အသွားအလာကန့်သတ်ခြင်း လုပ်ငန်းကို ဆောင်ရွက်ရာတွင် ဓာတ်ခွဲစစ်ဆေး၍ ပိုးတွေ့ရှိခြင်းမရှိသူများကို ပြည်သူလူထုအခြေပြု Facility Quarantine Center များတွင် နေထိုင်နိုင်ရေး တတ်နိုင်သရွေ့ စီစဉ်ပေးလျက်ရှိပါကြောင်း၊ အဆိုပါနေရာများတွင် နေရာအခက်အခဲရှိပါက သတ်မှတ်ချက်နှင့် ပြည့်စုံသူများကို မိမိအိမ်တွင်သာ အသွားအလာကန့်သတ်၍ နေထိုင်စေခြင်း (Home quarantine) ကို စိစစ်ခွင့်ပြုပေးလျက်ရှိပါကြောင်း၊ ရောဂါပိုးတွေ့ရှိထားသည့် အတည်ပြုလူနာများကို လူနာ၏ ရောဂါအခြေအနေနှင့် ကျန်းမာရေးစောင့်ရှောက်မှုပေးရန် လိုအပ်ချက်များအပေါ် မူတည်၍ ကုသရေးစင်တာများတွင် ဦးစွာထားရှိ၍ လိုအပ်ပါက ဗဟိုအဆင့်ဆေးရုံကြီးများသို့ လွှဲပြောင်းပေးနိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ကုသရေးစင်တာများကိုလည်း တိုးချဲ့ဖွင့်လှစ်လျက်ရှိပါကြောင်း၊ ကိုဗစ်-၁၉ ရောဂါ အတည်ပြုလူနာနှင့် သံသယလူနာ (PUI) လက်ခံကုသခြင်းကို မြို့နယ်ပြည်သူ့ဆေးရုံအများစုတွင် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ကုသရေးလုပ်ငန်းများနှင့်ပတ်သက်၍ အဓိကအရေးပါသည့် အောက်ဆီဂျင်ပြတ်လပ်မှုမရှိစေရေးကိုလည်း အထူးဦးစားပေးလုပ်ငန်းတစ်ခုအဖြစ် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရရှိထားသည့် ဆေးဝါးနှင့် ဆေးပစ္စည်းများ၊ လူသားအရင်းအမြစ်များကိုလည်း စနစ်တကျစီမံခန့်ခွဲ၍ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့အပြင် လူသားအရင်းအမြစ်များ တိုးတက်ရရှိစေရေးကိုလည်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများနှင့် ပြည်သူ့ကျန်းမာရေးလုပ်ငန်းများကို စနစ်တကျထိထိရောက်ရောက် ဆောင်ရွက်နိုင်မှသာ ဆေးရုံများနှင့် ကုသရေးစင်တာများတွင် လူနာများ ပြည့်လျှံလာခြင်းကို ရှောင်လွှဲနိုင်မည်ဖြစ်ပြီး ရောဂါကြောင့်သေဆုံးမှုများကိုလည်း လျှော့ချနိုင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းက နေ့စဉ်များပြားလျက်ရှိသည့် လူနာဦးရေကို လက်ခံကုသပေးနိုင်ရန်အတွက် (Bed Management Committee) ဖွဲ့စည်းဆောင်ရွက်နေမှု၊ လူနာလက်ခံကုသနိုင်မည့် ခုတင်အရေအတွက် တိုးမြှင့်နိုင်မည့်အခြေအနေ၊ လူ့စွမ်းအားအရင်းအမြစ်အခြေအနေများကို တင်ပြသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာသည့် တပ်မတော်ဆေးဝန်ထမ်း ညွှန်ကြားရေးမှူး ဗိုလ်ချုပ်ကိုကိုလွင်က တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့အနေဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ် ထိန်းချုပ်ကုသရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် ရှေ့ဆက်လက်၍ ပူးပေါင်းဆောင်ရွက်သွားမည့် လုပ်ငန်းများကို ဆွေးနွေးသည်။

**တက်ရောက်**

အစည်းအဝေးသို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် (ဝန်ကြီးရုံး) ဦးစိန်ဝင်း၊ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြတ်ဝဏ္ဏစိုး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် တပ်မတော်ဆေးဝန်ထမ်း ညွှန်ကြားရေးမှူးရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

❂ **တပ်ကုန်းမြို့မှ**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူစိုးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးမှ ဝန်ထမ်းများ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများ ပူးပေါင်း၍ မြို့တွင်း ဝင်/ထွက်သွားလာနေသော ပြည်သူများအား နှာခေါင်းစည်းများ စနစ်တကျတပ်ဆင်ရေး အသိပညာပေးခြင်းနှင့် နှာခေါင်းစည်း အခု ၁၀၀၀ ကို အခမဲ့ဖြန့်ဝေပေးခြင်းလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူစိုးက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာဆောင်ရွက်ရေးကို ပြောကြားခဲ့ကြောင်း သိရသည်။

**တင်စိုးလွင်**

■

# နိုင်ငံသားတိုင်း နိုင်ငံကောင်းအောင် ဆောင်ရွက်လိုသည့်စိတ်ဓာတ်ရှိမှသာ နိုင်ငံကြီးပွားတိုးတက်မည်

**နိုင်ငံအတွင်းတရားဥပဒေစိုးမိုးရေးအတွက် ပညာတတ်များ ပေါကြွယ်ဝအောင် ဆောင်ရွက်ခြင်းနှင့် အသိပညာပေးခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ပြည်သူများ ပညာတတ်ဖြစ်စေရေးသည် အရေးကြီးသဖြင့် အထူးအလေးအနက်ထား ဆောင်ရွက်ရမည့် ကိစ္စရပ်တစ်ခုဖြစ်ကြောင်း၊ နိုင်ငံသားတိုင်း နိုင်ငံကောင်းအောင် ဆောင်ရွက်လိုသည့်စိတ်ဓာတ်ရှိမှသာ နိုင်ငံကြီးပွားတိုးတက်မည်ဖြစ်ပြီး နိုင်ငံကောင်းအောင် ဆောင်ရွက်လိုသည့် စိတ်ဓာတ်ရှိရန်အတွက် ပညာရေးတွင် အခြေခံကောင်းရန် လိုအပ်ကြောင်း။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၄-၅-၂၀၂၂ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး၌ ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)

## ဒုတိယဝန်ကြီး ဦးမျိုးလှိုင် တိုင်းဒေသကြီးနှင့် ပြည်နယ် အသက်(၂၁)နှစ်အောက် (အမျိုးသား) ဘောလုံးပြိုင်ပွဲများ ကြည့်ရှုအားပေး

**နေပြည်တော် ဇူလိုင် ၇**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသော ၂၀၂၂ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အသက်(၂၁)နှစ်အောက် (အမျိုးသား) ဘောလုံးပြိုင်ပွဲများကို နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိ အားကစားလေ့ကျင့်ရေးကွင်းများ၌ ယနေ့ ဆက်လက်ကျင်းပသည်။

**ကြည့်ရှုအားပေး**

ဘောလုံးပြိုင်ပွဲများသို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်း၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦး၊ ညွှန်ကြားရေးမှူးများနှင့် ဘောလုံးဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ယနေ့ ဆီမီးဖိုင်နယ် ပွဲစဉ်များအဖြစ် နံနက် ၇ နာရီခွဲတွင် ဝဏ္ဏသိဒ္ဓိဘောလုံးအားကစားကွင်း၌ ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် မကွေးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရန်ကုန်တိုင်းဒေသကြီးအသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် လည်းကောင်း၊ မွန်းလွဲ ၃ နာရီတွင် ကရင်ပြည်နယ်အသင်းနှင့် မန္တလေးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ကရင်ပြည်နယ်အသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် လည်းကောင်း အသီးသီး အနိုင်ရရှိခဲ့ကြသည်။

ဇူလိုင် ၈ ရက်တွင် ပြိုင်ပွဲများရပ်နားပြီး ဇူလိုင် ၉ ရက်တွင် တတိယလုပွဲအဖြစ် နံနက် ၇ နာရီခွဲတွင် ဝဏ္ဏသိဒ္ဓိဘောလုံးအားကစားကွင်း၌ မကွေးတိုင်းဒေသကြီးအသင်းနှင့် မန္တလေးတိုင်းဒေသကြီးအသင်း၊





မွန်းလွဲ ၃ နာရီတွင် ဗိုလ်လုပွဲ ပွဲစဉ်အဖြစ် ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် ကရင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားသွားကြမည်ဖြစ်ပြီး ပြိုင်ပွဲယှဉ်ပြိုင်ကစားနေမှုများကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား MRTV Channel ၊ MRTV Sports Channel နှင့် မြန်မာ့အသံရေဒီယိုအစီအစဉ်တို့မှ တိုက်ရိုက် (Live) ထုတ်လွှင့်ပြသသွားမည်ဖြစ်ရာ ဘောလုံးအားကစားနည်းကို စိတ်ပါဝင်စားသော မိဘပြည်သူများအနေဖြင့် ဝဏ္ဏသိဒ္ဓိဘောလုံးအားကစားကွင်းအတွင်းသို့ အခမဲ့ လာရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

**☆ စပိန်အသင်းမှ**

ဒုတိယပိုင်းပွဲကစားချိန် မိနစ် ၆၀ မှာ အင်မိုဘိုင်းလ်ရဲ့ ဖန်တီးပေးမှုကနေတစ်ဆင့် ချီဆာက ဂိုးသွင်းယူပေးနိုင်ခဲ့တာကြောင့် ဦးဆောင်ဂိုး စတင်ရရှိခဲ့ပါတယ်။

အဲဒီနောက် စပိန်အသင်းက ပွဲကစားချိန်မိနစ် ၈၀ မှာ မိုရက်တာရဲ့ သွင်းဂိုးနဲ့ ချေပဂိုးပြန်လည်ရရှိခဲ့ကာ သာမန်ပွဲကစားချိန်အတွင်းမှာ တစ်ဖက်တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့တာကြောင့် အချိန်ပိုကစားခဲ့ရပါတယ်။ ဒါပေမဲ့ ပြတ်သားတဲ့ရလဒ်မထွက်ပေါ်ခဲ့တာကြောင့် ပင်နယ်တီအဆုံးအဖြတ်ခံယူရာမှာတော့ အီတလီအသင်းက စပိန်အသင်းကို လေးဂိုး-နှစ်ဂိုးနဲ့ အနိုင်ရရှိခဲ့ကာ ယူရို ၂၀၂၀ ပြိုင်ပွဲရဲ့ နောက်ဆုံးဗိုလ်လုပွဲဆီကို အီတလီအသင်း တက်လှမ်းခွင့်ရရှိခဲ့တာဖြစ်ပါတယ်။

နည်းပြရောဘတ်တိုမန်စီနီရဲ့ အီတလီအသင်းဟာ အခုယူရိုပြိုင်ပွဲမှာ အကောင်းဆုံးအသင်းအဖြစ် မှတ်တမ်းဝင်ခဲ့သလို နောက်ဆုံးကစားခဲ့တဲ့ ၁၃ ပွဲစလုံးလည်း အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။ စပိန်အသင်းဟာ အီတလီအသင်းကို ရှုံးနိမ့်ပြီး ပြိုင်ပွဲကနေထွက်ခဲ့ရပေမယ့် ပြိုင်ပွဲတစ်လျှောက်မှာ သွင်းဂိုး ၁၃ ဂိုးနဲ့ ဂိုးသွင်းအများဆုံး အသင်းအဖြစ် မှတ်တမ်းဝင်ထားတာဖြစ်ပါတယ်။

အဲဒါဟာလည်း ပွဲစဉ်နှစ်ပွဲမှာသာ စုစုပေါင်းသွင်းဂိုး ၁၀ ဂိုးအထိရရှိခဲ့တာဖြစ်ပြီး တခြားသောပွဲစဉ်တွေမှာတော့ ဦးဆောင်ဂိုးရရှိဖို့တောင် အခက်တွေ့ခဲ့ရတာဖြစ်ပါတယ်။ စပိန်အသင်းဟာ ယူရိုပြိုင်ပွဲ ဆီမီးဖိုင်နယ် အဆင့်ရောက်တဲ့အချိန်အထိ ကစားခဲ့ရတဲ့ပွဲစဉ်တွေမှာ သာမန်ပွဲကစားချိန်အတွင်း အနိုင်မရရှိခဲ့ဘဲ ဆလိုဗက်ကီးယားအသင်းကို အနိုင်ရရှိခဲ့တဲ့ ပွဲစဉ်တစ်ပွဲသာ သာမန်ပွဲကစားချိန်အတွင်းမှာ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

စပိန်အသင်းဟာ ယူရို ၂၀၀၈၊ ၂၀၁၀ ကမ္ဘာ့ဖလားနဲ့ ယူရို ၂၀၁၂ ပြိုင်ပွဲတွေရဲ့ ဆီမီးဖိုင်နယ်အဆင့်မှာ နိုင်ပွဲကိုယ်စီရရှိခဲ့ကာ ဆုဖလားတွေရယူနိုင်ခဲ့ပေမယ့် ယခု ယူရို ၂၀၂၀ ပြိုင်ပွဲမှာတော့ အသင်းရဲ့အစဉ်အလာကောင်းမှုအဆုံးသတ်ခဲ့ရပြီ ဖြစ်ပါတယ်။

အီတလီအသင်းကတော့ စပိန်အသင်းကို အနိုင်ရရှိခဲ့တာကြောင့် ယူရိုပြိုင်ပွဲနောက်ဆုံးဗိုလ်လုပွဲကို လေးကြိမ်အထိ တက်လှမ်းနိုင်ခဲ့ပြီ ဖြစ်ပါတယ်။ အီတလီအသင်းနဲ့ စပိန်အသင်းတို့ဟာ ယူရို ၂၀၂၀ ပြိုင်ပွဲမှာ သွင်းဂိုးအများဆုံးအသင်းတွေအဖြစ် မှတ်တမ်းဝင်ထားပြီး အီတလီအသင်းက ၁၂ ဂိုး၊ စပိန်အသင်းက ၁၃ ဂိုး အသီးသီး သွင်းယူထားတာဖြစ်ပါတယ်။

စပိန်အသင်းကို အနိုင်ရရှိခဲ့တဲ့ အီတလီအသင်းဟာ ယူရို ၂၀၂၀ ပြိုင်ပွဲရဲ့ နောက်ဆုံးဗိုလ်လုပွဲမှာ အင်္ဂလန်အသင်းနဲ့ ဒိန်းမတ်အသင်းတို့ပွဲစဉ်မှ အနိုင်ရရှိတဲ့အသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာဖြစ်ပြီး နောက်ဆုံးဗိုလ်လုပွဲစဉ်ကို ဇူလိုင် ၁၁ ရက်မှာ ဝင်ဘလေကွင်း၌ ကျင်းပသွားမှာဖြစ်ပါတယ်။

**ငွေကြယ်**

## ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် မြန်မာအသင်းယှဉ်ပြိုင်မည့် အာရှခြေစစ်ပွဲနှင့် ပြိုင်ပွဲအချို့ ဖျက်သိမ်းခဲ့ရ

**ရန်ကုန် ဇူလိုင် ၇**

အာရှဘောလုံးအဖွဲ့ချုပ်သည် ကိုဗစ်-၁၉ ကပ်ရောဂါ ကူးစက်မှုနှုန်းပြန်လည်မြင့်တက်လာသဖြင့် ယခုနှစ်နှင့် လာမည့်နှစ်တွင် ကျင်းပရန် စီစဉ်ထားသည့် အာရှခြေစစ်ပွဲနှင့် ပြိုင်ပွဲအချို့ ဖျက်သိမ်းခဲ့ရသည်။

အာရှဘောလုံးအဖွဲ့ချုပ်သည် ယခုနှစ်အတွင်း ကျင်းပရန် စီစဉ်ထားသည့် ပြိုင်ပွဲများအနက် မြန်မာအသင်းယှဉ်ပြိုင်မည့် ၂၀၂၂ အာရှဖလား အမျိုးသမီးခြေစစ်ပွဲကို စက်တင်ဘာ ၁၃ ရက်မှ ၂၅ ရက်အတွင်း ကျင်းပမည်ဖြစ်သော်လည်း ၂၀၂၂ အာရှဖလား ယူ-၁၇ နှင့် ယူ-၂၀ အမျိုးသမီးခြေစစ်ပွဲများ ဖျက်သိမ်းခဲ့သည်။ ထို့ပြင် ကလပ်ပြိုင်ပွဲဖြစ်သည့် AFC Cup ပြိုင်ပွဲ အာဆီယံဇုန်အုပ်စုပွဲများကိုလည်း ဖျက်သိမ်းခဲ့ရပြီး အခြားဇုန်ပွဲစဉ်များသာ ဆက်လက်ကျင်းပမည်ဖြစ်သည်။ ယင်းပြိုင်ပွဲတွင် ယှဉ်ပြိုင်ခွင့်ရထားသည့် မြန်မာကလပ်များဖြစ်သော ရှမ်းယူနိုက်တက်နှင့် ဟံသာဝတီအသင်းမှာမူ နှစ်လယ်ပိုင်းမတိုင်မီကတည်းက နုတ်ထွက်ထားသည်။ ထို့ပြင် ယခုနှစ်အတွင်း ကျင်းပမည့် အာရှဖလား ယူ-၂၀ ဖူဆယ်ပြိုင်ပွဲနှင့် အာရှဖလား အမျိုးသမီးဖူဆယ်ပြိုင်ပွဲတို့ကိုလည်း ဖျက်သိမ်းခဲ့ရသည်။

ယခုနှစ် အောက်တိုဘာတွင် ကျင်းပရန် စီစဉ်ထားသည့် အာရှဖလား ယူ-၂၃ ခြေစစ်ပွဲကိုမူ သတ်မှတ်ရက်အတိုင်းပြုလုပ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။ လာမည့်နှစ်တွင် ကျင်းပမည့်ပြိုင်ပွဲများအနက် ၂၀၂၂ အာရှဖလား အမျိုးသမီးပြိုင်ပွဲ နောက်ဆုံးအဆင့်ကို သတ်မှတ်ထားသည့်ရက်အတိုင်း မဖြစ်မနေကျင်းပမည်ဖြစ်ပြီး အာရှဖလား ဖူဆယ်ပြိုင်ပွဲကျင်းပမည့်ရက်ကိုမူ အပြောင်းအလဲပြုလုပ်ကာ စက်တင်ဘာ နောက်ဆုံးပတ်သို့ ရွှေ့ဆိုင်းခဲ့သည်။ လာမည့်နှစ်တွင် ပြုလုပ်ရန် စီစဉ်ထားသည့် ပြိုင်ပွဲနှင့် ခြေစစ်ပွဲအချို့ကိုလည်း ကပ်ရောဂါအပေါ်မူတည်၍ ပြုလုပ်သွားမည်ဖြစ်သည်။

မြန်မာအသင်းများသည် အာရှဘောလုံးအဖွဲ့ချုပ်က ပြုလုပ်မည့် ပြိုင်ပွဲအားလုံးနီးပါးဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သော်လည်း ပြိုင်ပွဲနှင့် ခြေစစ်ပွဲများ ဖျက်သိမ်းမှုကြောင့် လေ့ကျင့်မည့် အစီအစဉ်များ ပြောင်းလဲရဖွယ်ရှိနေသည်။ မြန်မာဘောလုံးနှင့် ဖူဆယ်အသင်းအများစုမှာလည်း ကပ်ရောဂါကြောင့် စခန်းဝင်လေ့ကျင့်နိုင်ခြင်းမရှိသေးကြောင်း သိရသည်။

**ကိုညီလေး**

# သမိုင်းသင်ခန်းစာများမှ တစ်ဆင့် ...

**စာချစ်သူ**

ကာလကို ကာလက စားရင်း အချိန်တို့သည် တရွေ့ရွေ့ ကူးပြောင်းလာသည်မှာ ယခုဆို ဇူလိုင်လသို့ ရောက်ခဲ့ချေပြီ။ ဇူလိုင်လသည် မြန်မာပြည်၏ မိုးဥတုရာသီဖြစ်၍ ဝဋ္ဋာတစ်ခွင်သည် အုံ့ဆိုင်းမှုန်မှိုင်းဝေရီလေ့ရှိသည်။ ဤလ၊ ဤအခါတွင် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း အမှူးပြုသော အာဇာနည်ခေါင်းဆောင်ကြီးများ လုပ်ကြံခံခဲ့ရသည်။

ခေတ်တွေ ဘယ်သို့ပြောင်းသော်လည်း မျိုးဆက်အဆက်ဆက်သည် အာဇာနည်ခေါင်းဆောင်ကြီးများကို လွမ်းတသသဖြစ်ကြသည်။ အာဇာနည်ကြီးများ လုပ်ကြံသတ်ဖြတ်ခံခဲ့ရသည့် ၁၉ ဇူလိုင်ကို မမေ့နိုင်ကြချေ။

သို့တစေ ကျွန်တော်အပါအဝင် အများစုသည် အာဇာနည်ကြီးများကို လုပ်ကြံသတ်ဖြတ်ခဲ့သူ ဦးစောနှင့် အပေါင်းပါတို့ကိုသာ တရားခံဟု မြင်ကြသည်။ လက်သည်တရားခံအစစ် လူသတ်ဝါဒကို မေ့လျော့နေကြသည်။

Assassination ဟူသည့် အင်္ဂလိပ်စကားလုံးသည် မြန်မာဘာသာဖြင့် "လုပ်ကြံမှု" သို့မဟုတ် "လုပ်ကြံသတ်ဖြတ်ခြင်း"ဟု အဓိပ္ပာယ်ရသည်။ "လုပ်ကြံသတ်ဖြတ်သည်" သို့မဟုတ် "ချောင်းမြောင်းသတ်ဖြတ်သည်"ဟု အနက်အဓိပ္ပာယ်ရသော Assassinate မှ လာသည်။ "လုပ်ကြံသတ်ဖြတ်သူ"၊ "ချောင်းမြောင်းသတ်ဖြတ်သူ" ကိုမူ Assassin ဟုခေါ်သည်။

### ပထမဆုံးလုပ်ကြံသတ်ဖြတ်မှု

ကမ္ဘာ့သမိုင်းတွင် အထူးခြားဆုံးနှင့် အထင်ရှားဆုံးဖြစ်ခဲ့သည့် ပထမဆုံးလုပ်ကြံသတ်ဖြတ်မှုမှာ ဘီစီ ၄၄ ခုနှစ်တွင် ဖြစ်ပွားခဲ့သော "ဂျူးလီးယက်ဆီဇာ"အား လုပ်ကြံသတ်ဖြတ်မှုဖြစ်သည်။ ဂျူးလီးယက်ဆီဇာကို သူ့နိုင်ငံရေးပြိုင်ဘက် အတိုက်အခံများက ဆီးနိတ်လွှတ်တော်တွင်း၌ ဓားနှင့်ထိုး၍ သတ်ဖြတ်ခဲ့ခြင်းဖြစ်သည်။

ဂျူးလီးယက်ဆီဇာသည် ရောမ၏ တန်ခိုးအာဏာစက်ကို မြောက်ဘက်တစ်လွှားသို့ တိုးချဲ့ပျံ့နှံ့ရန် အားထုတ်လျက်ရှိသော ရောမဗိုလ်ချုပ်တစ်ဦးဖြစ်သည်။ သူသည် ရောမအင်ပါယာတစ်ခုကို တည်ထောင်နိုင်မည့်အလားအလာရှိသူဖြစ်သည်။ သူ၏အောင်မြင်မှုများသည် ဩဇာအရှိန်အဝါ ကြီးမားလှ၏။ ၁၀ နှစ်တာကာလမျှ ရောမ၏ အာဏာရှင်အဖြစ် ရပ်တည်ခဲ့၏။ ယင်းအချက်သည် ဆီဇာ့အပေါ် မလိုလားသူတို့အတွက် အကွက်ကောင်းတစ်ခုဖြစ်လာသည်။

ထိုနေ့သည် ကောင်းကင်ယံ၌ မိုးသားများ တက်နေသဖြင့် မှောင်မည်းနေသည်။ လျှပ်စီးများကလည်း တဝင်းဝင်း တလက်လက်၊ မိုးခြိမ်းသံများကလည်း အဆက်မပြတ်။ ဆီးနိတ်လွှတ်တော်၏ အပြင်ဘက်တွင် လေသည်လည်း ပြင်းထန်စွာ တိုက်ခတ်လျက်ရှိ၏။ ထိုနေ့ ထိုရက် ထိုအချိန်မှာပင် ဆီးနိတ်လွှတ်တော်အတွင်းရှိ ပွမ်ပေရုပ်တုခြေရင်း၌ ဘရူးတပ် ဦးဆောင်သောလူတစ်စုက ဆီဇာကို ဓားမြှောင်များဖြင့် ဝိုင်း၍ထိုးသတ်လုပ်ကြံခဲ့ကြသည်။

ဆီဇာအား လုပ်ကြံသတ်ဖြတ်သူများထဲတွင် အများစုမှာ ဆီဇာ၏ မိတ်ဆွေများ ဖြစ်သည်။ အထူးသဖြင့် သူလဲကျသွားချိန်တွင် သူ့နှုတ်မှ **"ဘရူးတပ်ရယ်၊ ဒီလူစုထဲမှာ မင်းလည်းပါသကိုး"**ဟူသော စကားတစ်ခွန်း ထွက်လာခဲ့သည်ဟု ဆိုသည်။ ထိုစကားသည် အံ့သြခြင်းနှင့် ဝမ်းနည်းကြေကွဲခြင်း အပြည့်ပါနေသည့်စကားဖြစ်သည်ဟုလည်း ဆိုသည်။ တကယ်တော့ လုပ်ကြံသူများအား ဦးဆောင်ခဲ့သူ ဘရူးတပ်သည် ဆီဇာ၏ အရင်းနှီးဆုံးသော မိတ်ဆွေတစ်ဦးလည်း ဖြစ်သည်။

ဆီဇာသည် ရောမ၏ မျက်လုံးများကို မြေထဲပင်လယ်ဒေသအပေါ် စူးစိုက်နေရာမှ ဥရောပမြောက်ပိုင်းဆီသို့ စိတ်ဝင်တစားလှမ်းမျှော်ကြည့်ရှုလာစေရန် အားထုတ်ခဲ့သူဖြစ်သည်။ သူသည် သူ့အရိုက်အရာကို ဆက်ခံသော သူ့တူ **"ဩဂတ်စတပ်"** အား ကြီးမားကျယ်ဝန်းသော ရောမအင်ပါယာကြီးတည်ထောင်နိုင်ရန် လမ်းခင်းပေးသူဖြစ်သည်။ ထို့ကြောင့် သူ့အားရောမသမိုင်းတွင် မမေ့အပ်သော ပုဂ္ဂိုလ်တစ်ဦးအဖြစ် အသိအမှတ်ပြုခဲ့ကြသည်။

**ရှေးအတီတေကတည်းက ရိုးသားသော၊ စိတ်ထားဖြူစင်သော၊ ဘာသာတရားအဆုံးအမဖြင့် အေးချမ်းပျော်ရွှင်စွာ နေထိုင်လာခဲ့သော မြန်မာ့လူ့အဖွဲ့အစည်းသည် ယခုများ လူသတ်ဝါဒကြောင့် တစ်ဦးနှင့်တစ်ဦး မယုံသင်္ကာစိတ်များဖြင့် ပြည့်နှက်နေသည်မှာ ဝမ်းနည်းဖွယ်ကောင်းလှ၏။**

### အင်ပါယာဘုရင် ၂၀ လုပ်ကြံသတ်ဖြတ် ခြင်းခံခဲ့ရ

ဂျူးလီးယက်ဆီဇာအား လုပ်ကြံသတ်ဖြတ်ခြင်းမှသည် နောင်တွင် အစဉ်အလာတစ်ခုလို ဖြစ်သွားခဲ့သည်။ ဤလုပ်ကြံမှုဖြစ်ပွားခဲ့ပြီးသည့် နောက်ပိုင်းတွင် ရောမသမိုင်းသည် နိုင်ငံရေးလုပ်ကြံသတ်ဖြတ်မှုများဖြင့် ပြည့်နှက်လာခဲ့သည်။ နှစ်ပေါင်း ၄၀၀ အတွင်း ရောမအင်ပါယာအတွင်း၌ အလွန်ထူးခြားထင်ရှားသည့် နိုင်ငံရေးသမား အများအပြားနှင့် နောက်ပိုင်းဆက်ခံသည့် အင်ပါယာဘုရင် ၂၀ လုပ်ကြံသတ်ဖြတ်ခြင်းခံခဲ့ရလေသည်။

နိုင်ငံရေးအရ လုပ်ကြံသတ်ဖြတ်မှုသည် မြေထဲပင်လယ်ဒေသမှ နိုင်ငံများသို့လည်း ကူးစက်ပျံ့နှံ့သွားသည်။ သမိုင်းမှတ်တမ်းများအရ ခေတ်ဦးပိုင်းက ပုပ်ရဟန်းမင်းကြီးများ၊ နော်ဝေနိုင်ငံမှ ဘုရင်မဟာဟားကွန်၊ ဒုတိယမြောက်ဘုရင် စတိန်း၊ ဒုတိယမြောက် ဟားကွန်၊ စကော့တလန်မှ ပထမမြောက် ဒွန်ကန်ဘုရင်၊ မတ်ဘတ်ဘုရင်၊ ဒိန်းမတ်နိုင်ငံမှ ဘုရင် စတုတ္ထမြောက် ကနူတီ၊ အင်္ဂလန်နိုင်ငံမှ ဘုရင် ဝီလျံရူးဖိစ်၊ ဒုတိယမြောက် အက်ဒ်ဝပ်ဒ်ဘုရင်၊ အသက်ဆယ့်လေးနှစ်မျှသာရှိသေးသော စတုတ္ထမြောက် အက်ဒ်ဝပ်ဒ်ဘုရင်တို့မှာလည်း လုပ်ကြံသတ်ဖြတ်ခြင်း ခံခဲ့ကြရသည်။

အေဗရာဟမ်လင်ကွန်း၊ ဂျိမ်းစ်ဂါဖီးလ်၊ ဝီလျံမက်ကင်းလေး၊ ဂျွန်အက်ဖ်ကနေဒီ၊ ရောဘတ်ကနေဒီ၊ မဟတ္တမဂန္ဒီ၊ အင်ဒီရာဂန္ဒီ၊ ရာဂျစ်ဂန္ဒီ၊ မာတင်လူသာကင်း၊ အန်ဝါဆဒတ်၊ ဂျွန်လင်နွန်၊ ယစ်ဇတ်ရာဘင်

ကျောမှာ လူလာရပ်ရင် နောက်ကျောမလုံဘူး" ဟု ရပ်ကွက်ထဲက ညီမငယ်တစ်ဦးကလည်း ရင်ဖွင့်သည်။

ပုထုဇဉ်လူသားမှန်သမျှ အကြောက်တရားနှင့် မကင်းနိုင်ကြ။ သတ္တဝါတိုင်း ကြောက်ကြသည်။ အထူးသဖြင့် ဘယ်ရပ်ကွက်၊ ဘယ်မြို့၊ ဘယ်နယ်မှာ သူလျှိုဒလန်တစ်ဦးကို သေနတ်နှင့် ချောင်းမြောင်းပစ်ခတ်လုပ်ကြံလိုက်ပြီဟူသည့်သတင်းများ မြင်ရကြားရလျှင် အပြစ်မဲ့ပြည်သူတို့သည် မိမိကိုလည်း ထိုကဲ့သို့ မဟုတ်တမ်းတရားစွပ်စွဲ၍ လုပ်ကြံသတ်ဖြတ်ခံရလေမလားဟု ကျီးလန့်စာစားဖြစ်ကြရသည်။

ဆိုင်ကယ်သံကြားလျှင်၊ ဘေးက ကားတစ်စီးဖြတ်သွားလျှင်၊ ကိုယ့်နောက်ကျောတွင် လူစိမ်းတစ်ယောက် နှစ်ယောက်ကပ်လာလျှင်၊ အို ... မြင်သမျှ ကြားသမျှ အရာရာသည် ကြောက်ရွံ့စရာတွေချည်း ဖြစ်လို့နေသည်။ လူသတ်ဝါဒကို အားပေးအားမြှောက်ပြု၍ **"ဒံပေါက်ကျွေးလိုက်ပါ"** ဟု လေလှိုင်းထဲမှ စေခိုင်းသူ အကြမ်းဖက်လော်ဘီများ၊ ကာယကံမြောက် လုပ်ကြံသတ်ဖြတ်ခြင်းဖြင့် လူသတ်ဝါဒကို ပြုလုပ်ဖန်တီးသူ အကြမ်းဖက်သမားများ၊ အပြစ်မဲ့ပြည်သူတစ်ယောက် လုပ်ကြံသတ်ဖြတ်ခံရပြီး သေကျေပျက်စီးသည်ကို လူမှုကွန်ရက်စာမျက်နှာထက်တွင် အားရဝမ်းသာဖြစ်နေကြသည့် ဝန်းရံထောက်ခံသူများမှအပ အကြမ်းဖက်လူသတ်ဝါဒကို ပြည်သူအများ စိတ်ပျက်မုန်းတီးရွံ့ရှာလာကြချေပြီ။

**အသိဉာဏ်တိုးတက်မြင့်မား၍ ယဉ်ကျေးသော လူ့အဖွဲ့အစည်းတိုင်းက ချောင်းမြောင်းလုပ်ကြံသတ်ဖြတ်သော လူသတ်ဝါဒကို ဆန့်ကျင်ရှုတ်ချကြရပေမည်။ အထူးသဖြင့် ထေရဝါဒဗုဒ္ဓသာသနာထွန်းကားရာ ပြည်မြန်မာတွင် လူသတ်ဝါဒမပြန့်ပွားစေရေးအတွက် အချိန်မီ ဝိုင်းဝန်းကာကွယ်တားဆီးကြရပေမည်။ မြန်မာနိုင်ငံတွင် လူသတ်ဝါဒအမြစ်မတွယ်စေဖို့ ကျွန်ုပ်တို့ ပြည်သူလူထုအားလုံးတွင် တာဝန်ရှိ။**

စသည့် နိုင်ငံ့ခေါင်းဆောင်များနှင့် ထင်ရှားကျော်ကြားသူများသည်လည်း လူသတ်ဝါဒကို ကိုင်စွဲထားကြသည့် အကြမ်းဖက်သမားများ၏ သားကောင်ဖြစ်ခဲ့ကြရရှာသည်။

သီအိုဒိုရုစဗဲ့၊ ဟာရီအက်စ်ထရူးမင်း၊ ဂါရဲရူးဒေါ့ဖ်ဖို့ဒ်၊ ရော်နယ်ရီဂင်စသည့် အမေရိကန်သမ္မတများ၊ ဗြိတိန်ဝန်ကြီးချုပ် မာဂရက်သက်ချာ၊ ပြင်သစ်သမ္မတ ချားလ်စ်ဒီဂေါ၊ ပုပ်ရဟန်းမင်းကြီး ဂျွန်ပေါလ်စသည်တို့မှာမူ အကြမ်းဖက်သမားများ၏ လုပ်ကြံသတ်ဖြတ်မှုကို ခံခဲ့ရသော်လည်း ကံသီ၍ အသက်ဘေးမှ လွတ်ကင်းခဲ့ကြလေသည်။

ကမ္ဘာ့သမိုင်းတွင် လုပ်ကြံသတ်ဖြတ်ခြင်းခံရသူများစာရင်းကို စေ့ငုကြည့်မည်ဆိုပါလျှင် အရေအတွက်အားဖြင့် အများအပြားရှိလိမ့်မည်ဖြစ်သည်။ နိုင်ငံရေးကို အကြောင်းပြု၍ သတ်ဖြတ်သောလုပ်နည်းလုပ်ဟန်သည် လွန်ခဲ့သောနှစ်ပေါင်း နှစ်ထောင်ခန့်ကတည်းက အခြေတည်လာခဲ့သည်။ လုပ်ကြံမှုကို ကျူးလွန်သော လူသတ်သမားများသည် နိုင်ငံအတွင်း၌ သမိုင်းကြောင်း အပြောင်းအလဲရှိလာလိမ့်မည်ဟု မျှော်လင့်သဖြင့် လုပ်ကြံသတ်ဖြတ်သူများရှိသကဲ့သို့ အချို့က ထင်ပေါ်ကျော်ကြားလို၍၊ အချို့က ပုဂ္ဂိုလ်ရေးမုန်းတီးမှု အာဃာတထား၍၊ အချို့က စိတ်ကျန်းမာရေးချို့ယွင်း၍၊ အချို့က အစွန်းရောက်၍ အကြောင်းအမျိုးမျိုးဖြင့် လုပ်ကြံသတ်ဖြတ်ခဲ့ခြင်း ဖြစ်လေသည်။

### လူသတ်ဝါဒကိုမျိုးစေ့ချ

**ပစ္စက္ခမြန်မာနိုင်ငံတွင်လည်း လူသတ်ဝါဒသည် မည်သည့်ခေတ်နှင့်မျှမတူအောင် မကြုံစဖူးခေါင်းထောင်ထလာသည်။ အကြမ်းဖက်ဝါဒီများသည် မသိနားမလည်သော၊ အစွန်းရောက်သော လူငယ်အချို့ကို မြှောက်ပင့်စေခိုင်း၍ အကြမ်းဖက်လမ်းစဉ် လူသတ်ဝါဒကိုမျိုးစေ့ချပေးလျက်ရှိသည်။**

အထူးသဖြင့် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊ ရပ်ကျိုး ရွာကျိုးသယ်ပိုးထမ်းဆောင်နေကြသူ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များကို သူလျှိုဒလန်များဟုစွပ်စွဲ၍ မကြာခဏ ချောင်းမြောင်းလုပ်ကြံသတ်ဖြတ်လျက်ရှိသည်။

လူသတ်ဝါဒသည် နယ်ပယ်ကျယ်လာသည်နှင့်အမျှ၊ လုပ်ကြံသတ်ဖြတ်မှုများသည် ခပ်စိပ်စိပ်ဖြစ်လာသည်နှင့်အမျှ အပြစ်မဲ့ပြည်သူများမှာ စားကောင်းခြင်းမစားရ၊ အိပ်ကောင်းခြင်းမအိပ်ရ တထိတ်ထိတ်တလန့်လန့် စိုးရိမ်သောကဖြစ်ကြရသည်။

တစ်နေ့က စက်ဘီးဘီးပေါက်သံကိုပင် အနီးနားရှိ လက်ဖက်ရည်ဆိုင်ထဲရှိ လူအချို့ ထိတ်လန့်တကြား အမယ်လေးတကြသည်။ လက်ဖက်ရည်ထိုင်သောက်နေသူ အဒေါ်ကြီးတစ်ဦးကမူ **"နင့်စက်ဘီးကလည်း ပေါက်စရာရှားလို့ ဒီနားလာပေါက်ရသလား၊ အလိုလိုနေရင်းလန့်ပါတယ်ဆိုမှ"**ဟု ဆိုလေသည်။

**"ရုံးသွားရတာ စိတ်ထဲမှာ မလုံခြုံဘူးဖြစ်နေတယ်၊ ကိုယ့်နောက်**

ရှေးအတီတေကတည်းက ရိုးသားသော၊ စိတ်ထားဖြူစင်သော၊ ဘာသာတရားအဆုံးအမဖြင့် အေးချမ်းပျော်ရွှင်စွာ နေထိုင်လာခဲ့သော မြန်မာ့လူ့အဖွဲ့အစည်းသည် ယခုများ လူသတ်ဝါဒကြောင့် တစ်ဦးနှင့် **တစ်ဦး မယုံသင်္ကာစိတ်များဖြင့် ပြည့်နှက်နေသည်မှာ ဝမ်းနည်းဖွယ်ကောင်းလှသည်။**

### သမိုင်းသင်ခန်းစာကို မမေ့သင့်

မကြာမီ ၁၉ ဇူလိုင် အာဇာနည်နေ့သို့ ရောက်တော့မည်။ အကြမ်းဖက် လူသတ်ဝါဒ၏ သားကောင်ဖြစ်ခဲ့ရရှာသူ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်များ အသက်သွေးတို့ဖြင့် ရင်း၍ပြသခဲ့သည့် သမိုင်းသင်ခန်းစာကို ကျွန်ုပ်တို့ မမေ့သင့်။

အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းသည် လူသတ်ဝါဒကို လုံးဝ လက်မခံခဲ့သူဖြစ်သည်။ အာဇာနည်ခေါင်းဆောင်များကို လုပ်ကြံသတ်ဖြတ်ခဲ့သူ ဂဠုန်ဦးစောသည်လည်း ကနဦးသေနတ်ဖြင့် ပစ်ခတ်လုပ်ကြံခံခဲ့ရဖူးသည်။

ဒဏ်ရာအနည်းငယ်သာရ၍ ဆေးဝါးကုသမှုခံယူစဉ် ဗိုလ်ချုပ်သည် ဆေးရုံသို့ လူနာမေးသွားရင်း "မြန်မာပြည်လို ခေါင်းဆောင်ရှားပါးတဲ့နိုင်ငံမှာ လူသတ်ဝါဒမထွန်းကားစေချင်ဘူး" ဟု ဆိုကာ လုပ်ကြံသတ်ဖြတ်မှုကို ပြစ်တင်ရှုတ်ချခဲ့လေသည်။ ဦးစောကမူ သူ့ကိုလုပ်ကြံရန် စေခိုင်းသူမှာ ဗိုလ်ချုပ်ပင်ဟု အထင်မှားကာ မဲ့ပြုံးပြုံးရင်း အာဃာတထားခဲ့လေသည်။

ထို့နောက် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် တကွ အာဇာနည်ခေါင်းဆောင်များကို သူ့ကိုလုပ်ကြံခဲ့စဉ်က ဂျစ်ကားအတိုင်း၊ စစ်ဝတ်စုံယူနီဖောင်းအတိုင်း တပည့်လက်ပါးစေများကို ဆင်မြန်း၍ လုပ်ကြံသတ်ဖြတ်ခိုင်းခဲ့လေသည်။

**တကယ်တော့ မိမိထက် အဘက်ဘက်က သာလွန်နေ၍ မစားရသည့်အမဲ သဲနှင့်ပက်သည့် လုပ်ကြံသတ်ဖြတ်သောနည်းသည် စက်ဆုပ်ရွံ့ရှာဖွယ်ကောင်းလောက်အောင် ဆိုးရွားသောနည်းဖြစ်သည်။ တစ်နည်းအားဖြင့် စိတ်နေစိတ်ဓာတ် ယုတ်ညံ့ခြင်းနှင့် အောက်တန်းကျခြင်းများကို ဖော်ပြသောနည်းဖြစ်သည်။**

သို့ဖြစ်၍ **အသိဉာဏ်တိုးတက်မြင့်မား၍ ယဉ်ကျေးသော လူ့အဖွဲ့အစည်းတိုင်းက** ချောင်းမြောင်းလုပ်ကြံသတ်ဖြတ်သော လူသတ်ဝါဒကို ဆန့်ကျင်ရှုတ်ချကြရပေမည်။ အထူးသဖြင့် ထေရဝါဒဗုဒ္ဓသာသနာထွန်းကားရာ ပြည်မြန်မာတွင် လူသတ်ဝါဒ မပြန့်ပွားစေရေးအတွက် အချိန်မီ ဝိုင်းဝန်းကာကွယ်တားဆီးကြရပေမည်။ မြန်မာနိုင်ငံတွင် လူသတ်ဝါဒအမြစ်မတွယ်စေဖို့ ကျွန်ုပ်တို့ ပြည်သူလူထုအားလုံးတွင် တာဝန်ရှိပါသည်။ ။

ကိုးကား – မောင်ထွန်းသူ၏ "နိုင်ငံတကာ လုပ်ကြံမှုကြီးများ"

# ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး မွမ်းမံသင်တန်း အမှတ်စဉ်(၇) ဖွင့်လှစ်



**နေပြည်တော်  ဇူလိုင်  ၇**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနရှိ မြို့ပြ၊ စက်မှုနှင့်ဘူမိဆိုင်ရာ လက်ထောက်ညွှန်ကြားရေးမှူးများ၏ စွမ်းဆောင်ရည်မြှင့်တင်ရေး မွမ်းမံသင်တန်းအမှတ်စဉ် (၇)ကို ပြီးခဲ့သည့် သီတင်းပတ်က ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ သက်ဆိုင်ရာဒေသအသီးသီးမှ အဆင်ပြေလွယ်ကူစွာ တက်ရောက်နိုင်ကြစေရန် Zoom Virtual Conference စနစ်ဖြင့် ဖွင့်လှစ်ပို့ချခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်မင်းထွဋ်က အမှာစကား ပြောကြားခဲ့သည်။

အဆိုပါသင်တန်းတွင် စီမံကိန်းရေးဆွဲရေးဘာသာရပ်၊ ဒီဇိုင်းဘာသာရပ်၊ ဇလဗေဒဘာသာရပ်၊ ဘူမိဗေဒဘာသာရပ်၊ တည်ဆောက်ရေးနည်းပညာဘာသာရပ်၊ စက်မှုနှင့်စက်ယန္တရားဘာသာရပ်၊ ဖြည့်တင်းရေးနှင့် တင်ဒါခေါ်ယူရေးဘာသာရပ်၊ ငွေစာရင်းဘာသာရပ်နှင့် နိုင်ငံ့ဝန်ထမ်း နည်းဥပဒေများဘာသာရပ်များကို သက်ဆိုင်ရာဌာနခွဲတာဝန်ခံ ညွှန်ကြားရေးမှူးများက ငါးရက်ကြာ ပို့ချဆွေးနွေးပေးခဲ့ကြသည်။

သင်တန်းသို့ လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ) ၂၅ ဦး၊ လက်ထောက်ညွှန်ကြားရေးမှူး (စက်မှု) သုံးဦးနှင့် လက်ထောက်ညွှန်ကြားရေးမှူး (ဘူမိ) နှစ်ဦး စုစုပေါင်း သင်တန်းသား ၃၀ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ညီညီသန်း(နေပြည်တော်)**

## မှတ်ပုံတင်မဲ့ ဆိုင်ကယ်များအား One Stop Services စီမံချက်ဖြင့် တရားဝင်မှတ်ပုံတင်ပေးခြင်းများ စတင်ဆောင်ရွက်

**နေပြည်တော်  ဇူလိုင်  ၇**

မြန်မာနိုင်ငံအတွင်း တရားမဝင် ရောက်ရှိသုံးစွဲနေသော ဆိုင်ကယ်များကို One Stop Services (OSS) စီမံချက်ဖြင့် တရားဝင်မှတ်ပုံတင်ပေးခြင်းလုပ်ငန်းအား သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အလိုက် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံးများတွင် ယနေ့ စတင်ဆောင်ရွက်ပေးကြောင်း သိရသည်။

**လက်ခံဆောင်ရွက်ပေးသွားမည်ဖြစ်**

ဥပဒေနှင့်အညီ တရားဝင်မှတ်ပုံတင်ပေးခြင်းဖြင့် တရားမဝင် ဆိုင်ကယ်များ လျော့နည်းပပျောက်စေရန်၊ ဆိုင်ကယ်အသုံးပြု၍ ပြစ်မှုကျူးလွန်မှုများအား ထိရောက်စွာ ဖော်ထုတ်အရေးယူနိုင်ရန်၊ ပြည်သူအများ သွားလာပို့ဆောင်မှုအဆင်ပြေစေရန်၊ သယ်ယူပို့ဆောင်ရေးကဏ္ဍ တိုးတက်ဖြစ်ထွန်းစေရန်ဟူသော ရည်ရွယ်ချက်များဖြင့် မှတ်ပုံတင် ဆိုင်ကယ်များအား OSS စီမံချက်ဖြင့် တရားဝင်မှတ်ပုံတင်ပေးခြင်းဖြစ်ပြီး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံးစိုက်ရာ တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်ရုံး ၄၉ ရုံး၌ ဌာနဆိုင်ရာ ပူးပေါင်းလုပ်ငန်းအဖွဲ့များဖြင့် လက်ခံဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

OSS စီမံချက်ဆိုင်ရာ အခွန်/အခ နှုန်းထားများအပါအဝင် အသေးစိတ်အချက်အလက်များအားသက်ဆိုင်ရာကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံးများတွင် ကြိုတင်အသိပေး ကြေညာထားမည်ဖြစ်ကြောင်း၊ စီမံချက်ကာလအား OSS ရုံးအလိုက် စတင်လက်ခံဆောင်ရွက်ပေးသည့်ရက်မှ ရုံးဖွင့်ရက်ပေါင်း ၃၀ သတ်မှတ်ထားကြောင်းနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ Standard Operating Procedure များနှင့်အညီ စနစ်တကျ စီမံဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ပြည်သူများအနေဖြင့် တရားမဝင် မှတ်ပုံတင်မဲ့ ဆိုင်ကယ်များ လက်ဝယ်ရှိပါက သတ်မှတ်ကာလအတွင်း တရားဝင်မှတ်ပုံတင်ခြင်းကို မပျက်မကွက် ဆောင်ရွက်ကြပါရန်၊ နောင်တွင် တရားမဝင် မှတ်ပုံတင်မဲ့ ဆိုင်ကယ်များကို ဝယ်ယူအသုံးပြုခြင်းမပြုကြပါရန်နှင့် တရားဝင် အခွန်ပေးဆောင်ပြီး တင်သွင်းရောင်းချသော ဆိုင်ကယ်များကိုသာ ဝယ်ယူ၍ တရားဝင်မှတ်ပုံတင်ပြီးမှ စီးနင်းအသုံးပြုကြပါရန် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက အသိပေးကြေညာထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်း ၈၀၀ အတွက် အလုပ်အကိုင်များဖန်တီးပေးနိုင်မည့် ကန်ဒေါ်လာ ငါးသန်းတန်ဖိုးရှိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအား ခွင့်ပြု

**ရန်ကုန်  ဇူလိုင်  ၇**

ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်မည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတစ်ခုအား ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီမှ ယနေ့တွင် ခွင့်ပြုပေးခဲ့ကြောင်း သိရသည်။

ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုများ အရှိန်အဟုန်မပျက် ဆက်လက်ခွင့်ပြုနိုင်ရန်အတွက် ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၆/၂၀၂၁)ကြိမ်မြောက် အစည်းအဝေးကို ရန်ကင်းမြို့နယ် စိမ်းလဲ့မေလမ်းရှိ အဆိုပါရုံး၌ ယနေ့မွန်းလွဲ ၁၂ နာရီခွဲက ကျင်းပရာ အစည်းအဝေး၌ ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးလှစိုးနှင့်တာဝန်ရှိသူများ၊ ကော်မတီအဖွဲ့ဝင်များနှင့် ရင်းနှီးမြှုပ်နှံသူလုပ်ငန်းရှင်များက ဗီဒီယိုကွန်ဖရင့်စနစ်ကို အသုံးပြု၍ တက်ရောက်ဆွေးနွေးခဲ့ကြသည်။

အဆိုပါအစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီအနေဖြင့် စက်မှုကဏ္ဍ၌ ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်း ၈၀၀ အတွက် အလုပ်အကိုင်များ ဖန်တီးပေးနိုင်မည့် အမေရိကန်ဒေါ်လာ ငါးသန်းတန်ဖိုးရှိ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတစ်ခုအား အတည်ပြုပေးခဲ့ပြီး အတည်ပြုပေးခဲ့သည့်လုပ်ငန်းမှာ CMP စနစ်ဖြင့် အဝတ်အထည်အမျိုးမျိုး ချုပ်လုပ်ခြင်းလုပ်ငန်းဖြစ်ကာ အတည်ပြုရင်းနှီးမြှုပ်နှံမှုလုပ်ငန်း၏ မတည်ငွေရင်းပမာဏမှာ အမေရိကန်ဒေါ်လာ ငါးသန်းဖြစ်ကြောင်း သိရသည်။

ထို့ပြင် အစည်းအဝေး၌ ရာခိုင်နှုန်းပြည့်နိုင်ငံခြားရင်းနှီးမှု CMP စနစ်ဖြင့် ဆောင်ရွက်သည့် ဖိနပ်အမျိုးမျိုးထုတ်လုပ်ခြင်း၊ ကားပုံစံငယ်နှင့် ကားပုံစံငယ် အစိတ်အပိုင်းထုတ်လုပ်ခြင်းလုပ်ငန်း၊ လေထိုးသွင်းနိုင်သော ပစ္စည်းအမျိုးမျိုး ထုတ်လုပ်ခြင်းလုပ်ငန်း၊ အရုပ်အမျိုးမျိုးထုတ်လုပ်ခြင်းလုပ်ငန်း၊ အိတ်အမျိုးမျိုးချုပ်လုပ်ခြင်းလုပ်ငန်း၊ အဝတ်အထည်ချုပ်လုပ်ခြင်းလုပ်ငန်းနှင့် အခြားအထွေထွေကိစ္စရပ်များ တင်ပြလာသည့် ကုမ္ပဏီ ၁၄ ခုတို့၏ တင်ပြချက်များကိုလည်း ဆွေးနွေးဆုံးဖြတ်ခဲ့ကြကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်လိုသူများအနေဖြင့် မတည်ငွေရင်းပမာဏ အမေရိကန်ဒေါ်လာ ငါးသန်း (သို့မဟုတ်) ကျပ်သန်း ၆၀၀၀ အထိ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၏ အတည်ပြုလျှောက်လွှာများအား ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး ဖုန်း ၀၁-၆၅၈၂၆၃ သို့ ဆက်သွယ်မေးမြန်းလျှောက်ထားနိုင်ကြောင်း သိရသည်။

**စိုးမြင့်အောင်**

## YBS ယာဉ်မောင်းများ ယာဉ်အန္တရာယ်ကင်းရှင်းရေးဆွေးနွေးပွဲ ကျင်းပ

**ရန်ကုန်  ဇူလိုင်  ၇**

ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေးကြီးကြပ်မှုကော်မတီ (YRTC) မှ ဘေးကင်းလုံခြုံပြီး ဝန်ဆောင်မှုကောင်းသည့် အများပြည်သူသယ်ယူပို့ဆောင်ရေး ပိုမိုထွန်းကားလာစေရန် YBS ယာဉ်မောင်းများ ယာဉ်အန္တရာယ်ကင်းရှင်းရေးဆွေးနွေးပွဲ အမှတ်စဉ် (၁/၂၀၂၁) အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီမှ မွန်းလွဲ ၃ နာရီ မိနစ် ၄၀ အထိ YRTC (ရုံးချုပ်) သင်တန်းခန်းမ၌ YBS ယာဉ်လိုင်းများမှ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးပြီးသူ ယာဉ်မောင်း ၅၀ ဖြင့် သင်တန်းဖွင့်လှစ်ခဲ့သည်။



အဆိုပါဆွေးနွေးပွဲတွင် ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေးကြီးကြပ်မှုကော်မတီ (YRTC) ဒုတိယဥက္ကဋ္ဌ ဦးချစ်ကိုကိုက ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းပြီး ယာဉ်မောင်းများ၏ စိတ်ဓာတ်ရေးရာမြင့်မားပြောင်းလဲလာရန် အစဉ်သတိပြုဆင်ခြင်မောင်းနှင်သည့် ဝန်ဆောင်မှုကောင်းကောင်းဖြင့် ခရီးသည်များ လိုရာခရီးကို အန္တရာယ်ကင်းစွာ မောင်းနှင်ပို့ဆောင်ပေးသည့် ယာဉ်မောင်းကောင်းများဖြစ်စေရန် ဆွေးနွေးပွဲများ စီစဉ်ကျင်းပရခြင်းဖြစ်ကြောင်း မှာကြားဆွေးနွေးခဲ့သည်။

ထို့နောက် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက မော်တော်ယာဉ်ဥပဒေ၊ နည်းဥပဒေ ဘတ်စ်ကားများ လိုက်နာရမည့်အချက်များ၊ ယာဉ်ထိန်းရဲတပ်ဖွဲ့က ယာဉ်တိုက်မှုဖြစ်စဉ် ဖြစ်ပွားရသည့် အကြောင်းရင်းများနှင့် ရာဇသတ်ကြီးပုဒ်မများ၊ မြန်မာနိုင်ငံ ယာဉ်/လမ်းအန္တရာယ်ကင်းရှင်းရေးအဖွဲ့က နိုင်ငံတကာတွင် ယာဉ်မောင်းများ မောင်းနှင်နေသည့်အခြေအနေနှင့် ယာဉ်မောင်းများ စိတ်ဓာတ်ရေးရာ ပြင်ဆင်ပြောင်းလဲမှုနှင့် ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေးကြီးကြပ်မှုကော်မတီ (YRTC)က ထုတ်ပြန်ထားသော စည်းကမ်းများ၊ အရေးယူဆောင်ရွက်မှုများအား ဆွေးနွေးပို့ချခဲ့ကြောင်း သိရသည်။

YBS ယာဉ်မောင်းများ ယာဉ်အန္တရာယ်ကင်းရှင်းရေးဆွေးနွေးပွဲ အမှတ်စဉ် (၂/၂၀၂၁) ကို ဇူလိုင် ၈ ရက်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးပြီးသူ ယာဉ်မောင်း ၅၀ ဖြင့် ဆက်လက်ဖွင့်လှစ်သွားမည်ဖြစ်သည်။

**သတင်းစဉ်**

## မနက်ဖြန်မွန်းတည့်ချိန် အထိခန့်မှန်းချက်

**နေပြည်တော် ဇူလိုင် ၇**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

**မိုး/ဇလ**

# ဥပဒေပြုရေးဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲများအပေါ် လေ့လာခြင်း(ဆွစ်ဇာလန်နိုင်ငံ)

ကော်ရယ်လ်ခိုင်

ဆွစ်ဇာလန်နိုင်ငံကို Swiss Confederation (ဆွစ်ပြည်ထောင်စု) ဟု ခေါ်ဝေါ်လေ့ရှိပြီး ဖက်ဒရယ်ပြည်နယ် (Canton) ၂၆ ခု ပါဝင်သော ဖက်ဒရယ်နိုင်ငံဖြစ်ပါသည်။ ကုန်းတွင်းပိတ်နိုင်ငံတစ်ခုဖြစ်၍ အရှေ့ဘက်တွင် ဩစတြီးယားနိုင်ငံ၊ အနောက်ဘက်တွင် ပြင်သစ်နိုင်ငံ၊ တောင်ဘက်တွင် အီတလီနိုင်ငံ၊ မြောက်ဘက်တွင် ဂျာမနီနိုင်ငံတို့နှင့် နယ်နိမိတ်ချင်းထိစပ်လျက်ရှိပြီး နိုင်ငံ၏အကျယ်အဝန်းမှာ ၄၁၂၈၅ စတုရန်းကီလိုမီတာ ဖြစ်ပါသည်။ ဆွစ်ဇာလန်နိုင်ငံ၏ သုံးပုံနှစ်ပုံမှာ အဲလ်ပက်စ်တောင်တန်းဒေသဖြစ်သော်လည်း ၂၀၁၉ ခုနှစ် စာရင်းအရ လူဦးရေ ၈ ဒသမ ၅ သန်းအနက် ဆွစ်လူမျိုးအများစုသည် မြေနိမ့်လွင်ပြင်ဒေသ (Swiss Plateau) တွင် ပိုမိုနေထိုင်ကြပါသည်။ ဘာသာစကားနှင့်ယဉ်ကျေးမှု မတူကွဲပြားခြားနားသည့်အတွက် ဂျာမန်၊ ပြင်သစ်၊ အီတလီနှင့် ရောမဘာသာစကားများကို အသုံးပြုကြပြီး ဥပဒေ၊ အစီရင်ခံစာ၊ ဝက်ဘ်ဆိုက်၊ လက်ကမ်းစာစောင်၊ လမ်းညွှန်သင်္ကေတအစရှိသည်တို့ကို ဂျာမန်၊ ပြင်သစ်၊ အီတလီ ဘာသာသုံးမျိုးဖြင့် ဖော်ပြကြပါသည်။

ဆွစ်ဇာလန်နိုင်ငံသည် ကမ္ဘာပေါ်တွင် သက်တမ်းအရင့်ဆုံး လူသားချင်းစာနာမှုဆိုင်ရာ အဖွဲ့အစည်းတစ်ခုဖြစ်သော ကမ္ဘာ့ကြက်ခြေနီအသင်း (Red Cross) စတင်တည်ထောင်ရာနေရာတစ်ခုဖြစ်ပြီး ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (FIFA)၊ နိုင်ငံတကာအဖွဲ့အစည်းအများစု၏ အခြေစိုက်ရာနေရာလည်း ဖြစ်ပါသည်။ ဖက်ဒရယ်အစိုးရဌာနရုံးစိုက်သော ဘန်းမြို့ (Bern) ကို ဖက်ဒရယ်မြို့တော်အဖြစ် သတ်မှတ်ထားပြီး ဂျီနီဗာ(Geneva)၊ ဇူးရစ်(Zurich)၊ ဘာဇဲလ် (Basel) တို့သည်လည်း ကမ္ဘာ့မြို့ကြီးများစာရင်းဝင်နှင့် စီးပွားရေးအချက်အချာကျသည့်မြို့ကြီးများ ဖြစ်ကြပါသည်။ ကမ္ဘာ့အချမ်းသာဆုံးနိုင်ငံများစာရင်းတွင်ပါဝင်ပြီး နိုင်ငံသားတစ်ဦးချင်း၏ နှစ်စဉ်ပျမ်းမျှဝင်ငွေ ၈၆၈၄၉ ဒေါ်လာ ရှိပါသည်။

ဆွစ်ဇာလန်နိုင်ငံတွင် အသက် ၁၅ နှစ်အရွယ်အထိ "မသင်မနေရအခမဲ့ပညာရေးစနစ်"ကို စီစဉ်ထားရှိပြီး ပညာသင်ကာလမှာ ၁၁ နှစ် ဖြစ်ပါသည်။ ပညာရေးစနစ်သည် အဆင့်အတန်းမြင့်မားကောင်းမွန်သော်လည်း အရေး၊ အဖတ်နှင့် သာမန် ဂဏန်းအတွက်အချက်၌ အခက်အခဲကြုံတွေ့နေရသည့်သူဦးရေ စုစုပေါင်း ၈၀၀၀၀၀ ခန့်ရှိပါသည်။

ဆွစ်ဇာလန်နိုင်ငံသည် ၁၈၁၅ ခုနှစ်ကတည်းက စစ်မက်ဖြစ်ပွားခြင်းမရှိသကဲ့သို့ အခြားနိုင်ငံများ၏ နိုင်ငံရေးပဋိပက္ခ၊ စစ်ပွဲများတွင် ပါဝင်ခြင်းမရှိဘဲ Armed Neutrality Policy ကို ခိုင်ခိုင်မာမာကျင့်သုံးသည့်နိုင်ငံဖြစ်ပါသည်။ သို့သော် ကမ္ဘာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်လျက်ရှိပါသည်။

ဆွစ်ပြည်သူများအနေဖြင့် ဆွစ်ဖက်ဒရယ်လွှတ်တော်၏ ဆုံးဖြတ်ချက်များ အတည်ပြုပြဋ္ဌာန်းသည့် ဥပဒေများအပေါ်တွင်လည်းကောင်း၊ ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်နိုင်ရေးအဆိုပြုရာတွင်လည်းကောင်း မိမိတို့၏သဘောထားအမြင်များကို တိုက်ရိုက်ဖော်ထုတ်နိုင်သည့် ဒီမိုကရေစီစနစ် (Direct Democracy) သည် ဆွစ်ဇာလန်နိုင်ငံရေးစနစ်၏ ထူးခြားသော သွင်ပြင်လက္ခဏာတစ်ရပ်ပင် ဖြစ်သည်။ ဆွစ်ပြည်သူများသည် နိုင်ငံရေးနှင့်ဆက်နွယ်သည့်လုပ်ငန်းစဉ်၊ ဆုံးဖြတ်ချက်များအပေါ် ကျယ်ကျယ်ပြန့်ပြန့် ပါဝင်ဆောင်ရွက်ကြရပါသည်။ အသက် (၁၈) နှစ် ပြည့်ပြီးသော ဆွစ်ဇာလန်နိုင်ငံသားအားလုံးသည် ရွေးကောက်ပွဲများနှင့် ဆန္ဒခံယူပွဲများတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသကဲ့သို့ Direct Democracy ၏ အင်္ဂါရပ်များဖြစ်သော Popular Initiative၊ Optional Referendum နှင့် Mandatory Referendum များမှတစ်ဆင့်လည်း မိမိတို့၏ လိုလားချက်များကို ထုတ်ဖော်တောင်းဆိုနိုင်ပါသည်။

**အာဏာခွဲဝေမှု**

အာဏာခွဲဝေခြင်းသည် တစ်ဦးတစ်ယောက်ကဖြစ်စေ၊ အဖွဲ့အစည်းတစ်ခုမှဖြစ်စေ နိုင်ငံရေးအာဏာကို ချုပ်ကိုင်ခြင်းမှ ကာကွယ်နိုင်သကဲ့သို့ အာဏာအလွဲသုံးစားပြုခြင်းကိုလည်း တားဆီးရာရောက်ပါသည်။ ဆွစ်ဇာလန်နိုင်ငံတွင် ၁၈၄၈ ခုနှစ်ကတည်းက အာဏာခွဲဝေမှုကို စတင်ကျင့်သုံးခဲ့သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အတိအလင်းပြဋ္ဌာန်းထားသည့်၊ ကန့်သတ်ထားသည့်ကိစ္စရပ်များမှအပ ဖက်ဒရယ်ပြည်နယ်များအနေဖြင့် ပညာရေး၊ ကျန်းမာရေးအစရှိသည့်နယ်ပယ်ကဏ္ဍများတွင် လုပ်ပိုင်ခွင့်အပြည့်အဝရရှိပါသည်။ အုပ်ချုပ်ရေးအာဏာ(Executive Power) နှင့် ဥပဒေပြုရေးအာဏာ (Legislative Power) ကို ပြည်ထောင်စုအဆင့် (Confederation)၊ ပြည်နယ်အဆင့် (Canton) နှင့် ရပ်ကွက်အဆင့် (Commune) အထိ ခွဲဝေထားပါသည်။ တရားစီရင်ရေးအာဏာ (Judiciary Power)ကိုမူ ပြည်ထောင်စုအဆင့်နှင့် ပြည်နယ်အဆင့်တွင်သာ ဖြန့်ကြက်ထားရှိပါသည်။

**ဆွစ်ဖက်ဒရယ်လွှတ်တော် (Swiss Parliament/ United Federal Assembly)**

ဆွစ်ဖက်ဒရယ်လွှတ်တော် (United Federal Assembly) တွင် အောက်လွှတ်တော် (National Council) နှင့် အထက်လွှတ်တော် (Council of States) ဟူ၍ လွှတ်တော်နှစ်ရပ်ပါဝင်ပြီး ဆွစ်ပြည်သူများက လွှတ်တော်ကိုယ်စားလှယ်များကို တိုက်ရိုက်ရွေးချယ်တင်မြှောက်ပါသည်။ ၈ ဒသမ ၅ သန်းကျော်ရှိသည့်အနက် ဖက်ဒရယ်ရွေးကောက်ပွဲများတွင် မဲပေးပိုင်ခွင့်ရှိသူဦးရေ ၅ ဒသမ ၃ သန်းခန့်ရှိပါသည်။

**အောက်လွှတ်တော် (National Council)**

ယခင်က အောက်လွှတ်တော်တွင် မဲဆန္ဒနယ်တစ်နယ်လျှင် ကိုယ်စားလှယ်တစ်ဦးနှုန်းဖြင့် မဲအများဆုံးရသူ အနိုင်ယူစနစ် (Winner-take-all System) ကို အသုံးပြုခဲ့သော်လည်း ပထမကမ္ဘာစစ်ကြီးပြီးသည့်နောက်ပိုင်းတွင် အချိုးကျကိုယ်စားပြုစနစ် (Party List Proportional Representation System- Open List) ကို ပြောင်းလဲကျင့်သုံးခဲ့ပါသည်။

လက်ရှိတွင် အောက်လွှတ်တော်၌ လွှတ်တော်ကိုယ်စားလှယ် ၂၀၀ ပါဝင်ပြီး သက်တမ်းမှာ လေးနှစ်ဖြစ်ပါသည်။ ဖက်ဒရယ်ပြည်နယ် (Canton) အလိုက် နေထိုင်သည့်လူဦးရေပေါ်မူတည်၍ လွှတ်တော်ကိုယ်စားလှယ်အရေအတွက်ကို အချိုးကျသတ်မှတ်ခြင်းဖြစ်ပါသည်။ အကြမ်းဖျင်းအားဖြင့် ဖက်ဒရယ်ပြည်နယ်တစ်ခုတွင် အမြဲတမ်းနေထိုင်သူ ၄၀၀၀၀ အတွက် လွှတ်တော်ကိုယ်စားလှယ်တစ်ဦး သတ်မှတ်ထားပါသည်။ သို့သော် အမြဲတမ်းနေထိုင်သူ ၄၀၀၀၀ ထက်နည်းပါးသော Appenzell-Ausserrhoden၊ Appenzell-Innerrhoden၊ Obwalden၊ Nidwalden၊ Uri နှင့် Glarus ပြည်နယ်ခြောက်ခုအတွက်မူ လွှတ်တော်ကိုယ်စားလှယ် တစ်ဦးစီရရှိပါသည်။ ဇူးရစ် (Zurich)ကဲ့သို့ လူဦးရေ သိပ်သည်းဆများပြားသည့် ဖက်ဒရယ်ပြည်နယ်၌ လွှတ်တော်ကိုယ်စားလှယ် ၃၅ နေရာအထိ ရရှိပါသည်။

အောက်လွှတ်တော်တွင် ဆွစ်ဇာလန်တစ်နိုင်ငံလုံးကို မဲဆန္ဒနယ်တစ်ခုအဖြစ် သတ်မှတ်ခြင်းမဟုတ်ဘဲ ဖက်ဒရယ်ပြည်နယ် ၂၆ ခုအတွက် မဲဆန္ဒနယ် ၂၆ နယ်ရှိသည့်အတွက် နိုင်ငံရေးပါတီငယ်များအတွက် အဟန့်အတားဖြစ်စေပါသည်။ အကယ်၍ ဆွစ်ဇာလန်တစ်နိုင်ငံလုံးကို မဲဆန္ဒနယ်တစ်ခုအဖြစ်သာ သတ်မှတ်ပါက အောက်လွှတ်တော်တွင် နေရာတစ်နေရာ အနိုင်ရရှိရန်အတွက် ထောက်ခံမဲ ၁ ဒသမ ၅ ရာခိုင်နှုန်းသာ လိုအပ်မည်ဖြစ်ပါသည်။ သို့သော် ဖက်ဒရယ်ပြည်နယ် ၂၆ ခုအတွက် မဲဆန္ဒနယ် ၂၆ နယ်ဖြစ်သည့်အတွက် အောက်လွှတ်တော်နေရာ တစ်နေရာအတွက် ထောက်ခံမဲ ၁ ဒသမ ၅ ရာခိုင်နှုန်းထက် ပိုမိုရရှိရန် လိုအပ်မည်ဖြစ်ပါသည်။ ဥပမာ- ကိုယ်စားလှယ်နေရာ ၃၅ နေရာရရှိထားသော ဇူးရစ်ပြည်နယ်တွင် နိုင်ငံရေးပါတီတစ်ခုအနေဖြင့် ကိုယ်စားလှယ်နေရာတစ်နေရာအတွက် ထောက်ခံမဲ သုံးရာခိုင်နှုန်းခန့်ရရှိရမည် ဖြစ်ပါသည်။ သို့သော် ကိုယ်စားလှယ်နေရာတစ်နေရာသာရရှိသော Appenzell-Ausserrhoden၊ Appenzell-Innerrhoden၊ Obwalden၊ Nidwalden၊ Uri နှင့် Glarus ပြည်နယ်များတွင်မူ ဆန္ဒမဲအများဆုံးရရှိသည့် နိုင်ငံရေးပါတီကသာ အနိုင်ရရှိမည်ဖြစ်ပါသည်။ ထို့ကြောင့် အချိုးကျကိုယ်စားပြုသည့်စနစ်ကို ကျင့်သုံးသည့်နိုင်ငံဖြစ်သော်လည်း ကိုယ်စားလှယ်နေရာတစ်နေရာသာရရှိသော ဖက်ဒရယ်ပြည်နယ်များတွင်မူ မဲအများဆုံးရသူအနိုင်ယူစနစ် (Winner-take-all System/ First-past-the-post System) အဖြစ် ပြောင်းလဲသွားပါသည်။

ဂျာမနီ အစရှိသော အချိုးကျကိုယ်စားပြုသည့်စနစ် (PR) ကို ကျင့်သုံးသည့်နိုင်ငံများနှင့် နှိုင်းယှဉ်ပါက ဆွစ်ဇာလန်နိုင်ငံတွင် ရွေးကောက်ပွဲ၌ နိုင်ငံရေးပါတီများအနေဖြင့် ရရှိရမည့် အနိမ့်ဆုံးထောက်ခံမဲရာခိုင်နှုန်း (Threshold) သတ်မှတ်ထားခြင်းမရှိပါ။

နိုင်ငံရေးပါတီများသည် ကိုယ်စားလှယ်လောင်းအမည်စာရင်းကို တင်သွင်းရာတွင် သက်ဆိုင်ရာဖက်ဒရယ်ပြည်နယ်အလိုက် သတ်မှတ်ထားသောနေရာများထက် ကျော်လွန်၍ အမည်စာရင်းတင်သွင်းခြင်း မပြုရပါ။ မဲဆန္ဒရှင်များသည် မိမိတို့နှစ်သက်ရာနိုင်ငံရေးပါတီက အဆိုပြုထားသော ကိုယ်စားလှယ်လောင်းများကို မဲလက်မှတ်ပေါ်တွင် အမှတ်စဉ်တပ်၍ ရွေးချယ်နိုင်သည်။ ထို့ပြင် နိုင်ငံရေးပါတီအသီးသီးက အဆိုပြုထားသည့် ကိုယ်စားလှယ်လောင်းများအနက် မိမိနှစ်သက်ရာ ကိုယ်စားလှယ်လောင်းများကို မဲလက်မှတ် (အလွတ်)ကိုအသုံးပြု၍ အမှတ်စဉ်တပ်ကာ ရေးသားဆန္ဒပြုနိုင်ပါသည်။

**အထက်လွှတ်တော် (Council of States)**

အထက်လွှတ်တော် (Council of States) တွင် လွှတ်တော်ကိုယ်စားလှယ် ၄၆ ဦးပါဝင်ပြီး သက်တမ်းမှာ လေးနှစ် ဖြစ်ပါသည်။ လူဦးရေကို ပမာနမထားဘဲ ဖက်ဒရယ်ပြည်နယ်များ ကိုယ်စားပြုပါသည်။ Appenzell-Ausserrhonden၊ Appenzell-Innerrhonden၊ Obwalden၊ Nidwalden၊ Basel-Stadt နှင့် Basel-Land အစရှိသော ဖက်ဒရယ်ပြည်နယ်ခွဲခြောက်ခုတွင် ကိုယ်စားလှယ်တစ်ဦးစီနှင့် ကျန်ဖက်ဒရယ်ပြည်နယ် ၂၀ တွင် လွှတ်တော်ကိုယ်စားလှယ်နှစ်ဦးကျစီ ရရှိပါသည်။ ကိုယ်စားလှယ်များကို မဲအများဆုံးရရှိသူအနိုင်ရစနစ် (Winner-take-all System)ဖြင့် ရွေးချယ်တင်မြှောက်ပါသည်။ အထက်လွှတ်တော်ကိုယ်စားလှယ်များသည် မိမိတို့၏ သက်ဆိုင်ရာဖက်ဒရယ်ပြည်နယ်များကို ကိုယ်စားပြုသော်လည်း ယင်းပြည်နယ်အစိုးရနှင့် ပြည်နယ်လွှတ်တော်၏ ညွှန်ကြားချက်များက လွှမ်းမိုးသက်ရောက်နိုင်စွမ်းမရှိပါ။

စာမျက်နှာ ၉ သို့ ■

- ❖ **ဆွစ်ဖက်ဒရယ်လွှတ်တော်တွင် အောက်လွှတ်တော်နှင့် အထက်လွှတ်တော်ဟူ၍ လွှတ်တော်နှစ်ရပ်ပါဝင်ပြီး ဆွစ်ပြည်သူများက လွှတ်တော်ကိုယ်စားလှယ်များကို တိုက်ရိုက်ရွေးချယ်တင်မြှောက်။**
- ❖ **အောက်လွှတ်တော်၌ လွှတ်တော်ကိုယ်စားလှယ် ၂၀၀ ပါဝင်ပြီး သက်တမ်းမှာ လေးနှစ်ဖြစ်ပါသည်။ ဖက်ဒရယ်ပြည်နယ် (Canton) အလိုက် နေထိုင်သည့်လူဦးရေပေါ်မူတည်၍ လွှတ်တော်ကိုယ်စားလှယ်အရေအတွက်ကို အချိုးကျသတ်မှတ်ခြင်းဖြစ်။**
- ❖ **အထက်လွှတ်တော်တွင် လွှတ်တော်ကိုယ်စားလှယ် ၄၆ ဦးပါဝင်ပြီး သက်တမ်းမှာ လေးနှစ်ဖြစ်ပါသည်။ လူဦးရေကို ပမာနမထားဘဲ ဖက်ဒရယ်ပြည်နယ်များ ကိုယ်စားပြု။**

■ စာမျက်နှာ ၈ မှ

**ဆွစ်ဖက်ဒရယ်လွှတ်တော်တွင် ပြည်နယ်အလိုက် ရရှိသည့် ကိုယ်စားလှယ်နေရာများ**

| CANTON | National Council | Council of States |
|---|---|---|
| Aargau | 16 | 2 |
| Appenzell Outer Rhodes | 1 | 1 |
| Appenzell Inner Rhodes | 1 | 1 |
| Basel-Landschaft | 7 | 1 |
| Basel-Stadt | 5 | 1 |
| Bern | 24 | 2 |
| Fribourg | 7 | 2 |
| Geneva | 12 | 2 |
| Glarus | 1 | 2 |
| Graubünden | 5 | 2 |
| Jura | 2 | 2 |
| Lucerne | 9 | 2 |
| Neuchâtel | 4 | 2 |
| Nidwalden | 1 | 1 |
| Obwalden | 1 | 1 |
| St. Gallen | 12 | 2 |
| Schaffhausen | 2 | 2 |
| Schwyz | 4 | 2 |
| Solothurn | 6 | 2 |
| Thurgau | 6 | 2 |
| Ticino | 8 | 2 |
| Uri | 1 | 2 |
| Vaud | 19 | 2 |
| Valais | 8 | 2 |
| Zurich | 35 | 2 |
| Zug | 3 | 2 |
| Total | 200 | 46 |

**ဆွစ်ဖက်ဒရယ်လွှတ်တော်၏အခန်းကဏ္ဍ**

ဥပဒေပြုရေးအာဏာကို လွှတ်တော်နှစ်ရပ်လုံးအား အညီအမျှ ခွဲဝေထားပါသည်။ အထက်လွှတ်တော်နှင့် အောက်လွှတ်တော် အစည်းအဝေးများကို တစ်နှစ်လျှင် လေးကြိမ်၊ တစ်ကြိမ်လျှင် ရက်သတ္တပတ် သုံးပတ်ကြာ သီးခြားစီ ကျင်းပပါသည်။ ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာပြင်ဆင်ခြင်း၊ ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဥပဒေများပြဋ္ဌာန်းခြင်း၊ ပြင်ဆင်ခြင်း၊ ရုပ်သိမ်းခြင်းနှင့် နိုင်ငံတကာသဘောတူစာချုပ်များ လက်မှတ်ရေးထိုးခြင်းတို့ကို ဆောင်ရွက်ပါသည်။

ဆွစ်ဖက်ဒရယ်လွှတ်တော်အနေဖြင့် ဖက်ဒရယ်အစိုးရအဖွဲ့ (Federal Council) က ဆောင်ရွက်ရမည့်လုပ်ငန်းများကို ချမှတ်ပေးပြီး ကြီးကြပ်ကွပ်ကဲရန် တာဝန်ရှိပါသည်။ ထို့ပြင် ဖက်ဒရယ်တရားရုံးများနှင့် ဖက်ဒရယ်အဆင့် အခြားအဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်ချက်များကို ကြီးကြပ်ပါသည်။

အထက်လွှတ်တော်နှင့် အောက်လွှတ်တော်နှစ်ရပ်ပူးပေါင်း၍ ဖက်ဒရယ်အစိုးရအဖွဲ့ (Federal Council)၊ ဖက်ဒရယ်ဝန်ကြီးချုပ် (Federal Chancellor)နှင့် ဖက်ဒရယ်တရားသူကြီးများကို ရွေးချယ်တင်မြှောက်ပါသည်။ ထို့ပြင် နှစ်စဉ် ဒီဇင်ဘာလတွင် ဖက်ဒရယ်အစိုးရအဖွဲ့ဝင်များအနက် နှစ်ဦးကို သမ္မတနှင့်ဒုတိယသမ္မတအဖြစ် ရွေးကောက်တင်မြှောက်ပါသည်။ စစ်ရေးဆိုင်ရာကိစ္စများ ပေါ်ပေါက်ပါက ဆွစ်ဖက်ဒရယ်လွှတ်တော်အနေဖြင့် စစ်ဦးစီးချုပ်ကို ရွေးချယ်တင်မြှောက်ရန် တာဝန်ရှိပါသည်။

**ဖက်ဒရယ်အစိုးရအဖွဲ့(Federal Council)၊ သမ္မတနှင့် ဖက်ဒရယ်ဝန်ကြီးချုပ်ရွေးချယ်တင်မြှောက်ခြင်း**

ဆွစ်ဖက်ဒရယ်အစိုးရအဖွဲ့(Federal Council) သည် ဆွစ်ဇာလန်နိုင်ငံတွင် အမြင့်ဆုံး အုပ်ချုပ်ရေးအာဏာပိုင်အဖွဲ့အစည်းဖြစ်ပြီး ဖက်ဒရယ်အစိုးရအဖွဲ့ကို ဆွစ်ဖက်ဒရယ်လွှတ်တော်က ရွေးကောက်တင်မြှောက်ခြင်းဖြစ်ကာ သက်တမ်းမှာ လေးနှစ်ဖြစ်ပါသည်။ အစိုးရအဖွဲ့တွင် အဖွဲ့ဝင် ခုနစ်ဦးပါဝင်ပြီး ၎င်းတို့သည် သက်ဆိုင်ရာဖက်ဒရယ်ဝန်ကြီးဌာနအသီးသီး၏ အကြီးအကဲများ (Federal Councillors) အဖြစ် တာဝန်ယူဆောင်ရွက်ကြရသည်။

ဆွစ်ဖက်ဒရယ် လွှတ်တော်အနေဖြင့် နှစ်စဉ် ဒီဇင်ဘာလတွင် ဖက်ဒရယ်အစိုးရအဖွဲ့ဝင် ခုနစ်ဦးရှိသည့်အနက် နှစ်ဦးကို ဆွစ်ပြည်ထောင်စု၏ သမ္မတနှင့် ဒုတိယသမ္မတအဖြစ် ရွေးချယ်ခန့်အပ်ခြင်းဖြစ်ကာ သက်တမ်းမှာ တစ်နှစ် ဖြစ်ပါသည်။ ထူးခြားချက်မှာ နိုင်ငံ၏အကြီးအကဲသည် သမ္မတ မဟုတ်၊ ဖက်ဒရယ်အစိုးရအဖွဲ့သာ ဖြစ်သည်။ ဆွစ်သမ္မတအနေဖြင့် မိမိတာဝန်ယူထားသည့် ဖက်ဒရယ် ဝန်ကြီးဌာန၏လုပ်ငန်းများကို ဆောင်ရွက်ရသည့်အပြင် ဆွစ်နိုင်ငံ၏ ပြယုဂ်အနေဖြင့် ကုလသမဂ္ဂညီလာခံတွင် မိန့်ခွန်းပြောကြားခြင်း၊ နှစ်သစ်ကူးပွဲတော်ရက်၊ ဆွစ်အမျိုးသားနေ့များတွင် နှုတ်ဆက်စကား ပြောကြားခြင်း အစရှိသည့် နိုင်ငံကိုယ်စားပြုသည့် တာဝန်ဝတ္တရားများကိုပါ ထမ်းဆောင်ရပါသည်။ သို့သော် အထက်တွင် ဖော်ပြထားသည့်အတိုင်း နိုင်ငံ၏အကြီးအကဲသည် ဖက်ဒရယ်အစိုးရ ဖြစ်သဖြင့် အခြားနိုင်ငံများမှ အကြီးအကဲခေါင်းဆောင်များ ဆွစ်ဇာလန်သို့ လာရောက်ရာတွင် ဖက်ဒရယ်အစိုးရအဖွဲ့ဝင်အားလုံးက အတူတကွ လက်ခံတွေ့ဆုံကြပါသည်။ လက်ရှိဖက်ဒရယ်အစိုးရတွင် Liberal Party၊ Swiss Social Democratic Party၊ Swiss People Party များမှ နှစ်ဦးစီနှင့် Swiss Christian Democratic Party မှ တစ်ဦးပါဝင်ပါသည်။ လက်ရှိ သမ္မတမှာ Mr. Guy Parmelin ဖြစ်ပါသည်။

ဖက်ဒရယ်အစိုးရနည်းတူ ဖက်ဒရယ်ဝန်ကြီးချုပ် (Federal Chancellor)ကိုလည်း ဆွစ်ဖက်ဒရယ်လွှတ်တော်က ရွေးချယ်တင်မြှောက်ပြီး သက်တမ်းမှာ လေးနှစ်ဖြစ်သည်။ သို့ရာတွင် ဆွစ်ဖက်ဒရယ်ဝန်ကြီးချုပ်သည် ဂျာမနီ၊ ဩစတြီးယားနိုင်ငံတို့၏ ဝန်ကြီးချုပ်များကဲ့သို့မဟုတ်ဘဲ ဆွစ်ဖက်ဒရယ်အစိုးရအဖွဲ့ကို ပံ့ပိုးပေးရသည့် အတွင်းရေးမှူးသက်သက်သာ ဖြစ်သည်။

**မဲဆွယ်စည်းရုံးခြင်း**

နိုင်ငံရေးပါတီများသည် ရေဒီယို၊ ရုပ်မြင်သံကြားမှတစ်ဆင့် မဲဆွယ်စည်းရုံးခွင့်မရှိသော်လည်း နိုင်ငံရေးစကားစစ်ထိုးပွဲများ၊ သတင်းစာများတွင် မဲဆွယ်စည်းရုံးသည့်ကြော်ငြာများထည့်သွင်းခြင်း၊ လမ်းမပေါ်တွင် ဟောပြောစည်းရုံးခြင်း၊ ဆိုရှယ်မီဒီယာနှင့် ဝက်ဘ်ဆိုက်များမှတစ်ဆင့် မဲဆွယ်စည်းရုံးခြင်း၊ ပြည်သူများ၏ သဘောထားအမြင်များကို စစ်တမ်းကောက်ယူခြင်း၊ မိမိတို့နိုင်ငံရေးပါတီနှင့်သက်ဆိုင်သောကြော်ငြာများ၊ လက်ကမ်းစာစောင်များကို စာတိုက်မှတစ်ဆင့် မဲဆန္ဒရှင်များထံဖြန့်ဝေခြင်း၊ လမ်းဘေးဝဲယာတွင် ပိုစတာများစိုက်ထူခြင်း အစရှိသည်တို့ဖြင့် မဲဆွယ်စည်းရုံးနိုင်ပါသည်။

**ဆန္ဒမဲပေးခြင်းနှင့် ဆန္ဒမဲရေတွက်ခြင်း**

စိတ်ပေါ့သွပ်နေသည့်အတွက်ကြောင့် နှစ်ကာလကြာရှည်စွာ တစ်စုံတစ်ဦး၏အုပ်ထိန်းမှုအောက်တွင် ရောက်ရှိနေသူများမှအပ အသက် (၁၈) နှစ်ပြည့်ပြီးသော ဆွစ်နိုင်ငံသားတိုင်းသည် ဖက်ဒရယ်အဆင့်၊ ပြည်နယ်အဆင့်၊ ရပ်ကွက်အဆင့်ရွေးကောက်ပွဲနှင့် ဆန္ဒခံယူပွဲများတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်။ နိုင်ငံခြားသားများ ဖြစ်လင့်ကစား ပြည်နယ်နှင့် ရပ်ကွက်အဆင့်ရွေးကောက်ပွဲများတွင် ဆန္ဒမဲပေးနိုင်သည့် ပြည်နယ်အချို့လည်း ရှိပါသည်။

ဆွစ်ဇာလန်နိုင်ငံတွင် နေထိုင်သည့် နိုင်ငံသားဖြစ်စေ၊ နိုင်ငံခြားသားဖြစ်စေ မည်သူမဆို နေရာတစ်ခုမှတစ်ခုသို့ ပြောင်းရွှေ့ပါက ရက်သတ္တနှစ်ပတ်အတွင်း သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့ထံ မှတ်ပုံတင်ရပါသည်။ ထို့ကြောင့် ဆွစ်နိုင်ငံသားများသည် မဲဆန္ဒရှင်စာရင်းတွင် သီးခြားမှတ်ပုံတင်ရန်မလိုအပ်ဘဲ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူတစ်ဦး၏ အရည်အချင်းပြည့်မီပါက မိမိနေထိုင်ရာရပ်ကွက်၏မဲစာရင်းတွင် အမည်ပါရှိမည်ဖြစ်ပါသည်။ နိုင်ငံပြင်ပတွင် ရောက်ရှိနေသော ဆွစ်နိုင်ငံသားများအနေဖြင့် ဖက်ဒရယ်ရွေးကောက်ပွဲများတွင် ဆန္ဒမဲပေးနိုင်ပါသည်။ သို့သော် ယခင်နေထိုင်ခဲ့သော ရပ်ကွက်ရှိမဲစာရင်းတွင် အမည်ပါရှိရမည်ဖြစ်ပြီး သက်ဆိုင်ရာသံရုံးတွင်လည်း မှတ်ပုံတင်ရန် လိုအပ်ပါသည်။

မဲဆန္ဒရှင်များအနေဖြင့် စာတိုက်မှတစ်ဆင့်ဖြစ်စေ၊ မဲရုံသို့သွားရောက်၍ဖြစ်စေ၊ အင်တာနက်မှတစ်ဆင့်ဖြစ်စေ ဆန္ဒမဲပေးနိုင်ပါသည်။ ဆွစ်ဖက်ဒရယ်ရွေးကောက်ပွဲအတွက် ဆန္ဒမဲပေးရာတွင် ရွေးကောက်ပွဲမကျင်းပမီ အနည်းဆုံး ရက်သတ္တသုံးပတ် ကြိုတင်၍ နိုင်ငံတွင်း၌ဖြစ်စေ၊ နိုင်ငံပြင်ပ၌ဖြစ်စေ နေထိုင်သည့် မဲဆန္ဒရှင်များထံသို့ မဲလက်မှတ်၊ ဆန္ဒပြုပြီးသော မဲလက်မှတ်ထည့်ရန် စာအိတ်၊ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူဖြစ်ကြောင်း သက်သေခံကတ်ပြား၊ သီးခြားစာအိတ်တို့ကို စာတိုက်မှတစ်ဆင့် ပေးပို့ပါသည်။ မဲဆန္ဒရှင်များအနေဖြင့် ဆန္ဒပြုပြီးသော မဲလက်မှတ်များကို စာတိုက်မှတစ်ဆင့် သို့မဟုတ် မဲရုံသို့ ကိုယ်တိုင်သွားရောက်ပေးပို့နိုင်ပါသည်။ အများအားဖြင့် စာတိုက်မှတစ်ဆင့် ပြန်လည်ပေးပို့သည့် မဲလက်မှတ်အရေအတွက်က ပိုမိုများပြားပါသည်။ မဲလက်မှတ်များကို ပြင်သစ်၊ အီတလီနှင့် ရောမဘာသာစကား လေးမျိုးအနက်မှ နှစ်သက်ရာကို တောင်းဆိုနိုင်ပါသည်။ ယခုနောက်ပိုင်းတွင် E-voting စနစ်ကိုပါ ပူးတွဲအသုံးပြုသည့် ဖက်ဒရယ်ပြည်နယ်အချို့လည်း ရှိပါသည်။

ဆန္ဒမဲလက်မှတ်ရေတွက်ရာတွင် သမားရိုးကျနည်းလမ်းအတိုင်းသာ ရေတွက်ပါသည်။ မဲရေတွက်ခြင်းလုပ်ငန်းစဉ်သည် သာမန်အားဖြင့် ၅ နာရီ သို့မဟုတ် ၆ နာရီခန့် ကြာမြင့်သော်လည်း ဇူးရစ်နှင့် ဂျီနီဗာကဲ့သို့သော မြို့ကြီးများတွင် အချိန်ပို၍ကြာမြင့်ပါသည်။

**နိဂုံး**

ဆွစ်ဇာလန်နိုင်ငံသည် ဘာသာစကား၊ ကိုးကွယ်ယုံကြည်မှုနှင့် ယဉ်ကျေးမှုကွဲပြားခြားနားသည့် အုပ်စုများရှိသော်လည်း အများလက်ခံသည့်အယူအဆဖြစ်သည့် ဖက်ဒရယ်စနစ်၊ ဒီမိုကရေစီစနစ်၊ သွေးချင်းညီညွတ်သည့်စိတ်ဓာတ်တို့ကို လက်ကိုင်ထားခြင်းသည် နိုင်ငံ၏ကိုယ်ပိုင်လက္ခဏာတစ်ရပ်ဖြစ်ပါသည်။ ထို့ကြောင့်လည်း ဆွစ်ဇာလန်နိုင်ငံသည် ပဋိပက္ခ၊ အကြမ်းဖက်မှုနှင့် စစ်မက်ဖြစ်ပွားခြင်းမရှိဘဲ နိုင်ငံရေးအခြေအနေတည်ငြိမ်သည့်အတွက် ဒီမိုကရေစီစနစ်ရှင်သန်ထွန်းကားကာ ဆွစ်နိုင်ငံသားများ၏ လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်ရခြင်းဖြစ်ပါကြောင်း လေ့လာသုံးသပ်တင်ပြအပ်ပါသည်။ ။

**ကျမ်းကိုး**

https://www.eda.admin.ch/aboutswitzerland/en/home.html

https://www.parlament.ch/en/organe/groups/parties-in-parliament

https://www.nationsencyclopedia.com/Europe/Switzerland-POLITICAL-PARTIES.html

https://www.ch.ch/en/demokratie/votes/how-to-complete-a-ballot-paper-correctly/

https://www.ch.ch/en/demokratie/political-rights/

https://www.admin.ch/gov/en/start/federal-council/election-federal-council.html

https://www.electionguide.org/countries/id/207/

https://www.parlament.ch/en

https://www.bk.admin.ch/bk/de/home/politische-rechte/volksinitiativen.html

https://www.politico.eu/europe-poll-of-polls/switzerland/

https://borgenproject.org/education-in-switzerland/

# နှစ်တစ်ရာတိုင် ကြံ့ကြံ့ခံနိုင်ခြင်း

**စာရေးသူ** - JIM O'NEILL
Source - China Daily

နိုင်ငံများသည် နိုင်ငံရေးစနစ် မည်သို့ပင်ရှိစေကာမူ တရုတ်နိုင်ငံ၏ စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားသည့် အောင်မြင်မှုအတွေ့အကြုံများအား သင်ခန်းစာယူနိုင်သည်။

တရုတ်ကွန်မြူနစ်ပါတီ ထူထောင်ခြင်း နှစ် (၁၀၀) ပြည့် အထိမ်းအမှတ်အခါသမယ၌ စီးပွားရေးပညာရှင်ရှုထောင့်မှနေ၍ တရုတ်နိုင်ငံအပေါ် မည်သို့ရှုမြင်သင့်သနည်း။

အဓိကအချက်မှာ နှစ် (၁၀၀) ၏ သက်သေအထောက်အထားများအပေါ် အခြေခံရှုမြင်ပါက တရုတ်နိုင်ငံသည် ရေရှည်ဖွံ့ဖြိုးမှုနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချနိုင်ခဲ့သည့် နိုင်ငံအများစုနှင့် နှိုင်းယှဉ်ရုံသာမက ဆင်တူသော အုပ်ချုပ်မှုပုံစံများရှိသည့် အခြားနိုင်ငံများနှင့် နှိုင်းယှဉ်ကြည့်လျှင် အလွန်သိသာပေါ်လွင်နေသည်ကို တွေ့နိုင်ပါသည်။

**ကမ္ဘာ့စီးပွားရေးရိုက်ခတ်မှုများ**

လွန်ခဲ့သော နှစ် (၃၀) ဝန်းကျင်ကာလအတွင်း တရုတ်နိုင်ငံ၏ အောင်မြင်မှုများသည် အများ၏ အာရုံစိုက်ခြင်းခံရသည်မှာ ၎င်း၏အတိုင်းအတာပမာဏကြောင့်သာမက ထိုကာလအတွင်း ထပ်တလဲလဲ ဖြစ်ပွားခဲ့သည့် ကမ္ဘာ့စီးပွားရေးရိုက်ခတ်မှုများကြောင့်လည်း ဖြစ်ပါသည်။ တရုတ်နိုင်ငံနှင့် နိုင်ငံတိုင်း မဖြစ်မနေကြုံတွေ့ခဲ့ရသည့် ကိစ္စရပ်များကို စဉ်းစားကြည့်ပါ။ ၁၉၉၇-၁၉၉၈ ခုနှစ် အာရှအကျပ်အတည်းဟုခေါ်သည့် အရေးကိစ္စသည် အခြားအာရှစီးပွားရေးထုများစွာကို နှစ်ပေါင်းများစွာ နောက်ကြောင်းပြန်လှည့်သွားစေခဲ့သည်။ ၂၀၀၁ ခုနှစ် ဒေ့ါကွန်းဘပ်ဘယ်လ် (dotcom bubble) အင်တာနက်နှင့်ဆက်နွှယ်သော စီးပွားရေးများ တစ်ရှိန်ထိုး တိုးတက်ပြီးနောက် ပျက်သုဉ်းသွားခဲ့သည်။ ၂၀၀၇-၂၀၀၈ ခုနှစ် ဆိုးရွားလှသော ဘဏ္ဍာရေးအကျပ်အတည်းကြောင့် စီးပွားရေးထုများစွာနှင့် ၎င်းလူမှုအဖွဲ့အစည်းများ ယနေ့ထိတိုင် ပုံမှန်အခြေအနေသို့ အမှန်တကယ် မရောက်နိုင်သေးပါ။ လက်ရှိဖြစ်ပွားနေသော ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါသည်လည်း ၁၉၃၀ ပြည့်နှစ်နောက်ပိုင်း တစ်ကမ္ဘာလုံး၌ အကြီးမားဆုံးသော စီးပွားရေးဆုတ်ယုတ်မှုကို ဖြစ်စေခဲ့ပါသည်။

တရုတ်နိုင်ငံ အောင်မြင်မှုရရှိသည့်အကြောင်းရင်းကို နက်နက်ရှိုင်းရှိုင်း မဆွေးနွေးမီ ကိန်းဂဏန်းအချို့ကို တင်ပြပါရစေ။ ကျွန်တော် ၂၀၀၁ ခုနှစ်က BRIC လေးနိုင်ငံ၏ အစစာလုံး အတိုကောက်ဖြင့် ကမ္ဘာ့အကြီးဆုံးသော ထွန်းသစ်စစီးပွားရေးထု၏ တိုးတက်မှုအလားအလာကို ရည်ညွှန်းရန် စိတ်ကူးရခဲ့စဉ်က တရုတ်နိုင်ငံ၏ စီးပွားရေးပမာဏမှာ အမေရိကန်ဒေါ်လာတစ်ထရီလီယံခန့် ရှိခဲ့သည်။ အာရှအကျပ်အတည်းက စီးပွားရေးတိုးတက်မှုကို တားဆီးလိုက်သော်လည်း တရုတ်နိုင်ငံသည် ဆယ်နှစ်အတွင်း ကိန်းဂဏန်းနှစ်နေရာဖြင့် လက်တွေ့ GDP တိုးတက်မှုကို ဖော်ဆောင်နိုင်ခဲ့သည်။ ယနေ့တွင် လက်ရှိ အမေရိကန်ဒေါ်လာ ငွေလဲနှုန်းဖြင့် တွက်ချက်ပါက တရုတ်နိုင်ငံ၏ စီးပွားရေးပမာဏသည် အမေရိကန်ဒေါ်လာ ၁၅ ထရီလီယံနီးပါး ရှိနေပြီး ၂၀၀၁ ခုနှစ်၏ ၁၅ ဆခန့် ရှိနေပြီကို တွေ့ရပါသည်။ ၎င်းပမာဏသည် ကမ္ဘာ့တတိယအကြီးဆုံး စီးပွားရေးထုဖြစ်သော ဂျပန်နိုင်ငံထက် သုံးဆ များပြားပြီး အနည်းဆုံးအနေဖြင့် အမေရိကန်စီးပွားရေးပမာဏ၏ လေးပုံသုံးပုံရှိကာ အခြား BRIC နိုင်ငံများ၏ စီးပွားရေးပမာဏ အားလုံးပေါင်းထက် နှစ်ဆကျော် ရှိပါသည်။ ပြီးခဲ့သည့် ပုံမှန်မဟုတ်သော တစ်နှစ်အတွင်းတွင် တရုတ်နိုင်ငံသည် GDP တိုးတက်မှု အပေါင်းလက္ခဏာ နှစ်ရာခိုင်နှုန်းခန့်ကို အောင်မြင်စွာ ဖော်ဆောင်နိုင်ခဲ့ပါသည်။ တရုတ်နိုင်ငံ၏ ယနေ့စီးပွားရေးပမာဏသည် ၂၀၁၉ ခုနှစ်ကထက် ပိုမိုကြီးမားပေသည်။ ယင်းသည် အခြားစီးပွားရေးထုများ မရောက်ရှိနိုင်သည့် အခြေအနေဖြစ်ပါသည်။ ဝယ်ယူနိုင်မှုစွမ်းအား ကွာခြားမှုနှုန်းဖြင့် တွက်ချက်ပါကလည်း တရုတ်နိုင်ငံ၏ စီပွားရေးပမာဏသည်

> **၁၉၉၇ ခုနှစ်တွင် ဘေးပတ်ဝန်းကျင်နိုင်ငံများ၏ ငွေကြေးများ ဆုတ်ယုတ်ခဲ့သော်ငြားလည်း တရုတ်နိုင်ငံသည် ယွမ်ငွေဖောင်းပွမှု၏ ဖိအားနှင့် သွေးဆောင်မှုကို တွန်းလှန်နိုင်ခဲ့သည်။ ထိုစဉ်က အခြေအနေသည် ဆိုးရွားသောပျက်စီးမှု ဖြစ်စေနိုင်ခဲ့သည်။ ယင်းနောက်ပိုင်းတွင် တစ်ခါတစ်ရံ ပေါ်ပေါက်ခဲ့သော ဘဏ္ဍာရေးဈေးကွက် ဖိအားများကိုလည်း တရုတ်နိုင်ငံက နည်းလမ်းအမျိုးမျိုးဖြင့် တုံ့ပြန်နိုင်ခဲ့။**

အမေရိကန်ထက် ကြီးမားသည်ကို တွေ့ရပါသည်။

**ဆင်းရဲနွမ်းပါးမှုပပျောက်ရေးစွမ်းရည်ဖြစ်နိုင်ခြေရှိ**

ထိုကဲ့သို့ သိသာသောတိုးတက်မှုကြောင့် တရုတ်နိုင်ငံ၏ ဆင်းရဲနွမ်းပါးမှုပပျောက်ရေးစွမ်းရည်သည် ဖြစ်နိုင်ခြေရှိလာသည်။ ယင်းကြောင့်လည်း တရုတ်နိုင်ငံသည် ကမ္ဘာလုံးဆိုင်ရာ ဆင်းရဲနွမ်းပါးမှု သိသိသာသာကျဆင်းမှုတွင် အဓိကကျနေသည်။ တရုတ်နိုင်ငံ၏ အကြွယ်ဝဆုံးအလွှာ၏ ချမ်းသာကြွယ်ဝမှုသည် သိသိသာသာမြင့်တက်နေသော်လည်း လူတစ်ဦးချင်း ပျမ်းမျှ GDP သည် အမေရိကန်ဒေါ်လာ ၁၁၀၀၀ မှ ၁၂၀၀၀ ဝန်းကျင် ရှိနေသည်။ တရုတ်ကွန်မြူနစ်ပါတီ၏ ဆန္ဒအရ ၂၀၃၅ ခုနှစ်တွင် နှစ်ဆတိုးရန် မျှော်လင့်ရပါသည်။

နောက်ထပ် ကျွန်တော် ဥပမာပေးလိုသော စာရင်းဇယားတစ်ခုမှာ ခန့်မှန်းတွက်ချက်မှုအရ တရုတ်နိုင်ငံသား သန်း ၃၀၀ ခန့်၊ အဓိကအားဖြင့် မြို့ပြတွင် နေထိုင်သူများ၏ တစ်ဦးချင်း ပျမ်းမျှ GDP မှာ အမေရိကန်ဒေါ်လာ ၄၀၀၀၀ ဝန်းကျင် ရှိသည်ကို တွေ့ရသည်။ ယင်းသည် ဗြိတိန်၏ ပျမ်းမျှအဆင့်အတန်း ဖြစ်သည်။ ဗြိတိန်၏ လူဦးရေသည် ၆၅ သန်းခန့် ရှိသည်။ ဗြိတိန်နိုင်ငံသား တစ်ယောက်အနေဖြင့် ယင်းသည် တော်တော်လေး ဆင်ခြင်ဖွယ်ကောင်းလှပါသည်။ တရုတ်နိုင်ငံ၏ စီမံအုပ်ချုပ်မှုစနစ်သည် ကျွန်တော်တို့နိုင်ငံနှင့်တူညီသည့် ကြွယ်ဝမှုကို ဖန်တီးပေးနိုင်ခဲ့သည်။ သို့သော် ၎င်း၏လူဦးရေသည် ကျွန်တော်တို့နိုင်ငံ၏ လေးဆရှိလေသည်။ အမှန်တကယ်ပင် မယုံနိုင်စရာ ကောင်းလှသည်။ အဘယ်ကြောင့်နည်း။ ဤသည်မှာ ဖြေဆိုရန် ပိုမိုခက်ခဲသော အစိတ်အပိုင်းဖြစ်သည်။

အခြားသူများ ဖော်ပြသည်ကို မြင်ရခဲသော အချက်တစ်ချက်ကို ကျွန်တော် စဉ်းစားမိပါသည်။ ၎င်းမှာ တရုတ်နိုင်ငံ၏ အောင်မြင်မှုသည် စီမံအုပ်ချုပ်မှုပုံစံနှင့် အမှန်တကယ် တိုက်ရိုက်သက်ဆိုင်နိုင်သည်ဆိုသည့်အချက်ပင် ဖြစ်သည်။ ကျွန်တော်၏ နိုင်ငံတကာဘဏ္ဍာရေး နောက်ခံကြောင့် ကျွန်တော်သည် ရှေ့တွင်ဖော်ပြခဲ့သည့် နိုင်ငံတကာ အကျပ်အတည်းနှင့် ရိုက်ခတ်မှု အကြိမ်များစွာကို အလွန်ဂရုပြုမိသည်။ ဘာကြောင့်မှန်းမသိ၊ ၎င်းတို့သည် တစ်နည်းနည်းဖြင့် ကွဲပြားမှုရှိကြသော်လည်း တရုတ်နိုင်ငံသည် ၎င်းတို့အား လျော်ကန်စွာ တုံ့ပြန်နိုင်ခဲ့သည်။ ၁၉၉၇ ခုနှစ်တွင် ဘေးပတ်ဝန်းကျင်နိုင်ငံများ၏ ငွေကြေးများ ဆုတ်ယုတ်ခဲ့သော်ငြားလည်း တရုတ်နိုင်ငံသည် ယွမ်ငွေ ဖောင်းပွမှု၏ ဖိအားနှင့် သွေးဆောင်မှုကို တွန်းလှန်နိုင်ခဲ့သည်။ ထိုစဉ်က အခြေအနေသည် ဆိုးရွားသောပျက်စီးမှု ဖြစ်စေနိုင်ခဲ့သည်။ ယင်းနောက်ပိုင်းတွင် တစ်ခါတစ်ရံ ပေါ်ပေါက်ခဲ့သော ဘဏ္ဍာရေးဈေးကွက်ဖိအားများကိုလည်း တရုတ်နိုင်ငံက နည်းလမ်းအမျိုးမျိုးဖြင့် တုံ့ပြန်နိုင်ခဲ့သည်။

**နိုင်ငံအများစုနှင့် မတူသည့်အချက်**

၂၀၀၇-၂၀၀၈ ခုနှစ် ဘဏ္ဍာရေးအကျပ်အတည်းအတွင်း တရုတ်နိုင်ငံ၏ ပို့ကုန်အပေါ် မှီခိုမှုအနေအထားသည် ပိုမိုများပြားခဲ့သည်။ ၎င်းသည် နည်းလမ်းရှာ၍ လျင်မြန်စွာ တုံ့ပြန်နိုင်ခဲ့ပြီး စီးပွားရေးမှီခိုမှုကို တန်ဖိုးနိမ့်တင်ပို့မှုများမှ ရွှေ့ပြောင်းကာ လုပ်အားခများ မြင့်တက်စေခဲ့ပြီး ယွမ်ငွေ တန်ဖိုးမြင့်တက်လာစေခဲ့သည်။ ထို့ပြင် ပမာဏကြီးမားသောပြည်တွင်းအခြေခံအဆောက်အအုံ နှီးဆွမှုအစီအမံများက စီးပွားရေးအား ပြည်တွင်းမောင်းနှင်မှုကို ပိုမိုအားထားသော အနေအထား သို့ ပြောင်းလဲသွားစေခဲ့သည်။ ပြီးခဲ့သည့် ၁၅ လအတွင်း ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါကြောင့် လူဦးရေ ၁ ဒသမ ၄ ဘီလီယံရှိသော တရုတ်နိုင်ငံကို ကနဦး အကျိုးဖျက်ဆီးမှု ဖြစ်လာစေခဲ့သော်လည်း တရုတ်နိုင်ငံသည် ၎င်းကို ထိန်းချုပ်နိုင်စွမ်းရှိနေပြီး ပုံမှန်အနေအထားတစ်ခုသို့ ရောက်ရှိနေပြီဖြစ်သည်။ ယင်းသည် ကမ္ဘာ့အခြားဒေသ၊ နိုင်ငံအများစုနှင့် မတူသည့်အချက်ပင်ဖြစ်သည်။

၎င်း၏ဗဟိုချက်သည် တရုတ်ကွန်မြူနစ်ပါတီ၏ ရှင်းလင်းပြတ်သားသော ခေါင်းဆောင်မှုသာမကဘဲ ကောင်းမွန်သော ပညာရေး၊ လေ့ကျင့်မှု ခံယူထားသော အစိုးရဝန်ထမ်းနှင့် ဗျူရိုကရက်အဖွဲ့များကြောင့်ပင် ဖြစ်သည်။ ၎င်းတို့သည် လျင်မြန်စွာ၊ လေးလေးနက်နက်တွေးခေါ်၍ မူဝါဒတုံ့ပြန်မှုများကို အကောင်အထည်ဖော်ဆောင်ပြီး အကျပ်အတည်းများကို ကျော်လွှားနိုင်စေခဲ့သည်။ ယင်းသည် အခြားနိုင်ငံများစွာ မလုပ်ဆောင်နိုင်သောအရာပင် ဖြစ်သည်။ ထို့ကြောင့် ၎င်းအပိုင်းတွင် အခြားနိုင်ငံများ အတုယူနိုင်ပါသည်။ လေးလေးနက်နက် တွေးတော၍ ပြတ်ပြတ်သားသားဆုံးဖြတ်ရန် အလိုအပ်ဆုံးအချိန်တွင် နိုင်ငံရေးစနစ်ဖြင့် ထိန်းချုပ်ထားမှုမဖြစ်စေ ရပါ။

**လေ့လာသင်ယူထိုက်**

လာမည့်နှစ် (၁၀၀) အတွင်း တရုတ်နိုင်ငံသည် အခြားသူဆီမှ အတုယူသင့်သည့်အရာများ ရှိနိုင်မည်လား။ ယင်းသည် အခြားဆောင်းပါးတစ်ပုဒ်၏ အဓိကအကြောင်းအရာ ဖြစ်နိုင်ပါသည်။ သို့သော် ကျွန်တော်အကြံပြုလိုသည်မှာ တရုတ်နိုင်ငံ စီးပွားရေး ပိုမိုကြီးထွားလာသည်နှင့်အမျှ ကမ္ဘာ့အခြားဒေသများအတွက် ပိုမိုအရေးပါလာလေသည်။ ၎င်းသည် သံတမန်ဆက်ဆံရေး ဆော့ဖ်ပါဝါအချို့ လိုအပ်ကောင်းလိုအပ်နိုင်ပြီး အခြားနိုင်ငံများက တူညီသည့်ပုံစံ သို့မဟုတ် စီမံအုပ်ချုပ်မှုကို ရွေးချယ်ခြင်း မပြုနိုင်သည်ကို သတိပြုမိလိမ့်မည်။ ထို့ပြင် တရုတ်နိုင်ငံ၏ပုံစံသည် အခြားနေရာတွင် အလွယ်တကူ ပြောင်းလဲနိုင်မည်မဟုတ်ပါ။ သို့သော် စီးပွားရေးစိန်ခေါ်မှုများ ကျော်လွှားရာတွင် ဖြစ်ထွန်းခဲ့သော ၎င်း၏ အောင်မြင်မှုများကို ကမ္ဘာ့အခြားဒေသများက လေ့လာသင်ယူထိုက်ပါသည်။ ။

## ဝန်းသိုမြို့နယ် ကံကုန်းကျေးရွာ၌ လျှပ်စစ်မီးသွယ်တန်းခြင်းလုပ်ငန်း ရာနှုန်းပြည့်ပြီးစီး

**ဝန်းသို ဇူလိုင် ၇**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ်တွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းဖြင့် တင်းဝါးချောင်းအုပ်စု ကံကုန်းကျေးရွာတွင် ဗို့အားလိုင်း ၄၀၀ လျှပ်စစ်မီးသွယ်တန်းခြင်းလုပ်ငန်း ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးမြတ်မျိုးထွန်းထံမှ သိရသည်။

အဆိုပါ ရွာတွင်း ဗို့အားလိုင်း ၄၀၀ လျှပ်စစ်မီးသွယ်တန်းခြင်း လုပ်ငန်းမှာ သစ်သားတိုင်၊ သစ်သားလက်တန်း၊ ACSR 16 $mm^2$ ကြိုးများအား ကွန်ကရစ်တိုင်၊ သံလက်တန်း၊ 1 C Aluminum insulated Cable 95 $mm^2$ ဖြင့် အစားထိုးလဲလှယ်ခြင်း ပေ၂၁၀၀ ဖြစ်ပြီး 400V Line 2100 ပေ၊ ကွန်ကရစ်တိုင်များမှာ Sus; Tension သုံးတိုင်၊ Tension Pole နှစ်တိုင်၊ Suspension Pole ၁၀ တိုင်နှင့် End Pole ခြောက်တိုင် ဆောင်ရွက်ထားရှိကြောင်း သိရသည်။ **မွေးကြူဇင်**



# ဇူလိုင် ၇ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၃၉၄၇ ဦးတွေ့ရှိ

## COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း
(၇-၇-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

(၆-၇-၂၀၂၁)ရက်နေ့၊ ည(၈:၀၀)နာရီမှ (၇-၇-၂၀၂၁) ရက်နေ့၊ ည(၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၁၄,၆၇၈)ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၃,၉၄၇) ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း (၂,၈၁၀,၈၉၅) ခုအား စစ်ဆေးခဲ့ပြီး COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၇၅,၉၂၃) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၈၆၈) ဦးဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၄၁,၂၅၅)ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီးဖြစ်ပါသည်။ COVID-19 ရောဂါဖြင့် ထပ်မံသေဆုံးသူ(၅၇)ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း (၃,၅၇၀) ဦး ရှိပါသည်။

** ပြည်သူလူထုအနေဖြင့် COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် –

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask)ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကိုမကြာခဏဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် COVID-19 ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကိုတစ်ဦး အသိပေးခြင်း/သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း COVID-19 ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။
- COVID-19 ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ www.mohs.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

## ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ
(၇-၇-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဓာတ်ခွဲခန်းများ | (၁,၄၇၄) ခု | (၃၉၈) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၁၁၄) ခု | (၄၄) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၁,၀၇၆) ခု | (၁၃၉) ဦး |
| နေပြည်တော်၊ အမှတ် (၂)တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂၃၁) ခု | (၁၇) ဦး |
| ပြင်ဦးလွင်မြို့၊ အမှတ်(၁) တပ်မတော်ဆေးရုံ (ခုတင် ၇၀၀) | (၁၄) ခု | (၁) ဦး |
| လားရှိုးမြို့၊ အမှတ် (၉) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၁၂၈) ခု | (၂၂) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၆၁၄) ခု | (၁၀၃) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁,၆၆၂) ခု | (၇၂၄) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၉,၃၆၅) ခု | (၂,၄၉၉) ဦး |
| စုစုပေါင်း | (၁၄,၆၇၈) ခု | (၃,၉၄၇) ဦး |

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၄၆၂၂၇၂၈ | ၂၉၁၄၅၂၈၅ | ၆၂၁၅၆၂ |
| ၂။ | အိန္ဒိယ | ၃၀၆၆၃၆၆၅ | ၂၉၇၉၉၅၃၄ | ၄၀၄၂၄၀ |
| ၃။ | ဘရာဇီး | ၁၈၈၅၅၀၁၅ | ၁၇၂၆၂၆၄၆ | ၅၂၇၀၁၆ |
| ၄။ | ပြင်သစ် | ၅၇၉၀၅၈၄ | ၅၆၃၆၄၁၆ | ၁၁၁၂၃၁ |
| ၅။ | ရုရှား | ၅၆၈၂၆၃၄ | ၅၁၂၁၉၁၉ | ၁၄၀၀၄၁ |
| ၆။ | တူရကီ | ၅၄၅၄၇၆၃ | ၅၃၂၄၁၁၁ | ၄၉၉၉၆ |
| ၇။ | ဗြိတိန် | ၄၉၅၈၈၆၈ | ၄၃၄၁၃၅၄ | ၁၂၈၂၆၈ |
| ၈။ | အာဂျင်တီးနား | ၄၅၇၄၃၄၀ | ၄၁၉၂၅၄၆ | ၉၆၉၈၃ |
| ၉။ | ကိုလံဘီယာ | ၄၄၀၂၅၈၂ | ၄၁၁၃၉၁၇ | ၁၁၀၀၁၉ |
| ၁၀။ | အီတလီ | ၄၂၆၄၇၀၄ | ၄၀၉၄၄၂၁ | ၁၂၇၇၀၄ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၂၃၇၉၃၉၇ | ၁၉၇၃၃၈၈ | ၆၂၉၀၈ |
| ၂။ | ဖိလစ်ပိုင် | ၁၄၅၀၁၁၀ | ၁၃၇၇၁၃၂ | ၂၅၄၅၉ |
| ၃။ | မလေးရှား | ၇၉၉၇၉၀ | ၇၁၉၆၇၈ | ၅၇၆၈ |
| ၄။ | ထိုင်း | ၃၀၁၁၇၂ | ၂၃၁၁၇၁ | ၂၃၈၇ |
| ၅။ | မြန်မာ | ၁၇၅၉၂၃ | ၁၄၁၂၅၅ | ၃၅၇၀ |
| ၆။ | စင်ကာပူ | ၆၂၆၅၂ | ၆၂၃၁၃ | ၃၆ |
| ၇။ | ကမ္ဘောဒီးယား | ၅၇၁၀၃ | ၄၈၉၇၄ | ၇၉၈ |
| ၈။ | ဗီယက်နမ် | ၂၂၃၄၁ | ၈၀၇၇ | ၉၇ |
| ၉။ | လာအို | ၂၄၀၀ | ၂၁၀၄ | ၃ |
| ၁၀။ | ဘရူနိုင်း | ၂၆၆ | ၂၅၅ | ၃ |



## ကျိုင်းတုံမြို့နှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာကျောင်းများ၌ နှာခေါင်းစည်းများ ပေးဝေလှူဒါန်း

နေပြည်တော် ဇူလိုင် ၇

အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ Coronavirus Disease 2019(COVID-19) ရောဂါကာကွယ်ရေး အထောက်အကူဖြစ်စေရန်အတွက် ယနေ့တွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ အခြေခံပညာကျောင်းများနှင့် ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်၊ ကျောက်တံတားမြို့နယ်၊ မင်္ဂလာဒုံမြို့နယ်နှင့် မှော်ဘီမြို့နယ်တို့ရှိ အခြေခံပညာကျောင်းများသို့ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ နယ်မြေခံတပ်မတော်သားများက ဌာနဆိုင်ရာဝန်ထမ်းများနှင့်အတူ နှာခေါင်းစည်း စုစုပေါင်း ၅၆၃၉ ခုကို အခမဲ့ သွားရောက်ပေးဝေလှူဒါန်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်




❖ ကျောဖုံးမှ

နေအိမ်တွင်နေထိုင်ရေး (Stay at Home) အစီအစဉ်တွင် အကျုံးဝင်ကြောင်း ကြေညာလိုက်သည်-

(က) **မကွေးတိုင်းဒေသကြီး**
- (၁) ဂန့်ဂေါမြို့နယ်၊

(ခ) **မွန်ပြည်နယ်**
- (၁) မော်လမြိုင်မြို့နယ်၊
- (၂) သံဖြူဇရပ်မြို့နယ်၊
- (၃) သထုံမြို့နယ်၊

(ဂ) **ရန်ကုန်တိုင်းဒေသကြီး**
- (၁) မင်္ဂလာဒုံမြို့နယ်၊
- (၂) မှော်ဘီမြို့နယ်၊
- (၃) ရွှေပြည်သာမြို့နယ်၊
- (၄) လှိုင်သာယာမြို့နယ်၊
- (၅) အင်းစိန်မြို့နယ်၊
- (၆) တောင်ဥက္ကလာပမြို့နယ်၊
- (၇) မင်္ဂလာတောင်ညွန့်မြို့နယ်၊
- (၈) မြောက်ဥက္ကလာပမြို့နယ်၊
- (၉) ဗဟန်းမြို့နယ်၊
- (၁၀) မရမ်းကုန်းမြို့နယ်။

၃။ အဆိုပါမြို့နယ်များရှိ နေအိမ်တွင်နေထိုင်ရေး (Stay at Home) အစီအစဉ်တွင် အကျုံးဝင်သော ပြည်သူများသည် အောက်ပါစည်းကမ်းချက်များကို လိုက်နာရမည် -

(က) မိမိနေအိမ်တွင်သာ နေထိုင်ရန် -
- (၁) အစိုးရဌာနများတွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများမပါ၊
- (၂) ပုဂ္ဂလိကလုပ်ငန်းများဖြစ်သည့် ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ၊ စက်သုံးဆီအရောင်းဆိုင်များ၊ စားသောက်ကုန်နှင့် သား၊ ငါး၊ အအေးခန်းလုပ်ငန်းများ၊ ဆေးဝါးနှင့် ဆေးပစ္စည်းကိရိယာ ထုတ်လုပ်ရေးနှင့် ဖြန့်ဖြူးရောင်းချရေးလုပ်ငန်းများ၊ ရေသန့်ထုတ်လုပ်ဖြန့်ဖြူးရောင်းချရေးလုပ်ငန်းများ၊ နေ့စဉ်တစ်ကိုယ်ရေသုံးပစ္စည်း ထုတ်လုပ်သည့် စက်ရုံများတွင် တာဝန်ထမ်းဆောင်ရန် သွားရောက်သူများနှင့် ဆက်စပ်ဆောင်ရွက်ရသည့်လုပ်ငန်းများ၌ မဖြစ်မနေ တာဝန်ထမ်းဆောင်သူများမပါ၊
- (၃) Relief Flight များ၊ Cargo Flight များနှင့် အထူးစင်းလုံးငှားလေယာဉ် ခရီးစဉ်များအတွက် ဝန်ဆောင်မှုပေးရသည့် လုပ်ငန်းများဖြစ်သော လေကြောင်းလိုင်းများ/အထွေထွေလေကြောင်းပို့ဆောင်ရေးလုပ်ငန်းများ၊ မြေပြင်ဝန်ဆောင်မှုလုပ်ငန်းများ၊ လေယာဉ်ဆီဖြည့်တင်းရေးလုပ်ငန်း၊ လေကြောင်းဖြင့် ကုန်စည်တင်သွင်း/တင်ပို့ခြင်းလုပ်ငန်း၊ အပြည်ပြည်ဆိုင်ရာ ကုန်စည်ပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်း (Freight Forwarder) ကုမ္ပဏီများ၊ အကောက်ခွန် ဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်သည့် ကုမ္ပဏီအေဂျင်စီများ၊ လေယာဉ်တင် အစားအသောက်ထုတ်လုပ်တင်ပို့ခြင်းလုပ်ငန်း၊ လေယာဉ်ပြုပြင်ထိန်းသိမ်းမွမ်းမံခြင်းလုပ်ငန်းမှ ဝန်ထမ်းများမပါ၊
- (၄) ဆိပ်ကမ်းတွင် ကုန်တင်သင်္ဘောများအတွက် ဝန်ဆောင်မှုပေးရသည့် ပုဂ္ဂလိကဆိပ်ကမ်းများ၊ သင်္ဘောလိုင်းဌာနေကိုယ်စားလှယ်ရုံးများ၊ အပြည်ပြည်ဆိုင်ရာ ကုန်စည်ပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်း (Freight Forwarder) ကုမ္ပဏီများ၊ အကောက်ခွန်ဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်သည့် ကုမ္ပဏီအေဂျင်စီများ၊ ကုန်သေတ္တာတင် မော်တော်ယာဉ်လုပ်ငန်းများ၊ ဆိပ်ကမ်းပို့ကုန်/သွင်းကုန် သယ်ဆောင်သည့် ကုန်တင်မော်တော်ယာဉ်၊ ရေယာဉ်လုပ်ငန်းများ၊ ကုန်းတွင်းကုန်သေတ္တာစခန်းများ (Inland Container Depot) နှင့် ကုန်းတွင်းဆိပ်များ (Dry Port) မှ ဝန်ထမ်းများမပါ၊
- (၅) ဆက်သွယ်ရေးဝန်ဆောင်မှုပေးရသော လုပ်ငန်းများဖြစ်သည့် စာပို့တိုက်ဝန်ဆောင်မှုလုပ်ငန်း၊ ကြိုးဖုန်းနှင့် မိုဘိုင်းတယ်လီဖုန်း ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း၊ အင်တာနက်ဝန်ဆောင်မှုများ (ဆိုင်ဖွင့်လှစ်၍ တယ်လီဖုန်းရောင်းချခြင်း၊ ဒေတာရောင်းချခြင်းများမပါ)၊ တာဝါနှင့် ဖိုင်ဘာပြုပြင်ခြင်း ဝန်ဆောင်မှုလုပ်ငန်းမှ ဝန်ထမ်းများမပါ၊

(ခ) ကုန်ကြမ်းယူ၊ ကုန်ချောပေးဆောင်ရွက်သော လက်ခစားလုပ်ငန်း(CMP)စက်ရုံ၊ အလုပ်ရုံများတွင် COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှု မရှိစေရေးအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီများအနေဖြင့် လိုအပ်သော အမိန့်၊ ညွှန်ကြားချက်များ ထုတ်ပြန်ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်းများ ဆောင်ရွက်ပေးရန်၊

(ဂ) အဖွဲ့အစည်းများ၊ ကုမ္ပဏီများအနေဖြင့် အိမ်မှနေ၍ လုပ်ငန်းဆောင်ရွက်ရန်၊

(ဃ) မဖြစ်မနေ ဈေးဝယ်ထွက်ရန်အတွက် တစ်အိမ်လျှင်တစ်ဦးသာ သွားရောက်ရန်၊

(င) ဆေးရုံ၊ ဆေးခန်းသွားရောက်ရန်ရှိပါက တစ်အိမ်လျှင်နှစ်ဦးသာ သွားရောက်ရန်၊

(စ) နေအိမ်မှ ပြင်ပသို့ သွားလာလျှင် ပါးစပ်/နှာခေါင်းစည်း (Mask)တပ်ရန်၊

(ဆ) တာဝန်ထမ်းဆောင်ရန် သွားရောက်/ပြန်လာမည့်သူများကို ပို့ဆောင်မည့်ယာဉ်များနှင့် ဖြတ်သန်းခွင့်ပြုထားသော ယာဉ်များကိုသာ ရပ်ကွက်ကျော်လွန်သွားလာခွင့်ပြုရန်၊

(ဇ) ရပ်ကွက်အတွင်း ဈေးဝယ်ခြင်းအတွက် ယာဉ်မောင်းအပြင် ယာဉ်ပေါ်တွင် တစ်ဦး၊ ဆေးရုံဆေးခန်းသွားရောက်ခြင်းအတွက် ယာဉ်မောင်းအပြင် ယာဉ်ပေါ်တွင်နှစ်ဦးသာ သွားရောက်ရန်၊

(ဈ) အဆိုပါမြို့နယ်များမှ ကုန်စည်စီးဆင်းမှု အဆင်ပြေချောမွေ့စေရေးအတွက် ကုန်တင်ယာဉ်များသွားလာမှု စံသတ်မှတ်ချက် Standard Operating Procedure (SOP)အတိုင်း လိုက်နာဆောင်ရွက်ရန်။

၄။ အပိုဒ် ၃ အပိုဒ်ခွဲ(ဃ)၊ (င)နှင့် (ဇ)တို့ပါ ကိစ္စရပ်များတွင် သတ်မှတ်ဦးရေထက် ပိုမိုရန်ရှိလျှင်ဖြစ်စေ၊ အခြားအရေးပေါ်ကိစ္စရပ်များအတွက် သွားလာရန်ရှိလျှင်ဖြစ်စေ သက်ဆိုင်ရာရပ်ကွက်/ကျေးရွာစီမံအုပ်ချုပ်ရေးအဖွဲ့သို့ သတင်းပို့၍ ခွင့်ပြုချက်ဖြင့်သွားလာရန်နှင့် သက်ဆိုင်ရာရပ်ကွက်/ ကျေးရွာစီမံအုပ်ချုပ်ရေးအဖွဲ့သည် တာဝန်ရှိသူ၊ တာဝန်ထမ်းဆောင်ရန် သွားရောက်/ပြန်လာသူများမှအပ ရပ်ကွက်ပြင်ပမှလည်းကောင်း၊ ရပ်ကွက်အတွင်းမှလည်းကောင်း ဝင်/ထွက်ခွင့်မပြုရန်ဖြစ်သည်။

၅။ ဤအမိန့်ကို လိုက်နာရန်ပျက်ကွက်ပါက တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်မည်ဖြစ်သည်။

၆။ ဤအမိန့်သည် ၈-၇-၂၀၂၁ ရက်၊ နံနက် ၀၄:၀၀ နာရီအချိန်မှ စတင်သက်ရောက်သည်။

**ဒေါက်တာသက်ခိုင်ဝင်း**
**ပြည်ထောင်စုဝန်ကြီး**

---

* **ကန့်ဘလူမှ**

ကန့်ဘလူမြို့နယ်၌ ကိုဗစ်- ၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် မြို့တွင်းသို့ဝင်ရောက်လာကြမည့် ခရီးသွားပြည်သူများအား ကျန်းမာရေးစစ်ဆေးခြင်း၊ နေရပ်လိပ်စာရယူခြင်း၊ ဆက်သွယ်ရမည့်ဖုန်းနံပါတ်များရယူခြင်း၊ Stay at Home ဒေသမှလာရောက်သူများကို RDT Test Kit ဖြင့် ၇၂ နာရီအတွင်း စစ်ဆေးထားသည့် အထောက်အထားပါရှိမှု ရှိ၊ မရှိစစ်ဆေးခြင်းတို့ကို မြို့နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့်အရေးပေါ်တုံ့ပြန်ရေးကော်မတီဝင်များ၊ အလှည့်ကျဌာနဆိုင်ရာဝန်ထမ်းများ၊ ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များပူးပေါင်းကာ နေ့စဉ်စစ်ဆေးဆောင်ရွက်လျက်ရှိသည်။

**ဆောင်ရွက်လျက်ရှိ**

ထို့ပြင် ဒေသခံပြည်သူများ ကိုဗစ်- ၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးနည်းလမ်းများ၊ စည်းကမ်းများကို လိုက်နာဆောင်ရွက်နိုင်စေရန် နေအိမ်ပြင်ပသို့ မဖြစ်မနေ ထွက်ခွာသွားလာသူများ ပါးစပ်နှင့်နှာခေါင်းစည်းတပ်ဆင်သွားလာရေး၊ မြို့တွင်းရှိ လက်ဖက်ရည်ဆိုင်၊ စားသောက်ဆိုင်များတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး စည်းကမ်းချက်များနှင့်အညီ ဖွင့်လှစ်ရောင်းချရေး အသိပညာပေးခြင်း လုပ်ငန်းများကိုလည်း အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

---

# ညောင်လေးပင်မြို့ရှိ စားသောက်ဆိုင်များ၌ ပါဆယ်စနစ်ဖြင့်ရောင်းချရေး အသိပညာပေး

**ညောင်လေးပင် ဇူလိုင် ၇**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့၌ ကိုဗစ်-၁၉ ရောဂါပိုးကူးစက်မှုများရှိလာမှုကြောင့် စားသောက်ဆိုင်များ၊ လက်ဖက်ရည်ဆိုင်များ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးညွှန်ကြားချက်များနှင့်အညီ ဖွင့်လှစ်ရောင်းချနိုင်ရေးအတွက် မြို့နယ် ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ကုသရေးကော်မတီနှင့် ဌာနဆိုင်ရာများ ပါဝင်သောပူးပေါင်းအဖွဲ့သည် ဇူလိုင် ၄ ရက်က ကွင်းဆင်းစစ်ဆေးကာ အသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပါးစပ်နှင့်နှာခေါင်းစည်း၊ မျက်နှာအကာတပ်ဆင်၍ စနစ်တကျရောင်းချရေး၊ မြို့နယ်အတွင်း ဖွင့်လှစ်ရောင်းချနေသည့် စားသောက်ဆိုင်၊ လက်ဖက်ရည်ဆိုင်၊ လမ်းဘေးဆိုင်ထိုင် ရောင်းချသည့်ဆိုင်များအနေဖြင့် ဆိုင်ထိုင်ရောင်းချခြင်း လုံးဝ(လုံးဝ)မပြုလုပ်ဘဲ ပါဆယ်စနစ်ဖြင့်သာ ရောင်းချရန်တို့အား ရှင်းလင်းပြောကြားပြီး စည်းကမ်းလိုက်နာမှုမရှိပါက ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကာ တစ်ဦးချင်းအသိစိတ်ဓာတ်ဖြင့် ပူးပေါင်းပါဝင်၍ ကိုဗစ်-၁၉ ရောဂါမပြန့်ပွားရေးအတွက် ဝိုင်းဝန်းကူညီပေးကြရန်တို့အား အသိပညာပေးခဲ့ကြကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**

---

# မြေအောက်ရေကို အကျိုးရှိစွာ အသုံးချ၍ နံနံပင်များ တိုးချဲ့စိုက်ပျိုး

**ရမည်းသင်း ဇူလိုင် ၇**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် မြင်းနားအုပ်စုအတွင်းရှိ ကျေးရွာများတွင် နံနံပင်စိုက်ပျိုးခြင်းကို ယခင်နှစ်များကထက် ယခုနှစ်တွင် တိုးချဲ့စိုက်ပျိုးကြကြောင်း သိရသည်။



ထိုသို့ နံနံပင်စိုက်ပျိုးရာတွင် မြေအောက်ရေကိုအကျိုးရှိစွာ အသုံးချ၍ စိုက်ပျိုးကြခြင်းဖြစ်သည်။ ဦးစွာစိုက်ပျိုးမည့်မြေကို နွားချေး၊ သဘာဝမြေသြဇာ မြေဆွေးများထည့်သွင်း မြေပြုပြင်ပြီး အနံလေးပေ၊ အရှည်မှာ မြေကွက်အနေအထားအလိုက် ပေါင်များပြုလုပ်ကာ စိုက်ပျိုးကြခြင်းဖြစ်သည်။ စိုက်ပေါင်တစ်ပေါင်နှင့်တစ်ပေါင်ကြားတွင် ရေသွင်းရန်နှင့် ရေဖျန်းရန်အတွက် ပိုက်များကို သွယ်တန်းထားသည်။ ရေလေလွင့်ဖိတ်စဉ်မှု နည်းစေရန်ဖြစ်သည်။ နံနံပင်မျိုးစေ့တစ်ထုပ်လျှင် ငွေကျပ် ၅၀၀၀ ပေးရပြီး တစ်ကေလျှင် မျိုးစေ့အထုပ် ၆၀ နီးပါးကုန်ကြောင်း သိရသည်။ တစ်နေ့လျှင် ရေနှစ်ကြိမ် မနက်တစ်ကြိမ်၊ ညနေတစ်ကြိမ်လောင်းပေးရသည်။ နံနံစိုက်ပေါင်များတွင် ပေါင်း၊ မြက်များရှင်းလင်းပေးရပြီး နေ့စားတစ်ဦးလျှင် တစ်နေ့ ငွေကျပ် ၃၀၀၀ ပေးရကာ ပေါင်းမြက် အထူအပါးပေါ်မူတည်၍ လူငှားရသည်။

စိုက်ပျိုးပြီး ၄၅ ရက်ကျော်လျှင် ရောင်းချရပြီး ကုန်စိမ်းအရောင်း/အဝယ်လုပ်သူများက အခင်းထိလာရောက်ဝယ်ယူကြသည်။ စိုက်ခင်းပြတ်စနစ်၊ ပိဿာချိန်ဖြင့်လည်း ဝယ်ယူကြသည်။ အဆိုပါ နံနံပင်များကို နေပြည်တော်၊ ရန်ကုန်မြို့နှင့် မော်လမြိုင်မြို့များသို့ တင်ပို့ရောင်းချကြောင်း သိရသည်။

**လှိုင်သန်းတင့် (ရမည်းသင်း)**

# အင်ဒိုနီးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ သုံးသောင်းကျော် ထပ်မံတွေ့ရှိ

**ဂျကာတာ ဇူလိုင် ၇**

အင်ဒိုနီးရှားနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၃၀၀၀၀ ကျော် စံချိန်တင်စစ်ဆေးတွေ့ရှိခဲ့ရာ နိုင်ငံအတွင်း၌ ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူပေါင်း ၂၃၇၉၃၉၇ ဦးရှိလာကြောင်း သိရသည်။

အဆိုပါရောဂါကူးစက်မှုများသည် အိန္ဒိယနိုင်ငံတွင် ပထမဆုံးတွေ့ရှိသည့် ဒယ်လ်တာဗီဇပြောင်းဗိုင်းရပ်စ်ပိုး ကူးစက်မှုနှင့် ဆက်စပ်လျက်ရှိကြောင်း ကျန်းမာရေးအာဏာပိုင်များက ဆိုသည်။

လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုရိုနာဗိုင်းရပ်စ်ပိုး ကူးစက်ခံရသူ ၃၁၁၈၉ ဦး စစ်ဆေးတွေ့ရှိခဲ့ပြီး ၇၂၈ ဦး သေဆုံးခဲ့သည်။ အဆိုပါရောဂါကူးစက်မှုအရေအတွက်နှင့် သေဆုံးမှုအရေအတွက်သည် နိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ်ပိုး ကူးစက်မှုစတင်သည့်အချိန်မှစပြီး အများဆုံးဖြစ်သည်။

နိုင်ငံတစ်ဝန်းရှိ ဆေးရုံခုတင် ၇၆ ရာခိုင်နှုန်းသည် ကိုဗစ်-၁၉ ရောဂါလူနာများနှင့် ပြည့်နှက်လျက်ရှိသည်။

အောက်ဆီဂျင်ဝယ်လိုအားများလည်း မြင့်တက်လျက်ရှိသည်။ မြို့တော်ဂျကာတာရှိ စတိုးဆိုင်များ၌ အောက်ဆီဂျင်ဝယ်ယူရန် တန်းစီစောင့်ဆိုင်းနေသော ပြည်သူများကို တွေ့မြင်ရသည်။

နိုင်ငံအတွင်း အောက်ဆီဂျင် နေ့စဉ် သုံးစွဲမှုပမာဏသည် လွန်ခဲ့သော ရက်သတ္တပတ်အတွင်း တန် ၃၀၀၀ မှ ၄၀၀၀ ခန့်ရှိကြောင်းနှင့် အဆိုပါပမာဏသည် ကိုဗစ်-၁၉ ရောဂါ မကူးစက်မီ ပမာဏထက် အဆပေါင်း ၅၀၀ ကျော်ရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ဆိုသည်။

အောက်ဆီဂျင်လိုအပ်မှုကို ဖြည့်တင်းရန် အင်ဒိုနီးရှားအစိုးရက ကြိုးပမ်းလျက်ရှိသည်။

နိုင်ငံတစ်ဝန်းရှိ ဆေးရုံများသို့ အောက်ဆီဂျင် ထောက်ပံ့ပေးရန် အထူးလုပ်ငန်းအဖွဲ့များကို တာဝန်ပေးထားကြောင်း သိရသည်။

နိုင်ငံအတွင်း၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ အရေအတွက် ထပ်မံမြင့်တက်မည်ဆိုပါက စင်ကာပူနှင့် တရုတ်နိုင်ငံတို့မှ အောက်ဆီဂျင်ထောက်ပံ့မှုများကို တောင်းခံသွားမည်ဖြစ်ကြောင်း တာဝန်ရှိသူများက ဆိုသည်။

**ကိုးကား- အင်န်အိတ်ချ်ကေ**
**ဘာသာပြန်- အောင်ကျော်ကျော်**

# မလေးရှားနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၇၀၉၇ ဦးရှိ

**ကွာလာလမ်ပူ ဇူလိုင် ၇**

မလေးရှားနိုင်ငံ၌ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၇၀၉၇ ဦး ရှိခြင်းကြောင့် တစ်နိုင်ငံလုံး အတိုင်းအတာအရ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ စုစုပေါင်း ၇၉၉၇၉၀ ရှိလာကြောင်း မလေးရှားနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ခဲ့သည်။

ယနေ့တွင် ကူးစက်ခံရသည့် ကိုဗစ်-၁၉ ရောဂါလူနာ ၇၀၉၇ ဦး အနက် ၇၀၇၁ ဦးသည် ပြည်တွင်း၌ ကူးစက်ခံရသူများ ဖြစ်ကြောင်းနှင့် ၂၆ ဦးသည် ပြည်ပမှ ပြန်လာသူများအနက်မှ ကူးစက်ခံရသူများ ဖြစ်ကြောင်း မလေးရှားကျန်းမာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဟစ်ရှမ်အဗ္ဗဒူလာက သတင်းထုတ်ပြန်ချက် တစ်ရပ်တွင် ပြောကြားခဲ့သည်။

ထို့ပြင် မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၉၁ ဦးရှိပြီး ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ စုစုပေါင်း ၅၇၆၈ ဦး ရှိလာကြောင်း သိရသည်။ အလားတူ မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါမှ ပြန်လည် ကျန်းမာလာသဖြင့် ဆေးရုံများမှ ဆင်းခွင့်ရရှိသူ ၄၈၆၃ ဦး ထပ်မံရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည် ကျန်းမာလာသူ စုစုပေါင်း ၇၁၉၆၇၈ ဦး ရှိလာကြောင်းနှင့် ယင်းအရေအတွက်သည် တစ်နိုင်ငံလုံး ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ အရေအတွက် စုစုပေါင်း၏ ၉၀ ရာခိုင်နှုန်း ရှိကြောင်း သိရသည်။




လက်ရှိတွင် မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိဆဲ လူနာစုစုပေါင်း ၇၄၃၄၄ ဦးရှိကြောင်း၊ ၉၄၈ ဦးသည် အထူးကြပ်မတ် ကုသဆောင်များ၌ ဆေးဝါးကုသမှု ခံယူလျက်ရှိကြောင်းနှင့် ၄၄၁ ဦးသည် အသက်ရှူအထောက်အကူပြုကိရိယာများ လိုအပ်လျက်ရှိကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**

■

# အီရတ်နိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၈၈၁၈ ဦးရှိ

**ဘဂ္ဂဒက် ဇူလိုင် ၇**

အီရတ်နိုင်ငံ၌ ဇူလိုင် ၆ ရက်တွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၈၈၁၈ ဦးရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူစုစုပေါင်း ၁၃၈၈၃၂၃ ဦးရှိလာကြောင်း အီရန်နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ခဲ့သည်။

အီရတ်နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန၏ ပြောကြားချက်အရ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၃၁ ဦးထပ်မံတွေ့ရှိသဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၁၇၃၇၆ ဦးရှိလာကြောင်းနှင့် လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ ၅၉၉၈ ဦးရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူစုစုပေါင်း ၁၂၇၇၂၄၂ ဦးရှိလာကြောင်း သိရသည်။

အီရတ်နိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း လူဦးရေ ၃၅၈၆၀ အား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးနိုင်ခဲ့ခြင်းကြောင့် လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပြီးသူ ၉၅၉၉၂၈ ဦးရှိလာကြောင်း အီရတ်ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

**အရှိန်မြှင့် လုပ်ဆောင်**

အီရတ်နိုင်ငံသည် တရုတ်နိုင်ငံထုတ် Sinopharm ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အရေးပေါ်အသုံးပြုရန် အတည်ပြုပေးခဲ့သည့် ဇန်နဝါရီလမှ စတင်ကာ နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံမှုကို အရှိန်မြှင့် လုပ်ဆောင်ခဲ့ကြောင်း သိရသည်။

အီရတ်နိုင်ငံ၌ ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ဖြစ်ပွားမှု စတင်တွေ့ရှိခဲ့ပြီး အီရတ်နိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှု တိုက်ဖျက်ရေးကို အကူအညီပေးရန် တရုတ်နိုင်ငံအစိုးရက ဆေးဘက်ဆိုင်ရာ အထောက်အပံ့များနှင့် Sinopharm ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများကို ပေးပို့လှူဒါန်းခဲ့ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**

# အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၃၀ ဒသမ ၆၆ သန်းကျော် ရှိလာ

**နယူးဒေလီ ဇူလိုင် ၇**

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၄၃၇၃၃ ဦးရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူစုစုပေါင်း ၃၀၆၆၃၆၆၅ ဦးရှိလာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာန၏ နောက်ဆုံးအချက်အလက်များအရ သိရသည်။

ထို့ပြင် အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၉၃၀ ထပ်မံရှိခြင်းကြောင့် တစ်နိုင်ငံလုံး အတိုင်းအတာအရ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၄၀၄၂၁၁ ဦးရှိလာကြောင်း သိရသည်။

အိန္ဒိယနိုင်ငံ၌ ပြီးခဲ့သည့်ရက်ပိုင်းအတွင်းက ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုနှင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးမှု လျော့ကျခဲ့သော်လည်း လွန်ခဲ့သည့် ၂၄ နာရီအတွင်းကမူ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုနှင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူအရေအတွက်သာ သိသိသာသာပြန်လည်မြင့်တက်လာခဲ့ကြောင်း သိရသည်။

လက်ရှိတွင် အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိဆဲလူနာ ၄၅၉၉၂၀ ရှိကြောင်းနှင့် လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံများမှ ဆင်းခွင့်ရရှိသူ ၄၇၂၄၀ ရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူစုစုပေါင်း ၂၉၇၉၉၅၃၄ ဦးရှိကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**



# ပေါ်တူဂီနိုင်ငံ လူဦးရေ၏ ၃၆ ရာခိုင်နှုန်း ကိုဗစ်-၁၉ရောဂါ ကာကွယ်ဆေးထိုးနှံပြီးဖြစ်

**လစ္စဘွန်း ဇူလိုင် ၇**

ပေါ်တူဂီနိုင်ငံရှိ လူဦးရေ၏ ၃၆ ရာခိုင်နှုန်းနှင့်ညီမျှသော လူပေါင်း ၃၇၂၀၆၈၀ အား ကိုဗစ်-၁၉ရောဂါ ကာကွယ်ဆေး နှစ်ကြိမ်စလုံး ထိုးနှံပြီးဖြစ်ကြောင်း ပေါ်တူဂီကျန်းမာရေးလုပ်ငန်းက ယမန်နေ့တွင် ပြောကြားသည်။

နိုင်ငံအတွင်းရှိ လူပေါင်း ၅၇၄၀၈၇၈ ဦးမှာ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး တစ်ကြိမ် ထိုးနှံပြီးသူများဖြစ်ကြောင်း သိရသည်။ ပေါ်တူဂီနိုင်ငံသည် ဥရောပသမဂ္ဂမှတစ်ဆင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ ၁၀၉၉၄၁၆၀ ကို လက်ခံရရှိပြီးဖြစ်သည်။

နိုင်ငံအတွင်းရှိ အသက်၈၀နှင့်အထက် သက်ကြီးရွယ်အိုများ၏ ၉၄ ရာခိုင်နှုန်းနှင့် အသက် ၆၅ နှစ်မှ ၇၉ နှစ်အတွင်းရှိသော သက်ကြီးရွယ်အိုများ၏ ၇၅ ရာခိုင်နှုန်းတို့မှာ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး နှစ်ကြိမ်စလုံး ထိုးနှံမှု ခံယူပြီးစီးကြောင်း သိရသည်။ နိုင်ငံအတွင်း ဒယ်လ်တာဗီဇပြောင်းဗိုင်းရပ်စ်များ ကူးစက်ပျံ့နှံ့နေခြင်းမှ တားဆီးရန် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးလုပ်ငန်းများကို အရှိန်မြှင့်ဆောင်ရွက်လျက်ရှိသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**

## ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ

| | |
|---|---|
| ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ | ၁၈၅၅၀၆၃၆၉ ဦး |
| သေဆုံးသူ | ၄၀၁၁၉၆၃ ဦး |
| ပြန်လည်ကျန်းမာလာသူ | ၁၆၉၈၁၄၅၀၄ ဦး |

# သန်လျင်မြို့နယ်၌ မုဒိမ်းမှုကျူးလွန်ခဲ့သူနှင့် လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၌ လူသတ်မှုကျူးလွန်ခဲ့သူများ ပြစ်ဒဏ်အသီးသီးချမှတ်


တရားခံ မင်းမင်း


တရားခံ သီဟဇော်

နေပြည်တော် ဇူလိုင် ၇

ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် အမှတ်(၃)ရပ်ကွက်နေ မင်းမင်း (ဘ)ဦးဇော်ဝင်းသည် ၂၀၂၀ ပြည့်နှစ် ဇွန်လခန့်မှစ၍ ၂၀၂၂ ခုနှစ် ဇွန် ၂ ရက်အထိ ကာလအတွင်း ၎င်း၏သမီးအရင်း နှစ်ဦးကို သားမယားအဖြစ် အကြိမ်ကြိမ်ပြုကျင့်ခဲ့သည့်အတွက် စစ်အုပ်ချုပ်ရေး (Martial Law)စစ်ခုံရုံးဖွဲ့၍ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရာဇသတ်ကြီးပုဒ်မ- ၃၇၆(၁)နှင့် ရာဇသတ်ကြီးပုဒ်မ-၃၇၇ တို့အရ ၎င်းအား ဇူလိုင် ၆ ရက် တွင် "အလုပ်နှင့် ထောင်ဒဏ် နှစ် (၂၀)" အမိန့်ကို ချမှတ်လိုက်သည်။

ထို့ပြင် လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် (၁၉)ရပ်ကွက်နေ သီဟဇော်(ဘ) ဦးကိုမျိုးသည် ဇွန် ၃ ရက်တွင် ၎င်း၏နေအိမ်၌ ညီဖြစ်သူ လှမျိုးဇော်နှင့် စကားများရန်ဖြစ်ရာမှ အရှည် ၈ လက်မခန့်ရှိ ကတ်ကြေးဖြင့်ထိုးခဲ့ရာ လှမျိုးဇော်၏ဝမ်းဗိုက်တွင် ထိုးသွင်းဒဏ်ရာရရှိပြီး သေဆုံးခဲ့သည့်အတွက် စစ်အုပ်ချုပ်ရေး (Martial Law) စစ်ခုံရုံးဖွဲ့၍ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရာဇသတ်ကြီးပုဒ်မ -၃၀၄ အရ ၎င်းအား ဇူလိုင် ၆ ရက်တွင် "အလုပ်နှင့် ထောင်ဒဏ် နှစ်(၂၀)" အမိန့်ကို ချမှတ်လိုက်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြို့နယ်အချို့၌ အကြမ်းဖက်မှုလုပ်ရပ်များတွင် အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများနှင့် သို၀ှက်သိမ်းဆည်းထားရှိသူများအား ဆက်လက်ဖော်ထုတ်ဖမ်းဆီးရမိ


အမရပူရမြို့နယ်၌ အမျိုးသား တစ်ဦးအား လက်လုပ်သေနတ်၊ ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိစဉ်။

နေပြည်တော် ဇူလိုင် ၇

မြို့နယ်အချို့၌ အကြမ်းဖက်မှုလုပ်ရပ်များတွင် အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများနှင့် သို၀ှက်သိမ်းဆည်းထားရှိသူများအား ဆက်လက်ဖော်ထုတ်ဖမ်းဆီးရမိကြောင်း သိရသည်။

ထိုသို့ဖမ်းဆီးခြင်းများ ဆောင်ရွက်ခဲ့ရာ ယမန်နေ့ ညနေ ၅ နာရီခွဲခန့်တွင် အမရပူရမြို့နယ် ပြည်လုံးကျော်ကျေးရွာနေ အောင်ဆန်းဦး (ဘ)ဦးကျော်ရှိန်းသည် အွန်လိုင်းပေါ်၌ လက်လုပ်သေနတ်များ ဖြန့်ချိရောင်းချနေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့က ၎င်း၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ PVC ပိုက်ဖြင့် ပြုလုပ်ထားသော လက်လုပ်သေနတ် တစ်လက်၊ သေနတ်ဒင်ပုံစံ ပြုလုပ် ထားသော ကော်ပြား နှစ်ခု၊ PVC ပိုက်ဖြင့် ပြုလုပ်ထားသော လက်လုပ်သေနတ်အပိုင်း သုံးလက်၊ PVC ပိုက်အပိုင်းအစ ငါးခု၊ စတီးပိုက်တစ်ချောင်း၊ ဂက်စ်ဘူး တစ်ဘူး၊ လေးခွ သုံးလက်၊ သံဘောလုံးစေ့ ၄၀ နှင့် သန့်စင်ခန်းသုံး အက်ဆစ်ဘူး နှစ်ဘူးတို့ကို တွေ့ရှိသိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်မှ အကြမ်းဖက်ရာတွင် အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများအား သို၀ှက် သိမ်းဆည်းထားရှိသူများ နှင့် လက်ဝယ်ထားရှိသူများကို ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဖားကန့်၊ မြစ်ကြီးနား၊ ကွမ်းလုံနှင့် လားရှိုးမြို့နယ်တို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ




နေပြည်တော် ဇူလိုင် ၇

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ယမန်နေ့ နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် ဖားကန့်မြို့နယ် လုံးခင်းကျေးရွာအနီး ဆောင်းချိန်-မော်ဆီဇာကျေးရွာသွား ကားလမ်းတွင် ချာလီ မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၄၀၀ ကိုလည်းကောင်း၊ ထိုနေ့ ညနေ ၅ နာရီတွင် မြစ်ကြီးနားမြို့ ပမ္မတီးရပ်ကွက် အမှတ်(၁/၄၃)နေ ဒေါင်ခေါင်း၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူ သုညဒသမ ၄၈ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား၅၅၅၀ ကိုလည်းကောင်း၊ ယင်းနေ့ မွန်းလွဲ ၃ နာရီခွဲတွင် ကွမ်းလုံမြို့ ဥဏ္ဏာသိပ္ပံရပ်ကွက်ရှိ ကျင်းချန်၏နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၆၀၀၊ ဘိန်းဖြူ သုည ဒသမ ၀၂၄ ကီလိုကို လည်းကောင်း။

ယင်းနောက် ဇူလိုင် ၅ ရက် မွန်းလွဲ ၃ နာရီခွဲတွင် လားရှိုးမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် လားရှိုးမြို့ အမှတ်(၁၁)ရပ်ကွက်တွင် မသင်္ကာဖွယ်တွေ့ရှိသူ အိုက်ယူးကို စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၂၀၀၀ လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

# နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီး /ပြည်နယ်များမှ တရားမဝင်သစ်များ သိမ်းဆည်းရမိ

နေပြည်တော် ဇူလိုင် ၇

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးကို ပြည်သူများပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြု စောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဇွန် ၂၈ ရက်မှ ဇူလိုင် ၄ ရက်အထိ နေပြည်တော်ကောင်စီနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ် သစ်တောဦးစီးဌာနများမှ ပေးပို့လာသော စာရင်းများအရ တရားမဝင်ကျွန်း ၄၈ ဒသမ ၆၀၆၈ တန်၊ သစ်မာ ၁၃ ဒသမ ၇၆၄၈ တန်၊ အခြား ၁၇ ဒသမ ၀၄၂၂ တန်၊ စုစုပေါင်း ၇၉ ဒသမ ၄၁၃၈ တန်၊ ပြစ်မှုကျူးလွန်သူ ၃၀၊ ယာဉ်/ယန္တရား ၃၃ စီး ဖမ်းဆီးရမိခဲ့ကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

**ညီညီသန်း(နေပြည်တော်)**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၈-၇-၂၀၂၂ ကြာသပတေးနေ့

### MRTV

၀၆:၀၀ ရတနသုတ်ပရိတ်တရားတော်
၀၆:၂၀ အရဟံဗဟိအန္တဇယ်ဂါထာ တော်မြတ်ဘုရားရှိခိုးနှင့် ခင်ပွန်းကြီးဆယ်ပါးကန်တော့ခန်း
၀၇:၀၀ နံနက်ခင်းသတင်း
၀၉:၁၀ နဝင်္ဂဥပေါသထသီလ
၁၀:၀၀ သတင်းထဲကသတင်း
၁၀:၃၀ သာသနာတော်အဓွန့်ရှည်တည်စေဖို့ ဓမ္မာစရိယ စာမေးပွဲနှင့် ပါဠိပထမပြန် စာမေးပွဲများဆီသို့ဦးတည်
၁၂:၃၀ တိပိဋကဓရတိပိဋကကောဝိဒ ဘဒ္ဒန္တဝိရိယာနန္ဒ ဟောကြားတော်မူသော 'ရဟန်းတစ်ပါးကြွလာသည်'တရားတော်
၁၃:၃၀ MRTV National News
၁၅:၀၀ Grade-10 ဘာသာရပ်ဆိုင်ရာ သင်ခန်းစာများ 'ဇီဝဗေဒဘာသာရပ်'
၁၆:၃၅ မျက်မှောက်ရေးရာအဖြာဖြာ
၁၇:၃၅ လူမှုစီးပွားမြင်ကွင်းများ
၁၈:၀၀ ပြည်တွင်းသတင်း
၁၈:၃၀ လေ့လာစရာစုံလင် အမိမြန်ပြည်တစ်ခွင်
၁၉:၂၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'နှလုံးသားဒေါ်ဆောင်ရာ' (အပိုင်း-၁၉)
၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
၂၁:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'အိမ်ထောင်ရေးပညတ်ချက်များ' (အပိုင်း-၂)
၂၂:၃၀ ပြည်သူ့နီတိ 'မိမိနေအိမ်ကိုတည်ဆောက်ကြသူများ'

### mitv

07:01 News
07:27 Life of A Farmer
07:53 A Photographer's Life at Shwedagon Pagoda
08:01 Products of Myanmar - Craft Blacksmithing
08:26 Bago: A City Of Famous Historic Pagoda
08:47 The Golden Triangle
09:01 Myanmar Weaving
09:13 Ywar Thit's Monhinkhar
09:27 Unique Art of Stucco Work
09:44 Elephant Catching and Scaring Trip Mile Stone 26
10:01 The Crocodiles of Meinmahla Island
10:29 Innovative Handiworks Based On The Art Of Line Drawing
11:27 Mommy Cook: The Foster Mother

### MRTV NKC

**ကချင် (၀၆:၀၀ မှ ၀၈:၀၀)**
အင်းတော်ကြီးအိုင်ရဲ့ပတ်ဝန်းကျင်

**ကယား (၀၈:၀၀ မှ ၁၀:၀၀)**
ကယားဖက်ရှင်ရှိုး(ကယားအမျိုးသားတို့၏ စုပေါင်းအဲ့ဒိုပေါ်မီ)

**ဝကောကရင် (၁၀:၀၀ မှ ၁၁:၀၀)**
သင်ယူလေ့လာတို့ရဲ့စာ(အပိုင်း-၈)

**အနောက်ပိုးကရင် (၁၁:၀၀ မှ ၁၂:၀၀)**
စီးပွားဖြစ်ပီလောပီနံ

**အရှေ့ပိုးကရင် (၁၂:၀၀ မှ ၁၃:၀၀)**
စာပေစကားပြောကြရအောင်(အပိုင်း-၃)

**ချင်း (လိုင်ဇိုး) (၁၃:၀၀ မှ ၁၄:၀၀)**
နှလုံးသားထဲကထာဝရရိဒ်ရေကန်

**ချင်း (ချိုး) (၁၄:၀၀ မှ ၁၅:၀၀)**
မြန်မာ့မြေမှစိုက်ပျိုးစီးပွားလုပ္ပဘဝများ (ချင်းပြည်နယ်မှ အော်ဂဲနစ်စိုက်ပျိုးရေး)

**မွန် (၁၅:၀၀ မှ ၁၇:၀၀)**
စိုက်ပျိုးရေးမှိုအကြောင်း

**ရခိုင် (၁၇:၀၀ မှ ၁၉:၀၀)**
သဲပုံစေတီပွဲတော်(သျှစ်သောင်းမြောက်ပွဲ)

**ရှမ်း (၁၉:၀၀ မှ ၂၁:၀၀)**
ကလေးငယ်များကိုဖြည့်စွက်စာကျွေးခြင်း

**ဝ (၂၁:၀၀ မှ ၂၃:၀၀)**
'ဝ'ဘာသာစကားပြောကြရအောင်(အပိုင်း-၂)

### MRTV Sports

၀၆:၀၀ အဖွင့်
၀၆:၃၀ အခြေခံအားကစားနည်းစနစ်များ
၀၇:၀၀ Sports News
၀၇:၃၀ Soccer View/ Weekly Sports Info
၀၇:၄၅ အားကစားလောကထဲက သူတို့အကြောင်း
၀၈:၀၀ ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
၁၆:၀၀ ၂၀၂၂ ခုနှစ် တိုင်းနှင့်ပြည်နယ် အသက်(၂၁)နှစ်အောက် အမျိုးသား ဘောလုံးပြိုင်ပွဲစကားသံများ

MRTV Farmers' Channel ကို နေ့စဉ် နံနက် (၆:၀၀)နာရီမှ ည (၁၀:၀၀)နာရီထိ၊ Education Channel ကို စနေ၊ တနင်္ဂနွေနှင့် အစိုးရရုံးပိတ်ရက်များမှအပ နံနက် (၁၀:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME
www.mrtv.gov.mm
t.me/mrtvnews
www.twitter.com/mrtvwebportal

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

## ကရင်ပြည်နယ် မြို့နယ် ၇ မြို့နယ်၏ မဲဆန္ဒရှင်စာရင်းများနှင့် ဆန္ဒမဲပေးခဲ့မှုအခြေအနေများကို စစ်ဆေး

၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၇ ရက်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲနှင့် စပ်လျဉ်း၍ ကရင်ပြည်နယ် မြို့နယ် ၇ မြို့နယ်၏ မဲဆန္ဒရှင်စာရင်းများနှင့် ဆန္ဒမဲပေးခဲ့မှုအခြေအနေများကို စစ်ဆေးခဲ့ပြီးဖြစ်ပါသည်။

၂။ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ကရင်ပြည်နယ် မြို့နယ် ၇ မြို့နယ်၌ မဲရုံပေါင်း ၈၅၂ ရုံ၊ မဲဆန္ဒရှင် စုစုပေါင်း ၁၂၃၆၈၃၈ ဦးရှိသည့် အနက် ၆၆၁၆၉၈ ဦး မဲပေးခဲ့ကြသဖြင့် မဲပေးမှုရာခိုင်နှုန်း ၅၃.၅၀ ရာခိုင်နှုန်းရှိခဲ့ပြီး အောက်ဖော်ပြပါ နိုင်ငံရေးပါတီ ၁၄ ပါတီကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်လောင်းများ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်–

(က) အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၊
(ခ) ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ၊
(ဂ) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ၊
(ဃ) မွန်ညီညွတ်ရေးပါတီ၊
(င) ပြည်ထောင်စုကောင်းကျိုးဆောင်ပါတီ၊
(စ) ညီညွတ်သောတိုင်းရင်းသားလူမျိုးများဒီမိုကရေစီပါတီ၊
(ဆ) ပြည်သူ့ရှေ့ဆောင်ပါတီ၊
(ဇ) ကရင်ပြည်သူ့ပါတီ၊
(ဈ) တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊
(ည) ပြည်သူ့ပါတီ၊
(ဋ) ကယန်းအမျိုးသားပါတီ၊
(ဌ) အမျိုးသားဒီမိုကရေစီအင်အားစုပါတီ၊
(ဍ) ဗမာပြည်သူ့ပါတီ၊
(ဎ) ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်ပါတီ၊
(ဏ) တစ်သီးပုဂ္ဂလ။

၃။ စစ်ဆေးရာတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၅၃ အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ သက်ဆိုင်ရာ မြို့နယ်အလိုက် ယခင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနဦးစီးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ သက်ဆိုင်ရာ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များနှင့်အတူ မြေပြင်ဖွင့်ဖောက်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပါသည်။

၄။ မဲဆန္ဒရှင်စာရင်းစစ်ဆေးချက်များအရ ကရင်ပြည်နယ်၊ မြို့နယ် ၇ မြို့နယ်၏ ယခင် ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ခဲ့သည့် မဲဆန္ဒရှင်စာရင်းမှာ ၁၂၃၆၈၃၈ ဦး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလစာရင်းအရ အသက် ၁၈ နှစ်ပြည့်ပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများမှာ ၁၀၄၇၈၆၅ ဦး ဖြစ်သည်။ မဲဆန္ဒရှင်စာရင်းများတွင် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ၊ လက်မှတ်မရှိသူများမှာ ၂၄၁၉၅၃ ဦး၊ နိုင်ငံသားစိစစ်ရေးကတ်ပြား အမှတ်တစ်ခုတည်းဖြင့် မဲစာရင်းတွင် ၃ ကြိမ်နှင့်အထက် ပါဝင်နေသူများမှာ ၁၅၂၅၈ ဦး၊ ၂ ကြိမ် ပါဝင်နေသူများမှာ ၁၂၈၂၃၀ ဦး ဖြစ်သည်။

၅။ မြေပြင်စစ်ဆေးချက်များအရ အဆိုပါ ၇ မြို့နယ်တွင် မဲရုံပေါင်း ၈၅၂ ရုံ၊ စုစုပေါင်း ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၁၃၆၆၂၂၂ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၆၄၁၈၄၈၊ ကျန်ရှိရမည့်အရေအတွက်မှာ ၇၂၄၃၇၄၊ မြေပြင်လက်ကျန် ၆၅၄၀၂၉ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ ကွာခြားချက်အနေဖြင့် ကျန်ရှိရမည့်အရေအတွက်ထက် လျော့နည်းသော မဲလက်မှတ်အရေအတွက် ၇၂၂၇၂ ဖြစ်ပြီး၊ အပိုတွေ့ရှိရသော မဲလက်မှတ် အရေအတွက်မှာ ၁၉၂၇ ဖြစ်သည်။ မြို့နယ်အလိုက် ဆန္ဒမဲလက်မှတ်များ လျော့နည်းပျောက်ဆုံးခြင်း၊ တရားမဝင် အပိုရရှိနေခြင်းတို့ကို တွေ့ရှိရသည်။

၆။ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများနှင့် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်–

### မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများ စိစစ်တွေ့ရှိမှု

| စဉ် | မြို့နယ် | မဲရုံပေါင်း | မြို့နယ်ကော်မရှင်စာရင်း | လဝက စာရင်း | နိုင်ငံသားစိစစ်ရေးကတ်မရှိဘဲ မဲစာရင်းတွင် ပါဝင်နေသူများ | နိုင်ငံသားစိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၃ ကြိမ်နှင့်အထက် ပါဝင်နေသူများ | နိုင်ငံသားစိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၂ ကြိမ် ပါဝင်နေသူများ |
|---|---|---|---|---|---|---|---|
| ၁ | မြဝတီ | ၈၃ | ၁၇၂၀၂၅ | ၉၆၁၆၁ | ၄၇၀၃၅ | ၃၇၁၀ | ၁၉၉၀၈ |
| ၂ | လှိုင်းဘွဲ့ | ၁၇၆ | ၂၃၉၆၂၀ | ၂၁၀၄၀၇ | ၅၂၆၈၈ | ၁၄၃၄ | ၂၀၉၆၈ |
| ၃ | သံတောင်ကြီး | ၉၅ | ၆၂၂၈၉ | ၅၀၀၀၀ | ၇၈၀၅ | ၉၉၇ | ၇၅၇၈ |
| ၄ | ဘားအံ | ၂၃၀ | ၃၇၀၇၅၂ | ၃၃၇၂၅၅ | ၈၀၁၇၇ | ၃၁၁၇ | ၃၆၇၄၂ |
| ၅ | ကော့ကရိတ် | ၁၂၃ | ၂၀၅၃၅၆ | ၁၇၆၂၈၄ | ၃၃၈၅၉ | ၁၈၆၃ | ၂၂၆၂၆ |
| ၆ | ကြာအင်းဆိပ်ကြီး | ၁၂၀ | ၁၆၃၉၆၆ | ၁၅၄၅၅၀ | ၁၇၆၃၃ | ၄၁၃၇ | ၂၀၁၁၄ |
| ၇ | ဖာပွန် | ၂၅ | ၂၂၈၃၀ | ၂၃၂၀၈ | ၂၇၅၆ | | ၂၉၄ |
| | စုစုပေါင်း | ၈၅၂ | ၁၂၃၆၈၃၈ | ၁၀၄၇၈၆၅ | ၂၄၁၉၅၃ | ၁၅၂၅၈ | ၁၂၈၂၃၀ |

### မြို့နယ်အလိုက် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်

| စဉ် | မြို့နယ် | မဲရုံပေါင်း | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၁ | မြဝတီ | ၈၃ | ၁၇၇၈၃၉ | ၈၀၆၉၃ | ၉၇၁၄၆ | ၈၉၈၈၅ | ၇၂၆၉ | ၈ |
| ၂ | လှိုင်းဘွဲ့ | ၁၇၆ | ၂၆၈၀၉၃ | ၁၁၄၉၉၇ | ၁၅၃၀၉၆ | ၁၄၂၈၆၄ | ၁၀၄၁၀ | ၁၇၈ |
| ၃ | သံတောင်ကြီး | ၉၅ | ၇၂၀၃၇ | ၄၀၂၅၄ | ၃၁၇၈၃ | ၃၀၁၃၉ | ၂၀၅၂ | ၄၀၈ |
| ၄ | ဘားအံ | ၂၃၀ | ၄၁၅၆၉၉ | ၂၀၄၂၇၃ | ၂၁၁၄၂၆ | ၁၈၂၈၄၄ | ၂၈၆၈၃ | ၁၀၁ |
| ၅ | ကော့ကရိတ် | ၁၂၃ | ၂၂၉၇၆၂ | ၁၀၃၂၃၇ | ၁၂၆၅၂၅ | ၁၂၂၀၈၃ | ၄၅၀၈ | ၆၆ |
| ၆ | ကြာအင်းဆိပ်ကြီး | ၁၂၀ | ၁၇၇၂၄၆ | ၈၂၃၄၀ | ၉၄၉၀၆ | ၇၆၇၁၆ | ၁၈၆၀၈ | ၄၁၈ |
| ၇ | ဖာပွန် | ၂၅ | ၂၅၅၄၆ | ၁၆၀၅၄ | ၉၄၉၂ | ၉၄၉၈ | ၇၄၂ | ၇၄၈ |
| | စုစုပေါင်း | ၈၅၂ | ၁၃၆၆၂၂၂ | ၆၄၁၈၄၈ | ၇၂၄၃၇၄ | ၆၅၄၀၂၉ | ၇၂၂၇၂ | ၁၉၂၇ |

၇။ ကရင်ပြည်နယ်၊ မြို့နယ် ၇ မြို့နယ်၏ စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) **သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၆(က)အရ** ရွေးကောက်ပွဲ ကျင်းပသည့်နေ့တွင် အသက် ၁၈ နှစ်ပြည့်ပြီး ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သော နိုင်ငံသား၊ ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူများသာ မဲစာရင်းတွင် ပါဝင်ခွင့်ရှိပါသည်။ ကရင်ပြည်နယ် မြို့နယ် ၇ မြို့နယ်၏ မဲဆန္ဒရှင်စာရင်းများတွင် နိုင်ငံသားစိစစ်ရေးကတ်မရှိဘဲ မဲစာရင်းတွင် ပါဝင်နေသူများမှာ ၂၄၁၉၅၃ ဦး၊ ၃ ကြိမ်နှင့်အထက် ပါဝင်နေသူ ၁၅၂၅၈ ဦး၊ ၂ ကြိမ် ပါဝင်နေသူ ၁၂၈၂၃၀ ဦး ရှိနေကြောင်း စိစစ်တွေ့ရှိရသဖြင့် အဆိုပါ မြို့နယ် ၇ မြို့နယ်၌ မဲစာရင်းများ ကောက်ယူရာတွင် ဥပဒေနှင့်ညီညွတ်ခြင်းမရှိသော မှားယွင်းမှုများကို တွေ့ရှိရသည်။

(ခ) မဲရုံပေါင်း ၈၅၂ ရုံ၊ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၁၃၆၆၂၂၂ ဖြစ်ပြီး၊ မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၆၄၁၈၄၈၊ ကျန်ရှိရမည့်အရေအတွက်မှာ ၇၂၄၃၇၄ ၊ မြေပြင်လက်ကျန် ၆၅၄၀၂၉ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ ကျန်ရှိရမည့်အရေအတွက်ထက် လျော့နည်းသော မဲလက်မှတ်အရေအတွက် ၇၂၂၇၂၊ အပိုတွေ့ရှိရသော မဲလက်မှတ်အရေအတွက် ၁၉၂၇ ဖြစ်သည်။ မြို့နယ်များတွင် မဲရုံများအလိုက် ဆန္ဒမဲလက်မှတ်များ လျော့နည်းပျောက်ဆုံးခြင်း၊ တရားမဝင် အပိုရှိနေခြင်းတို့ကို တွေ့ရှိရသည်။ မဲရုံများသို့ မဲလက်မှတ်များ သတ်မှတ်အရေအတွက်ဖြင့် ထုတ်ပေးခဲ့ခြင်းဖြစ်ရာ အပိုတွေ့ရှိမှုများနှင့် မဲလက်မှတ်ပျောက်ဆုံးခြင်းများသည် တရားမဝင် ဆောင်ရွက်မှုများကြောင့်ဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

(ဂ) ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် အဆိုပါ မြို့နယ် ၇ မြို့နယ်၌ ပြည်သူ့လွှတ်တော်အတွက် ဆန္ဒမဲပေးခဲ့သူဦးရေမှာ ၆၆၁၆၉၈ ဦး၊ မဲပေးအသုံးပြုခဲ့သည့် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် ၆၄၁၈၄၈ စောင်ဖြစ်၍ မဲလက်မှတ်သုံးစွဲမှုတွင် ၁၉၈၅၀ စောင် လျော့နည်းအသုံးပြုထားကြောင်း တွေ့ရှိရသည်။

(ဃ) ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ကရင်ပြည်နယ်၊ မြို့နယ် ၇ မြို့နယ်၌ ပြည်သူ့ လွှတ်တော်အတွက် မဲပေးသူဦးရေမှာ ၆၆၁၆၉၈ ဦးဖြစ်ပြီး မဲရုံမဲပေးသူ ၄၇၅၉၂၈ ဦး၊ ကြိုတင်မဲပေးသူ ၁၈၅၇၇၀ ဦး ဖြစ်သဖြင့် မဲရုံမဲပေးသူ ၇၁.၉၃ ရာခိုင်နှုန်း၊ ကြိုတင်မဲပေးသူ ၂၈.၀၇ ရာခိုင်နှုန်း ဖြစ်သည်။

(င) အသက် ၁၈ နှစ် မပြည့်သူများကို မဲစာရင်းတွင် ထည့်သွင်း၍ မဲပေးခွင့်ပြုခဲ့ကြောင်း စိစစ်တွေ့ရှိရသည်။

(စ) ဆန္ဒမဲလက်မှတ် လက်ခံဖြတ်ပိုင်းများ၌ ဆန္ဒမဲပေးသူ၏ အမည်၊ မဲစာရင်း အမှတ်စဉ်၊ မဲရုံအမှတ်၊ ရပ်ကွက်/ကျေးရွာအမည်၊ လက်မှတ် သို့မဟုတ် လက်ဗွေ တို့ကို ဖြည့်သွင်းရေးသားထားမှုမရှိဘဲ မဲပေးသုံးစွဲထားမှုများ စိစစ်တွေ့ရှိရသည်။

(ဆ) အချို့မဲရုံများ၏ မဲဆန္ဒရှင်စာရင်းပုံစံ(၁)များတွင် မဲဆန္ဒရှင်လက်မှတ် သို့မဟုတ် လက်ဝဲလက်မလက်ဗွေရေးထိုးရိုက်နှိပ်ခြင်းမရှိဘဲ မဲလက်မှတ်များ ခွင့်ပြုထုတ်ပေးထားသည်ကို စိစစ်တွေ့ရှိရသည်။

(ဇ) သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေ ၁၅(က)ပါအတိုင်း မဲဆန္ဒရှင်စာရင်းပုံစံ(၁)၏ စာမျက်နှာတိုင်းတွင် ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့ လက်မှတ်ရေးထိုးခြင်းမရှိသည်ကို စိစစ်တွေ့ရှိရသည်။

(ဈ) ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများအနေဖြင့် ကြိုတင်ဆန္ဒမဲလက်မှတ်များ ကောက်ခံရာတွင် ကြိုတင်ဆန္ဒမဲလက်ခံဖြတ်ပိုင်းများနှင့် ဆန္ဒမဲလက်မှတ်အပိုများကို ဥပဒေနှင့်အညီအပ်နှံရန် ပျက်ကွက်ခဲ့ကြောင်း စိစစ်တွေ့ရှိရသည်။

(ည) နိုင်ငံသားစိစစ်ရေးကတ်မရှိသူများ မဲစာရင်းတွင် အစုလိုက်အပြုံလိုက် ပါဝင်ပြီး မဲဆန္ဒရှင်သက်သေခံလက်မှတ်များဖြင့်သာ နိုင်ငံသားစိစစ်ရေးကတ်မပါဘဲ မဲပေးမှုကို လက်ခံဆောင်ရွက်ခဲ့ကြောင်း စိစစ်တွေ့ရှိရသည်။

(ဋ) ကြိုတင်မဲများကောက်ခံရာတွင်လည်း ဥပဒေနှင့်ညီညွတ်မှုမရှိသော ဆန္ဒမဲပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း စိစစ်တွေ့ရှိရသည်။

စာမျက်နှာ ၁၆ သို့ ☆

☆ စာမျက်နှာ ၁၅ မှ

(ဋ) COVID-19 ရောဂါနှင့်စပ်လျဉ်း၍ ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်များကို အကြောင်းပြုကာ ရွေးကောက်ပွဲကျင်းပရန် အချိန်နီးကပ်မှသာ ဥပဒေနှင့် ညီညွတ်မှုမရှိသော ညွှန်ကြားချက်များ ထုတ်ပြန်၍ မဲစာရင်းများ ကောက်ခံမဲပေးစေခြင်း၊ ကြိုတင်မဲပေးစေခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း စိစစ်တွေ့ရှိရသည်။

၈။ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲတွင် အောက်ပါအတိုင်း ဥပဒေနှင့်ညီညွတ်မှုမရှိသော ဆောင်ရွက်မှုများ ဖြစ်ပေါ်ခဲ့ကြောင်း စိစစ်တွေ့ရှိရသည်-

(က) NLD ပါတီအနေဖြင့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ဖွဲ့စည်းရာတွင် ယင်းတို့၏ အမာခံပါတီဝင်များ ပါဝင်ပြီး ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များတွင် မသမာမှုပြုလုပ်နိုင်ရန် ကြိုတင်စီမံဆောင်ရွက်ခဲ့ကြောင်း တွေ့ရှိရသည်။ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့် ဖွဲ့စည်းတာဝန်ပေးအပ်ရာတွင် အမိန့်ကြော်ငြာစာထုတ်ပြန်ပြီးမှ ပြန်လည်ပယ်ဖျက်၍ တိုင်းဒေသကြီး/ပြည်နယ် ဝန်ကြီးချုပ်များမှ အမည်စာရင်းပေးပို့သူများဖြင့် ပြင်ဆင်ဖွဲ့စည်းမိန့် ထုတ်ပြန်ပေးခဲ့ရခြင်းများကို စိစစ်တွေ့ရှိရသည်။

(ခ) ယခင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် မဲစာရင်းများပြုစုရာတွင် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများအတိုင်း ဆောင်ရွက်ခြင်းမရှိဘဲ လိုအပ်သလို ညွှန်ကြားချက်များထုတ်ပြန်၍ ဆောင်ရွက်သဖြင့် မဲစာရင်းများ ဖောင်းပွခြင်း/ မှားယွင်းခြင်းများ ရှိခဲ့သည်ကို တွေ့ရှိရသည်။ အခြေခံမဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်ရေးအတွက် ပံ့ပိုးကူညီရေးအဖွဲ့များကို သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်ဝန်ကြီးချုပ်များ ဦးဆောင်ဖွဲ့စည်းခဲ့ပြီး မဲဆန္ဒရှင်အရည်အချင်း သတ်မှတ်ချက် ပြည့်စုံမှုရှိ/ မရှိ မစိစစ်နိုင်သည့် မဲစာရင်းတွင် မပါဝင်သေးသူများ ထည့်သွင်းနိုင်ရေးဆောင်ရွက်ခဲ့သည်ကို တွေ့ရှိရသည်။

(ဂ) ကရင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစောချစ်ခင်သည် လွှတ်တော်ကိုယ်စားလှယ်တစ်ဦး၏ လုပ်ပိုင်ခွင့်ထက် ကျော်လွန်ဖောက်ဖျက်ပြီး လှိုင်းဘွဲ့မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၇ အုပ်စုကို ရွေးကောက်ပွဲကျင်းပပြုလုပ်မည့် နယ်မြေစာရင်းမှ ပယ်ဖျက်ပေးရန် ပြည်နယ်လွှတ်တော်အနေဖြင့် အကြောင်းကြားစာပေးပို့ခြင်းဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်ကို ဝင်ရောက်စွက်ဖက်ခဲ့ပြီး နိုင်ငံရေးရည်ရွယ်ချက်တစ်ခုခုဖြင့် ပြည်နယ်လွှတ်တော်၏ အရှိန်အဝါကိုယူ၍ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း တွေ့ရှိရသည်။

(ဃ) အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ ဖာပွန်မြို့နယ် အောင်နိုင်ရေးအဖွဲ့ခေါင်းဆောင် ဦးညီညီကျော်က ဖာပွန်မြို့နယ်အတွင်းရှိ မဲဆန္ဒရှင် ၅၄ ဦးကို မဲစာရင်းတွင် ထည့်သွင်းပေးရန် ဥက္ကဋ္ဌ၊ ကရင်ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ သို့ လည်းကောင်း၊ ဘားအံမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ အောင်နိုင်ရေး စည်းရုံးရေးမှူး ဒေါ်ငြိမ်းငြိမ်းအောင်က လှိုင်းဘွဲ့မြို့နယ်အတွင်းရှိ မဲဆန္ဒရှင် ၇၇၅ ဦးကို မဲစာရင်းတွင် ထည့်သွင်းပေးရန် ဥက္ကဋ္ဌ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့လည်းကောင်း တင်ပြတောင်းဆိုခဲ့ကြောင်း တွေ့ရှိရပါသည်။

(င) ဖာပွန်မြို့နယ်အတွင်းရှိ ပုံစံ ၄ ဖြင့် ကန့်ကွက်ခြင်းခံထားရသူ မဲဆန္ဒရှင် ၄၇၁ ဦးနှင့် စပ်လျဉ်း၍ စိစစ်ခဲ့ရာ ကရင်ပြည်နယ်အစိုးရအဖွဲ့၊ လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဝန်ကြီးဌာနက အဆိုပါ အမျိုးသားမှတ်ပုံတင်ကတ်နံပါတ် ဖော်ပြထားသူ၊ ယာယီသက်သေခံ လက်မှတ်ဖော်ပြထားသူ၊ NVC နံပါတ် ဖော်ပြထားသူ၊ မည်သည့်လက်မှတ်မျှ ဖော်ပြမထားသူများသည် အိန္ဒိယနွယ်ဖွားများဖြစ်ပြီး ကိုင်ဆောင်လက်မှတ်နှင့် ရုံးမှတ်တမ်းများအရ နိုင်ငံခြားသား (သို့မဟုတ်) နိုင်ငံခြားသားအဖြစ် ခံယူထားသူများ မဟုတ်ကြောင်းနှင့် လိုအပ်သလို ဆက်လက်ဆောင်ရွက်သွားရန် ပြန်ကြားခဲ့သဖြင့် သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအနေဖြင့် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ မဲစာရင်းတွင် ပါဝင်၍ မဲပေးခွင့်ရရှိခဲ့ပြီးသူ ၁၅၈ ဦးအား မဲစာရင်းတွင် ထည့်သွင်းပေးခဲ့ရပြီး ကျန် ၃၁၃ ဦးသည် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်မှုမရှိသဖြင့် မဲစာရင်းမှ စိစစ်ပယ်ဖျက်ခဲ့ရကြောင်းတွေ့ရှိရသည်။

(စ) ယခင် ကရင်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဟောင်း နန်းခင်ထွေးမြင့်အနေဖြင့် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအတွင်းရေးမှူးအား ခေါ်ယူတွေ့ဆုံပြီး မဲစာရင်းတွင် ပါဝင်ခြင်း မရှိသေးသော NLD ပါတီကို ထောက်ခံသည့် နိုင်ငံသား စိစစ်ရေးကတ်မရှိသော သွေးနှောများကို သက်ဆိုင်ရာ မဲဆန္ဒရှင်စာရင်းများတွင် ထည့်သွင်းပေးရန်နှင့် ဆောင်ရွက်ပေးခြင်း မရှိပါက ရွေးကောက်ပွဲပြီးလျှင် သက်ဆိုင်ရာ မြို့နယ်နှင့် ရပ်ကွက်/ ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများအား လူ့အခွင့်အရေးကော်မရှင်သို့ တင်ပြ၍ တရားစွဲဆို အရေးယူဆောင်ရွက်သွားမည်ဟု ခြိမ်းခြောက်ဖိအားပေး အကျပ်ကိုင်စွက်ဖက်ခဲ့ကြောင်းနှင့် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေနှင့် ညီညွတ်မှုမရှိသူများအား မဲစာရင်းတွင် ထည့်သွင်းနိုင်ခြင်းမရှိကြောင်း ပြန်လည်တင်ပြခဲ့ရသည်ကို တွေ့ရှိရသည်။

(ဆ) ကရင်ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအနေဖြင့် မဲဆန္ဒရှင်တစ်ဦးတည်းမှ မဲ ၂ ကြိမ်ပေးခြင်း၊ မဲမသမာမှုများ မဖြစ်စေရန်အတွက် ကြိုတင်ဆန္ဒမဲပေးသူများကိုလည်း ရွေးကောက်ပွဲနေ့တွင် လက်သန်းမင်တို့သကဲ့သို့ ဆောင်ရွက်ခွင့် ရှိ / မရှိ လမ်းညွှန်မှုပြုပါရန် ယခင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့တင်ပြခဲ့ရာ ခွင့်ပြုမှုမရှိခဲ့ကြောင်း တွေ့ရှိရသည်။

(ဇ) မြဝတီမြို့နယ်၊ အမှတ်(၃)ရပ်ကွက် မဲရုံတွင် ယခင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌဟောင်း မန်းဝင်းခိုင်သန်း၏ သားဖြစ်သူ ကိုစိုးမှ မဲဆန္ဒရှင်သက်သေခံလက်မှတ်(မဲစလစ်အတု)များ ပြုလုပ်၍ ထုတ်ပေးရာတွင် သွားရောက်ကြီးကြပ်ခြင်း၊ NLD ပါတီဝင်များသည် ကြိုတင်မဲရုံနှင့် ကိုက် ၅၀ အကွာတွင် ၅- ၁၁- ၂၀၂၀ ရက်နေ့၌ NLD အလံနှင့် တံဆိပ်များ တပ်ဆင်ထားသည့် မော်တော်ယာဉ်ပေါ်မှ NLD အောင်နိုင်ရေးသီချင်းများဖွင့်၍ မဲဆွယ်စည်းရုံးခြင်း၊ ကြိုတင်မဲပုံးများကို တရားမဲ့စွာချိပ်ပိတ်ခြင်း/ သော့ခတ်ခြင်း၊ ကြိုတင်ဆန္ဒမဲများ ကောက်ယူစဉ် NLD ပါတီအား ဆန္ဒပြုရန် ပြောဆိုစည်းရုံးခြင်း၊ မဲဆန္ဒရှင်ကိုယ်စား ဆန္ဒပြုတံဆိပ်တုံးများ ရိုက်နှိပ်ပေးခြင်း စသည်ဖြင့် တရားမဲ့ပြုကျင့်မှုများ ဆောင်ရွက်ခဲ့ကြောင်း တွေ့ရှိရသည်။

(ဈ) ကြာအင်းဆိပ်ကြီးမြို့နယ်တွင် NLD ပါတီမှ အင်အားပြ မဲဆွယ်စည်းရုံးစဉ် ကရင်ပြည်နယ် အမျိုးသားလွှတ်တော်မဲဆန္ဒနယ်အမှတ်(၃) လွှတ်တော်ကိုယ်စားလှယ် ဦးစောယှားဖောင်အွာက ပါတီဝန်းရံသူများကို တစ်ဦးလျှင် ၅၀၀၀ ကျပ်နှုန်း ပေးဝေစည်းရုံးသဖြင့် ကန့်ကွက်တိုင်ကြားမှုများရှိခဲ့ကြောင်း တွေ့ရှိရသည်။

(ည) ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ မဲဆွယ်စည်းရုံးခွင့်ကာလ၊ ကြိုတင်ဆန္ဒမဲနှင့် ဆန္ဒမဲပေးသည့်နေ့ရက်များတွင် NLD ပါတီ ကိုယ်စားပြုလွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် ရွေးကောက်ပွဲအောင်နိုင်ရေးအဖွဲ့များအနေဖြင့် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေ၊ အမိန့်နှင့် ညွှန်ကြားချက်များ၊ COVID-19 ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ ညွှန်ကြားချက်များ၊ ဒေသန္တရအမိန့်များကို ဖောက်ဖျက်ကျူးလွန်ခဲ့ကြောင်း တွေ့ရှိရပြီး ယခင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့်လည်း သီးခြားလွတ်လပ်သော အဖွဲ့အစည်းတစ်ခုအဖြစ် မရပ်တည်ဘဲ အာဏာရ NLD ပါတီ၏ ဖိအားပေးလွှမ်းမိုးထိန်းချုပ်ခံရသဖြင့် ရွေးကောက်ပွဲလုပ်ငန်းစဉ်များတွင် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်နိုင်ခဲ့ခြင်း မရှိကြောင်း စိစစ်တွေ့ရှိရသည်။

(ဋ) မဲစာရင်းများပြုစုရန်အတွက် လူဦးရေစာရင်းအချက်အလက်များ ကောက်ယူရာတွင် ရပ်/ကျေးအုပ်ချုပ်ရေးမှူးများက ဥက္ကဋ္ဌအဖြစ် ပါဝင်သည့် လူဦးရေစာရင်း ကောက်ယူရေးလုပ်ငန်းအဖွဲ့က အဓိက ဆောင်ရွက်ခဲ့သည်။ မဲဆန္ဒရှင်စာရင်းများ မြေပြင်ကောက်ယူရာတွင် NLD အစိုးရက ခန့်အပ်ထားသည့် ရပ်/ကျေး အုပ်ချုပ်ရေးမှူးများနှင့် အချို့နေရာများတွင် NLD ပါတီ၏ အောင်နိုင်ရေးအဖွဲ့များ ပူးပေါင်းကောက်ယူကြောင်း စိစစ်သိရှိရသည်။ ယင်းသို့ စာရင်းများ ကောက်ယူရာတွင် ရပ်ကွက်/ ကျေးရွာအတွင်း အမှန်တကယ်နေထိုင်ခြင်း ရှိ/ မရှိ၊ နိုင်ငံသား စိစစ်ရေးကတ် ရှိ/ မရှိ၊ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေအရ မဲပေးပိုင်ခွင့်ရှိသူ ဟုတ်/ မဟုတ် စိစစ်နိုင်ခြင်းမရှိခဲ့သည့်အတွက် မဲစာရင်းတွင် နိုင်ငံသား စိစစ်ရေးကတ်မရှိသူများ အစုလိုက်အပြုံလိုက် ပါဝင်ခြင်း၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်တစ်ခုတည်းဖြင့် မဲစာရင်း ၂ ကြိမ်၊ ၃ ကြိမ်နှင့်အထက် ပါဝင်နေခြင်းတို့ကို စိစစ်တွေ့ရှိရသည်။ **သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ အခန်း (၆) မဲစာရင်းပြုစုခြင်းပါ ပုဒ်မ ၁၅(ဂ) တွင် "မဲဆန္ဒနယ်များရှိ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ မည်သူမဆို သက်ဆိုင်ရာ မဲဆန္ဒနယ်၏ မဲစာရင်း တစ်ခုမှအပ အခြားမဲဆန္ဒနယ်၏ မဲစာရင်းများ၌ တစ်ချိန်တည်းတွင် အမည်စာရင်းပါဝင်ခြင်း မရှိစေရ"**ဟု ပြဋ္ဌာန်းထားသော်လည်း မဲစာရင်းများ ကောက်ယူရာတွင် ဥပဒေနှင့် ညီညွတ်ခြင်း မရှိသော မှားယွင်းမှုများကို တွေ့ရှိရသည်။ **သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၁၉(ခ)အရ မဲစာရင်းတွင် ပါဝင်ခွင့်မရှိဘဲ ပါဝင်ကြောင်း တွေ့ရှိလျှင် ထိုအမည်များကို မဲစာရင်းမှ ပယ်ဖျက်ရမည်** ဟု ပြဋ္ဌာန်းထားသော်လည်း ပယ်ဖျက်ခြင်းမရှိဘဲ ထည့်သွင်းမဲပေးခဲ့ကြောင်း စိစစ်တွေ့ရှိရသည်။

(ဌ) အသက် ၆၀ နှစ်နှင့်အထက် မဲဆန္ဒရှင်များ ကြိုတင်မဲပေးရန်အတွက် ရွေးကောက်ပွဲနေ့ မတိုင်မီ ၂၉-၁၀-၂၀၂၀ ရက်နေ့မှစတင်၍ ဆောင်ရွက်နိုင်ကြောင်း ယခင် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က ညွှန်ကြားချက်ထုတ်ပြန်ဆောင်ရွက်ခဲ့သည့်အတွက် ကြိုတင်ဆန္ဒမဲများ ကောက်ခံရာတွင် အချို့နေရာများ၌ NLD ပါတီ အောင်နိုင်ရေးအဖွဲ့များ ပါဝင်၍ နေအိမ်များသို့ သွားရောက်ကာ ဆောင်ရွက်ခဲ့ကြသဖြင့် ဥပဒေနှင့်မညီသော မဲပေးမှုဖြစ်စဉ်များ ပေါ်ပေါက်ခဲ့သည်။ ကိုဗစ်-၁၉ ရောဂါနှင့်စပ်လျဉ်း၍ ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်အရ မိမိမဲဆန္ဒနယ်သို့ ပြန်လည်ဆန္ဒမဲပေးခြင်းမပြုနိုင်သည့် မဲဆန္ဒရှင်များ ကြိုတင်ဆန္ဒမဲပေးရန် အသိပေးကြေညာချက်ကို ၈- ၁၀- ၂၀၂၀ ရက်နေ့နှင့် ညွှန်ကြားချက်ကို ၁၁- ၁၀- ၂၀၂၀ ရက်နေ့တို့တွင် ယခင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ကြေညာဆောင်ရွက်ခဲ့သည်။ ယင်း ညွှန်ကြားချက်များကြောင့် မဲစာရင်းများထပ်ခြင်း၊ နိုင်ငံသား စိစစ်ရေးကတ်မရှိသူများ အစုလိုက်အပြုံလိုက် မဲစာရင်းတွင်ထည့်သွင်း၍ မဲပေးခဲ့ခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း စိစစ်တွေ့ရှိရသည်။

(ဍ) မဲဆန္ဒရှင်များ ဆန္ဒမဲပေးသည့်အခါတွင် နိုင်ငံသားစိစစ်ရေးကတ်မရှိသူ မဲဆန္ဒရှင်များ မဲပေးခွင့်ရရှိရေးအတွက် ယခင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် က ၁၉- ၈- ၂၀၂၀ ရက်နေ့တွင် ညွှန်ကြားချက်ထုတ်ပြန်၍ ဆောင်ရွက်ခဲ့သဖြင့် မဲရုံများတွင် နိုင်ငံသားစိစစ်ရေးကတ် စိစစ်မှု မပြုနိုင်သော မဲဆန္ဒရှင်သက်သေခံ လက်မှတ်များဖြင့် မဲပေးခဲ့ခြင်းကြောင့် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေများနှင့် ညီညွတ်မှုမရှိသော နိုင်ငံသားစိစစ်ရေးကတ်မရှိသူများ မဲပေးခွင့်ပြုခဲ့ခြင်း၊ နိုင်ငံသားစိစစ်ရေးကတ် အမှတ်တစ်ခုတည်းဖြင့် ၂ ကြိမ်၊ ၃ ကြိမ်နှင့် အထက် မဲစာရင်းတွင် ပါဝင်သူများ မဲပေးခွင့်ရရှိခဲ့ကြသဖြင့် သက်ဆိုင်ရာ လွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၉ ပါ ပြဋ္ဌာန်းချက်များကို ကျူးလွန်ဖောက်ဖျက်မှုများ ရှိခဲ့ကြောင်း စိစစ်တွေ့ရှိရပါသည်။ ရွေးကောက်ပွဲနေ့တွင် မဲရုံများ၌ အသုံးပြုခဲ့သည့် ဆန္ဒပြုအမှန်ခြစ် တံဆိပ်တုံးများနှင့်စပ်လျဉ်း၍ ဆောင်ရွက်ရာတွင် UEC တံဆိပ်မပါရှိသည့် အမှန်ခြစ်တံဆိပ်တုံး ရိုက်နှိပ်ထားသော မဲလက်မှတ်များကို တွေ့ရှိပါကလည်း ခိုင်လုံမဲအဖြစ် သတ်မှတ်မည် ဖြစ်ကြောင်း ညွှန်ကြားခဲ့ခြင်းသည် မဲရေတွက်မှုများတွင် ရှုပ်ထွေးမှုများကို ဖြစ်ပေါ်စေခဲ့သဖြင့် မဲရလဒ်များ မှန်ကန်မျှတမှုမရှိကြောင်း စိစစ်တွေ့ရှိရပါသည်။

(ဎ) မဲစာရင်းများတွင် အကြိမ်ကြိမ် ပါဝင်နေခြင်းသည် ရွေးကောက်ပွဲဆိုင်ရာ မဲမသမာမှု ပြုရန် အခွင့်အလမ်းတစ်ရပ်သဖွယ်ဖြစ်နေပြီး မဲစာရင်း ၂ ကြိမ်/ ၃ ကြိမ်ပါဝင်နေသူများအနက် တစ်ကြိမ်ထက် ပိုမိုဆန္ဒပြုထားသူများကို တွေ့ရှိရသဖြင့် စိစစ်ဖော်ထုတ်အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိသည်။ ဆန္ဒမဲ ၂ ကြိမ်/ ၃ ကြိမ် ပေးမှုများကို အောက်ပါအခြေအနေများတွင် ပြုလုပ်နိုင်ပြီး သက်ဆိုင်ရာ မဲစာရင်းပုံစံ(၁)တွင် လက်မှတ်ရေးထိုးထားသည့် အထောက်အထားများအရ အသေးစိတ်စိစစ်လျက်ရှိသည်-

(၁) သက်ဆိုင်ရာ မဲဆန္ဒရှင်အနေဖြင့် မြို့တစ်မြို့တည်းရှိ ရပ်ကွက်/ ကျေးရွာ အုပ်စုများ၌ ကြိုတင်ဆန္ဒမဲပေးခြင်းကို ၎င်းအမည်စာရင်းပါ မဲရုံများတွင် ကြိုတင်ဆန္ဒမဲပေးမည့် နေ့ရက်များတွင် ၁ ကြိမ်နှင့်အထက် မဲပေးနိုင်ပြီး ရွေးကောက်ပွဲကျင်းပသည့်နေ့ မဲရုံတွင် ၁ ကြိမ် ဆန္ဒမဲပေးနိုင်ကြောင်း တွေ့ရှိရသည်။

(၂) မဲမသမာမှုပြုလုပ်သူအနေဖြင့် ၎င်းမဲဆန္ဒရှင် အမည်စာရင်းပါ မြို့နယ်နှင့် အခြား မဲစာရင်းပါရှိသည့် မြို့နယ်တို့ နီးကပ်ခြင်း၊ ကျေးရွာအုပ်စုကပ်လျက်ရှိခြင်း စသည့် အခြေအနေများတွင်လည်း ကြိုတင်ဆန္ဒမဲပေးနိုင်ကြောင်း တွေ့ရှိရသည်။

(၃) ရွေးကောက်ပွဲကျင်းပသည့်နေ့တွင်လည်း မဲရုံတွင် လက်သန်း မင်မတို့ဘဲ ရှောင်လွှဲကာ အခြားမဲစာရင်းပါရှိသည့် မဲရုံများတွင် ဆန္ဒမဲပေးနိုင်ကြောင်း တွေ့ရှိရသည်။

စာမျက်နှာ ၁၇ သို့ ☆


☆ စာမျက်နှာ ၁၆ မှ

၉။ ထိုကဲ့သို့ မဲရုံတိုင်း၌ မဲစာရင်းများ အရေအတွက်များပြားစွာ မှားယွင်းမှုများ ဖြစ်ပေါ်ခဲ့ခြင်းသည် မတော်တဆဖြစ်ပေါ်ခဲ့သော မှားယွင်းမှုမျိုးမဟုတ်ဘဲ ကြိုတင်ကြံစည် ဆောင်ရွက်ခဲ့ခြင်းကြောင့်သာ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ ထို့ပြင် မဲစာရင်းကောက်ယူခြင်း၊ မဲဆွယ်စည်းရုံးခြင်း၊ ကြိုတင်ဆန္ဒမဲပေးခြင်း၊ ရွေးကောက်ပွဲနေ့ ဆန္ဒမဲပေးခြင်းစသည့် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်တွင် ဝင်ရောက်စွက်ဖက်၍ မလျော်သြဇာအသုံးပြု၍ မသမာမှုများ ဆောင်ရွက်ခဲ့ကြောင်း တွေ့ရှိရသည့်အပြင် ယခင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့်လည်း တရားဝင်အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို အလွဲသုံးစားပြုကာ ဥပဒေ၊ နည်းဥပဒေများကို ကျော်လွန်ဖောက်ဖျက် ဆောင်ရွက်ခဲ့ကြောင်း တွေ့ရှိရသည်။

၁၀။ သို့ဖြစ်၍ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ကရင်ပြည်နယ်အတွင်းရှိ မြို့နယ်ပေါင်း ၇ မြို့နယ်၏ မဲစာရင်းများနှင့် မဲပေးခဲ့မှုအခြေအနေများကို စစ်ဆေးခဲ့ရာတွင် NLD ပါတီသည် ရွေးကောက်ပွဲတွင် ယင်းတို့ ပါတီတစ်ခုတည်းသာ အနိုင်ရရှိပြီး အစိုးရအဖွဲ့ ဖွဲ့စည်းနိုင်ရေးအတွက် ပြိုင်ဘက်ပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ မဲဆွယ်စည်းရုံးရေး အပါအဝင် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုများအားလုံးကို COVID-19 ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ ကန့်သတ်ချက်/ တားမြစ်ချက်ကို အလွဲသုံး၍လည်းကောင်း၊ အုပ်ချုပ်ရေးအာဏာကို အလွဲသုံး၍လည်းကောင်း ကန့်သတ်ထိန်းချုပ်ခဲ့ပြီး နိုင်ငံတော်အာဏာကို မတရား ရယူနိုင်ရန် ကြိုတင်ကြံစည်ဆောင်ရွက်ခဲ့ကြောင်း စိစစ်တွေ့ရှိရသည်။ အထက်ပါ စိစစ်ချက်များအရ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲ ဥပဒေ/ နည်းဥပဒေများနှင့် ညီညွတ်မှု မရှိသည်ကို စစ်ဆေးတွေ့ရှိရ သဖြင့် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲသည် လွတ်လပ်၍ တရားမျှတမှုမရှိကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ဦးမန်းဝင်းခိုင်သန်း၏သား ကိုစိုးသည်မဲစလစ်အတုများ ထုတ်ပေးရာတွင် သွားရောက်ကြီးကြပ်နေပုံ။



ရဲစိုက်ခင်းတွင် နေထိုင်သူ ဦးဖိုးထူးမှ ဒေါင်းနီတံဆိပ်ထုပ်ဟု မဲရုံအတွင်း လိုက်လံစည်းရုံးနေပုံ။





NLD ပါတီဝင် ဦးအောင်နိုင်(ခ) ဦးကျော်ကျော်နှင့် ကိုစိုးတို့မှ မဲစာရင်းကတ်ပြားအတု အလွတ်စာရွက်များ ရေးသွင်းထုတ်ပေးခဲ့သည့် မဲစာရင်းကတ်ပြားအတုအား လက်ခံရရှိသူ၏ မှတ်တမ်းဓာတ်ပုံနှင့် မဲစာရင်းကတ်ပြားအတု မှတ်တမ်းဓာတ်ပုံ။





NLD ပါတီဝင် ဦးအောင်နိုင် (ခ) ဦးကျော်ကျော်နှင့် ကိုစိုးတို့မှ မဲစာရင်းကတ်ပြားအတု အလွတ်စာရွက်များအား ထုတ်ပေးနေသည့် မှတ်တမ်းဓာတ်ပုံ။



မဲပေးမည့်သူများအား မဲရုံနှင့်ကပ်၍ မဲစလစ်ထုတ်ပေးနေပုံ။




မဲရုံအနီး၌ မဲရုံမှ ကိုက် ၅၀ အတွင်း မဲဆွယ်သီချင်းဖွင့်နေပုံ။







ကြာအင်းဆိပ်ကြီးမြို့နယ်တွင် NLD ပါတီမှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်း စောယှားဖောင်အွာက ပါတီ အောင်နိုင်ရေး လှည့်လည်ပွဲ လိုက်ပါဝန်းရံသူများကို ငွေကြေးပေးဝေ စည်းရုံးမှုပြုနေသည့် မှတ်တမ်းဓာတ်ပုံ။

"ကရင်ပြည်နယ်အတွင်းရှိ မြို့နယ်ပေါင်း ၇ မြို့နယ်၏ မဲစာရင်းများနှင့် မဲပေးခဲ့မှု အခြေအနေများကို စစ်ဆေးခဲ့ရာတွင် NLD ပါတီသည် ရွေးကောက်ပွဲတွင် ယင်းတို့ပါတီတစ်ခုတည်းသာ အနိုင်ရရှိပြီး အစိုးရအဖွဲ့ ဖွဲ့စည်းနိုင်ရေးအတွက် ပြိုင်ဘက်ပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ မဲဆွယ်စည်းရုံးရေး အပါအဝင် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုများအားလုံးကို COVID-19 ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ ကန့်သတ်ချက်/ တားမြစ်ချက်ကို အလွဲသုံး၍လည်းကောင်း၊ အုပ်ချုပ်ရေးအာဏာကို အလွဲသုံး၍ လည်းကောင်း ကန့်သတ် ထိန်းချုပ်ခဲ့ပြီး နိုင်ငံတော်အာဏာကို မတရားရယူနိုင်ရန် ကြိုတင်ကြံစည်ဆောင်ရွက်ခဲ့ကြောင်း စိစစ်တွေ့ရှိရ

စာမျက်နှာ ၁၈ သို့ ☆

☆ စာမျက်နှာ ၁၈ မှ

၅။ ဒီမိုကို့နေထိုင်ရာဒေသတွင် အိမ်ထောင်စုလူဦးရေစာရင်းပုံစံ ၆၆/၆ ဖြင့်သော်လည်းကောင်း၊ အနည်းဆုံး ရက်ပေါင်း(၁၈၀)နေထိုင်ပြီးသူသော်လည်းကောင်း အထက်ဖော်ပြပါတင်ပြချက်အကျဉ်းအရ မဲဆန္ဒပေးပိုင်ခွင့် ရရှိပိုင်ပါသည်။ သို့ရာတွင် မဲစာရင်းတွင် အမည်ထည့်သွင်းပေးခြင်းမရှိသဖြင့် အလွန်နစ်နာကြရပါသည်။

၆။ သို့ဖြစ်ပါ၍ အဆိုပါပုဂ္ဂိုလ်များအား ဆန္ဒမဲပေးခွင့်ပြုပါရန်နှင့် အမည်စာရင်းထည့်သွင်းပေးပါရန် ပူးတွဲပါ ပူးတင်းသင်းစာရင်းကောက်ခံမှုဇယားများနှင့်အတူ မေတ္တာရပ်ခံ အကူအညီတောင်းခံအပ်ပါသည်။

လေးစားစွာဖြင့်

(signature)

ဒေါ်ငြိမ်းငြိမ်းအောင်

NLDအောင်နိုင်ရေးစည်းရုံးရေးမှူး

ကရင်ပြည်နယ်၊ဘားအံမြို့

ဖုန်း၊ ၀၉-၆၉၄၅၉၄၄၂၉

မိတ္တူကို -

- ဥက္ကဋ္ဌ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၊ ရန်ကုန်မြို့
- ဥက္ကဋ္ဌ၊ ကရင်ပြည်နယ်ရွေးကောက်ပွဲကော်မရှင်ရုံး၊ ဘားအံမြို့
- ဝန်ကြီး၊ လူဝင်မှုကြီးကြပ်ရေးနှင့်လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီးဌာန၊ ဘားအံမြို့
- ဥက္ကဋ္ဌ၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်ရုံး၊ ဘားအံမြို့
- ဥက္ကဋ္ဌ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်ရုံး၊ ဘားအံမြို့
- ရုံးလက်ခံစာတွဲ

မှတ်ချက်။ ။ ကောက်ခံရရှိသောစာရင်းများမှာ ပြည့်စုံမှုမရှိသေးပါသဖြင့် ဆက်လက်ကောက်ခံလျှက်ရှိသော စာရင်းများအား ထပ်မံပေးပို့သွားမည်ဖြစ်ပါသည်။

---

ပူးတွဲ (၁၈)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ကရင်ပြည်နယ်အစိုးရအဖွဲ့

လူဝင်မှုကြီးကြပ်ရေးနှင့်လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီးဌာန

ဝန်ကြီးရုံး

| | |
|---|---|
| [illegible] | ၁၉၉၃ |
| [illegible] | ၂၀.၈.၂၀ |
| [illegible] | ၅ : ၁၇ |
| [illegible] | [illegible] |

စာအမှတ်၊ ၂၀၀/လစအ(လ၀က)/၂၀၂၀ (၀၇၂)

ရက် စွဲ ၊ ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၂၀ ရက်

သို့

ဥက္ကဋ္ဌ

ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး

ဘားအံမြို့

အကြောင်းအရာ။ မဲစာရင်းတွင် မျဉ်းသားထားမှုနှင့်ပတ်သက်၍ စိစစ်တင်ပြလာခြင်းကိစ္စ

ရည် ညွှန်း ချက်။ ပြည်နယ်လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဆိုင်ရာဦးစီးမှူးရုံး၊ ဘားအံမြို့၏ (၁၉-၈- ၂၀၂၀) ရက်စွဲပါစာအမှတ်၊ ၁၀၂/မ-၆(နငသ-၄)၃၂၂၈/အမတ

၁။ ကရင်ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့ ဖာပွန်မြို့သို့ရောက်ရှိစဉ် ကမမောင်းမြို့ရှိ မဲစာရင်းအား ကွင်းဆင်းစစ်ဆေးခဲ့ရာ ရပ်ကွက်(၂)နှင့် ရပ်ကွက်(၃)ရှိ မဲစာရင်းတွင် မဲဆန္ဒရှင်အမည်များ (High Light) ပန်းရောင်ဖြင့် မျဉ်းသားထားသူများနှင့်ပတ်သက်၍ ကိုင်ဆောင်လက်မှတ်အထောက်အထားများနှင့် နိုင်ငံသားဖြစ်မှုအခြေအနေကို ဖာပွန်မြို့နယ်ဦးစီးမှူးမှစိစစ်ရာ အမတနံပါတ် 2PPN-000910 ကိုင်ဆောင်သူ ဦးတင်စိုးသည် ၂၀၁၇ ခုနှစ်တွင် နိုင်ငံခြားသား မှတ်ပုံတင်အမှတ် PUN-00111 ကိုင်ဆောင်ထားကြောင်း တွေ့ရှိရပြီး အမတနံပါတ်ဖော်ပြထားသူ၊ ယာယီသက်သေခံလက်မှတ်ဖော်ပြထားသူ၊ NVC နံပါတ်ဖော်ပြထားသူ၊ မည်သည့်လက်မှတ်မှမဖော်ပြထားသူ စုစုပေါင်း(၄၇၀)ဦး ရှိပါကြောင်း တွေ့ရှိရပါသည်။

၂။ အဆိုပါ(၄၇၀)ဦးသည် အိန္ဒိယနွယ်ဘွားများဖြစ်ပြီး ကိုင်ဆောင်လက်မှတ်နှင့် ရုံးမှတ်တမ်းများအရ နိုင်ငံခြားသား(သို့မဟုတ်) နိုင်ငံခြားသားအဖြစ်ခံယူထားသူများမရှိပါကြောင်း ရည်ညွှန်းချက်ပါစာဖြင့် တင်ပြလာပါသည်။

၃။ သို့ဖြစ်ပါ၍ အမတနံပါတ်ဖော်ပြထားသူ၊ ယာယီသက်သေခံလက်မှတ်ဖော်ပြထားသူ၊ NVC နံပါတ်ဖော်ပြထားသူ၊ မည်သည့်လက်မှတ်မှမဖော်ပြထားသူများသည် အိန္ဒိယနွယ်ဘွားများဖြစ်ပြီး ကိုင်ဆောင်လက်မှတ်နှင့် ရုံးမှတ်တမ်းများအရ နိုင်ငံခြားသား(သို့မဟုတ်) နိုင်ငံခြားသားအဖြစ် ခံယူထားသူများ မဟုတ်ပါကြောင်း တင်ပြလာမှုအား လိုအပ်သလို ဆက်လက်ဆောင်ရွက်သွားရန် အကြောင်းကြားပါသည်။

(signature)

(မင်းကိုနိုင်)

ပြည်နယ်လူဝင်မှုကြီးကြပ်ရေးနှင့်လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီး

---

ပူးတွဲ (၁၈)

ပြည် နယ် ရွေး ကောက် ပွဲ ကော် မ ရှင် အ ဖွဲ့ ခွဲ

က ရင် ပြည် နယ် - ဘား အံ မြို့

စာအမှတ်၊ ၁ / ၅ - ၅ / က မ ရ ([illegible])

ရက် စွဲ၊ ၂၀၂၀ ပြည့်နှစ်၊နိုဝင်ဘာလ ၅ ရက်

သို့

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

နေပြည်တော်

အကြောင်းအရာ။ ကြိုတင်မဲပေးခြင်းတွင် လက်သန်းမင်တို့ခြင်းကိစ္စ တင်ပြခြင်း

၁။ ယခုအချိန်ကာလသည် ရပ်ကွက်/ ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများတွင် ကြိုတင်မဲပေးခြင်းကို အသက် (၆၀) နှစ်နှင့် အထက် မဲဆန္ဒရှင်များသည် ( ၂၉-၁၀-၂၀၂၀ ) ရက်နေ့မှ ၅-၁၁-၂၀၂၀) ရက်နေ့အထိ၊ လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၄၅ တွင် အကျုံးဝင်သော ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ပြည်ထောင်စုအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့နှင့် တိုင်းဒေသကြီး/ ပြည်နယ်အဆင့် အဖွဲ့အစည်းဝင်များ၊ တိုင်းဒေသကြီး/ ပြည်နယ်နှင့် ခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များ၊ ရွေးကောက်ပွဲတာဝန်ထမ်းဆောင်ရန်အတွက် ကြိုတင်ဆန္ဒမဲပေးရန် အမှန်တကယ်လိုအပ်သူများ" သည် (၂၉-၁၀-၂၀၂၀)ရက်နေ့မှ (၇-၁၁-၂၀၂၀)ရက်နေ့အထိ ဆောင်ရွက်လျက်ရှိပါသည်။

၂။ မဲဆန္ဒရှင်များအနေဖြင့် ဆန္ဒပြုပြီးကြောင်း မှတ်သားရန်အတွက် လက်သန်းတွင် မင်တို့ထားခြင်း နှင့်ပါက လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၅၉ (ဆ)နှင့် (ဇ)တို့ပါ ပြဋ္ဌာန်းချက်များအား ဖောက်ဖျက်ရာ ရောက်လာနိုင်ပါသည်။

၃။ သို့ဖြစ်ပါ၍ ကြိုတင်ဆန္ဒမဲပေးခြင်းဆောင်ရွက်စဉ်တွင်လည်း ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် ဆန္ဒပြုပြီးသော မဲဆန္ဒရှင်များ လက်သန်းမင်တို့သကဲ့သို့ မှတ်သားဆောင်ရွက်ခွင့် ရှိ/ မရှိ လမ်းညွှန်မှု ပြုနိုင်ပါရန် တင်ပြအပ်ပါသည်။

(signature)

ဥက္ကဋ္ဌ

(မန်းကျော်ဝင်းမောင်)

မိတ္တူကို

ဦးစောဒယ်နီရယ်ကြည်၊ အဖွဲ့ဝင်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ရုံးလက်ခံ/ မျှောစာတွဲ

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

စာအမှတ်၊ ၄ / ရကပ (၄၀၆) / ကမရ

ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၃ ရက်

သို့

ကရင်ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ

အကြောင်းအရာ။ ကြိုတင်ဆန္ဒမဲပေးခြင်းကိစ္စ

ရည်ညွှန်းချက်။ ကရင်ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၏ ၁-၁၁-၂၀၂၀ ရက်စွဲပါ စာအမှတ်၊ ၁ / ၅-၅ / ကမရ (၉၇၇)

၁။ သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများတွင် ကြိုတင်ဆန္ဒမဲပေးနိုင်ရေး ဆောင်ရွက်ရာ၌ လက်သန်းတွင် မင်တို့ထားခြင်းမရှိပါက သက်ဆိုင်ရာ လွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၉ (ဆ) နှင့် (ဇ) တို့ပါ ပြဋ္ဌာန်းချက်များကို ဖောက်ဖျက်နိုင်သဖြင့် ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် ဆန္ဒပြုပြီးသော မဲဆန္ဒရှင်များ လက်သန်းမင်တို့သကဲ့သို့ မှတ်သားဆောင်ရွက်ခွင့် ရှိ/ မရှိ လမ်းညွှန်မှုပြုနိုင်ပါရန် ကရင်ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက ရည်ညွှန်းပါစာဖြင့် တင်ပြလာပါသည်။

၂။ အဆိုပါတင်ပြစာနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေပါ သတ်မှတ်ပြဋ္ဌာန်းချက်များတွင်မပါဝင်ခြင်း၊ ယခင်ကျင်းပပြုလုပ်ခဲ့သည့် ရွေးကောက်ပွဲများတွင် ဆောင်ရွက်ခဲ့မှုမရှိခြင်း တို့ကြောင့် ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများတွင် မဲဆန္ဒနယ်အတွင်း ကြိုတင်ဆန္ဒမဲပေးရာ၌ လက်သန်းမင်တို့၍ မှတ်သားခြင်းကို ဆောင်ရွက်ခွင့် မပြုကြောင်း နှင့် သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်သို့ ထပ်ဆင့်ညွှန်ကြား၍ ကြပ်မတ်ဆောင်ရွက်ရန် အကြောင်းကြားပါသည်။

(signature) ၃.၁၁.၂၀၂၀

ဥက္ကဋ္ဌ (ကိုယ်စား)

(ခင်မောင်ဦး၊ ညွှန်ကြားရေးမှူးချုပ်)

မိတ္တူကို

-------------------------------တိုင်းဒေသကြီး/ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ

ပြည်ထောင်စုနယ်မြေရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ

ဤ "ဗုဒ္ဓအကြောင်း သိကောင်းစရာ မှတ်တမ်း" စာအုပ်သည် ဗုဒ္ဓဘာသာဝင်တိုင်း သိသင့်သိထိုက်သော ဗုဒ္ဓအကြောင်း မှတ်တမ်းတင်ခြင်းကို ရေးသားထားခြင်း ဖြစ်ပါသည်။ အစမှအဆုံးအထိ ဖတ်ကြည့်သောအခါ ဗုဒ္ဓဝင် ဖြစ်ပါသည်။ ဤစာအုပ်သည် မြတ်ဗုဒ္ဓ၏ သန္ဓေယူသည်မှ ပရိနိဗ္ဗာန်စံသည်အထိ (တေဇောဓာတ် လောင်ကျွမ်းခြင်း) စုဆောင်းဖော်ပြရေးသားထားပါသည်။ မကျဉ်းမကျယ်သော ဗုဒ္ဓအကြောင်း ဖြစ်ပါသည်။ စာရေးသူက တိုတိုနှင့် လိုရင်းသို့ရောက်အောင် ရေးပြထားပါသည်။ (စာတည်း)

# ဗုဒ္ဓအကြောင်း သိကောင်းစရာမှတ်တမ်း

ဆရာကြည်

**ဘုရားလောင်းငယ်ဘဝ**

ဘုရားလောင်းသားတော်အား ပြုစုစောင့်ရှောက်ရန် သုဒ္ဓေါဒနမင်းကြီးသည် အထိန်းတော် မိန်းမပေါင်း ၂၄၀ ကို ရွေးချယ်ခန့်ထားပါသည်။ သားတော် မွေးဖွားပြီး ခုနစ်ရက်မြောက်သောနေ့တွင် မယ်တော်မာယာသည် စုတေ၍ တုသိတာနတ်ပြည်မှာ "သန္တုသိတ" မည်သော နတ်သား သွားဖြစ်ပါသည်။ ယင်းသို့ မယ်တော် စုတေခြင်းကြောင့် ၎င်း၏ညီမတော် မိထွေးတော် မြောက်နန်းစံမိဖုရား မဟာပဇာပတိ ဂေါတမီသည် သားတော်အရင်း နန္ဒမင်းသားကို နို့ထိန်းတို့ထံ အပ်နှင်းသည်။ ဘုရားလောင်းကို မိမိကိုယ်တိုင် နို့တိုက်သည်။ မွေးမြူ၏။ ပြုစုစောင့်ရှောက်ခဲ့ပါသည်။

**လယ်ထွန်မင်္ဂလာပြုလုပ်ခြင်း**

ဘုရားလောင်း တစ်လပြည့်သောအခါ သုဒ္ဓေါဒနမင်းကြီးသည် လယ်ထွန်မင်္ဂလာ ကျင်းပပါသည်။ ယင်းသို့ လယ်ထွန်မင်္ဂလာ ပြုလုပ်ရာတွင် သားတော်အနီးရှိ ဇမ္ဗူသပြေပင်ကြီးနေရာ၌ သားတော်ကို ခင်းကျင်းကာရံစီမံလျက် အထိန်းတော်မိန်းမများ စောင့်ရှောက်ထားပါသည်။ မင်းကြီးသည် လယ်ထွန်မင်္ဂလာသဘင်ကို ရှုမျှော်လျက် မေ့လျော့နေပါသည်။ ထိုအချိန်၌ ဘုရားလောင်းသားငယ်သည် ၎င်းထားသောနေရာ၌ တင်ပျဉ်ခွေထိုင်လျက် အာနာပါနကမ္မဋ္ဌာန်းကို နှလုံးသွင်း၍ ပထမစျာန်ဝင်စားတော်မူ၏။ ယင်းဘုရားလောင်း သမာပတ်ဝင်စားနေချိန် နံနက်မှ ညနေအထိ သပြေပင်တို့အရိပ်သည် မပြောင်းလဲဘဲ ထီးမိုးထားသကဲ့သို့ တည်နေပါသည်။

ယင်းသို့ အဖြစ်အပျက်များကို အစောင့်ချထားသော မိန်းမများသည် မင်းကြီးအား သွားရောက်လျှောက်ထားကြပါသည်။ ယင်း အခြင်းအရာကို မင်းကြီးမြင်လျှင် အလွန်နှစ်သက်ဝမ်းမြောက်၍ လက်အုပ်ချီ၍ ရှိခိုးလေသည်။ (ဒုတိယအကြိမ် ဖြစ်ပါသည်။)

**ဘုရားလောင်းသည် ညဉ့်ဦးယံတွင် နိုးလာသောအခါ အခြွေရံမောင်းမမိဿံတို့၏ အိပ်ပျော်နေသည်ကိုကြည့်၍ ပို၍သံဝေဂရပါသည်။ ဟောက်သူက ဟောက်၍ အိပ်ပျော်နေသည်။ အိပ်ရင်းဖြင့် သွားရည်တွေကျနေသည်။ ထဘီတွေ ကျွတ်နေကြပါသည်။ ဆံပင်တွေလည်း တွဲလျားကျနေကြပါသည်။ ယခုပင် တောထွက်တော့မည်ဟု စိတ်တွင် ကြံစည်ပြီး တံခါးဝတွင် အိပ်နေသော ဆန္နအမတ်ကိုနှိုး၍ တောထွက်ရန်အတွက် ကဏ္ဍကမြင်းကို ကကြိုးများ သွားဆင်ရန် အမိန့်ဖြင့် မှာကြားစေခဲ့။**

မင်းကြီးသည် သားတော် ခုနစ်နှစ်အရွယ်သို့ရောက်သော် မင်္ဂလာရေကန်တော်ကို စီမံဆောင်ရွက်ခဲ့ပါသည်။ သို့သော် ပြီးမြောက်မှုမရှိဘဲ ဖြစ်နေပါသည်။ ယင်းအကြောင်းအရာကို သိကြားမင်းသိသောအခါ ဝိသကြုံနတ်သားအား တာဝန်ပေးသည်။ မင်္ဂလာရေကန်တော် ဖန်တီးပေးစေလိုကြောင်း စေလွှတ်ခိုင်းစေ၏။ ဝိသကြုံနတ်သားသည် မြို့လေးမျက်နှာကို ညအချိန်တွင် တစ်ဂါဝုတ်မျှကျယ်သော ရေကန်တော်ကို ဘုရားလောင်းအတွက် ဖန်ဆင်းပေးသည်။ ထိုရေကန်သည် ရတနာခုနစ်ပါးဖြင့်ပြီး၏။ ရေကန်ကို အနား၌ ခုနစ်ရစ်သည် တံတိုင်းသုံးထပ် ဖြန့်ကြဲပေးထား၏။ ရေကန်ထဲ၌ ရတနာလှေ၊ ဖောင်သမ္ဗန်များ ဖန်ဆင်းထား၏။ တလှိုင်လှိုင်မွှေးကြိုင်သော ကြာမျိုးခုနစ်မျိုးကို တစ်ကန့်စီ အဖူးအငုံတို့ဖြင့် ဝေဆာစွာ ဖန်တီးထား၏။

နံနက်လင်းသောအခါ ထိုရေကန်ကို လူတို့သည် ထူးဆန်းအံ့ဖွယ် တွေ့မြင်ကြ၍ မင်းကြီးအား လျှောက်တင်ကြပါသည်။ မင်းကြီးသည် ဝမ်းမြောက်ဝမ်းသာစွာဖြင့် ကြည့်ရှုပြီး သားတော်၏ ဘုန်းတန်ခိုးတော်ကြောင့် နတ်များဖန်ဆင်းသည်ဟု ဆို၏။ သားတော်ကို ထိုရေကန်၌ အခြွေအရံများဖြင့် ရေကစားစေလေသည်။

**ဘုရားလောင်းအတွက် သတို့သမီး ဆက်သရန် ကြေညာခြင်း**

ဘုရားလောင်းသည် အသက် ၁၆ နှစ်အရွယ်သို့ရောက်သည်ရှိသော် မင်းကြီးသည် သားတော်အတွက် ဆောင်း၊ နွေ၊ မိုး သုံးရာသီတွင် စံပျော်နေနိုင်ရန် ရွှေနန်းပြာသာဒ် သုံးဆောင် စီမံသည်။ ဘုံကိုးဆင့်ရှိ ဆောင်းရာသီစံပြာသာဒ် (ရမ္မ)၊ နွေရာသီစံဘုံငါးဆင့်ရှိ သုရမ္မနှင့် ဘုံခုနစ်ဆင့်ရှိသော (သုဘ) နန်းပြာသာဒ်တို့ကို ရာသီအလိုက် ဝတ်စားဆင်ယင်ရန် အဝတ်အစားများနှင့် ပရိဘောဂများ စသည်တို့ကို စီမံဆောင်ရွက်ခဲ့ပါသည်။

ယင်းသို့ စီမံဆောင်ရွက်ပြီးသော နန်းပြာသာဒ်အဆောင်များကို သားတော်အား အပ်နှင်းခဲ့လေသည်။ သုဒ္ဓေါဒနမင်းကြီးသည် သိဒ္ဓတ္ထမင်းသားအား ဘုရားဖြစ်ရန် မလိုလား၊ စကြာမင်းဖြစ်ရန်သာ လိုလားသည်။ ထို့ကြောင့် နိုင်ငံတော်ကို အုပ်ချုပ်စေချင်သည်။ ဇနီးမယား သားသမီးတို့နှင့် ပျော်ပါးပြီး တောထွက်ခြင်းမလုပ်နိုင်ရန် ကြံစည်တော်မူ၏။ ထို့ကြောင့် ဆွေတော်မျိုးတော်ထံသို့ ရွှေပေလွှာဖြင့် သမီးရတနာ သားတော်နှင့် လက်ထပ်ရန် မှူးမတ်တို့အား ရာဇသံဖြင့် ပေးပို့စေခဲ့ပါသည်။

ထိုရာဇသံကို နှစ်ပြည်ထောင်ဖြစ်သော ဒေဝဒဟပြည်၊ ကပိလဝတ်ပြည်တို့မှ ဆွေတော်မျိုးတော်များ ကြားရပါသည်။ ဒေဝဒဟပြည့်ရှင် သုပ္ပဗုဒ္ဓမင်းနှင့်တကွ ဆွေတော်မျိုးတော်များက တွေးကြပါသည်။ သုဒ္ဓေါဒန၏ သားတော်သည် အဋ္ဌာရသ အတတ်ပညာ ၁၈ ရပ်ကိုလည်း မသင်ယူပါ။ နန်းတော်အတွင်း ပုဏ္ဏားများ၏ ဟောပြောမြှောက်စားချက်ဖြင့် မာန်တက်နေခြင်းသာ ဖြစ်သည်။ ရုပ်ဟန်ပန်ချောလှသော်လည်း အတတ်ပညာ မရှိပါ။ ပေါက်ပန်းနှင့် သာတူသည်။ တစ်ဖက်ရန်သူများ တိုက်ခိုက်လာသောအခါ ရှုံးနိမ့်မည်။ ယင်းသို့ တွေးတောချက်ကြောင့် ၎င်းမင်းသားနှင့် သူတို့သမီး ထိမ်းမြားပေးရန်မသင့်ဟု တွေးကြပါသည်။

ယင်းသတင်းစကားကို သုဒ္ဓေါဒနမင်းကြီး ကြားသောအခါ သားတော်အား ဆွေတော်မျိုးတော်များ၏ တွေးတောချက်ကို ပြောပြသည်။ ထို့ကြောင့် မင်းတို့တတ်အပ်သော အတတ်ပညာ ၁၈ ရပ်ကို သင်ယူရန် ပြောသည်။ ထိုအခါတွင် သိဒ္ဓတ္ထမင်းသည် သူတတ်သောပညာကို တတ်ကြောင်းပြော၍ ဤနေ့မှ ခုနစ်ရက်မြောက်တွင် လေးအတတ်ကို ပြပါမည်။ ဖခင် စီမံတော်မူပါဟု ပြောသည်။ ထိုအခါ မင်းကြီးသည် အားရနှစ်သက်တော်မူပါသည်။ မင်းရင်ပြင်၌ ကြီးကျယ်ခမ်းနားသောမဏ္ဍပ်ကို ဆောက်လုပ်စေခဲ့ပါသည်။

**ဘုရားလောင်း လေးအတတ်ပညာကို ပြသခန်း**

ဘုရားလောင်းသည် ခုနစ်ရက်မြောက်သောနေ့တွင် ကပိလဝတ်ပြည် မှူးမတ်မင်း စသည်ဆုံသောအခါ၌ လေးအတတ်ပညာများကို ပြသလေသည်။ ထို့ အပြင် ကျော်ကြားသော လေးအတတ်ပညာနှင့် (အက္ခရာဝေဓိ၊ ဝါလဝေဓိ၊ သရဝေဓိ၊ သဒ္ဒဝေဓိ) စသည့် လေးသည်ပညာရှင်များကို စုဝေးလျက်၎င်းတို့ရှေ့တွင်ပင် လေးအတတ်ပညာကို ပြသစေပါသည်။ မြားရေး ငယ် ၁၂ ပါး၊ မြားရေးကြီး လေးပါး ပြသလေသည်။ လေးမြားအစွမ်း ခုနစ်ပါးကိုလည်း ပြသခဲ့ပါသည်။ တစ်မြို့လုံးပွဲတင်သံထပ်၍ အားပေးကြပါသည်။

ထို့နောက် ဘုရားလောင်းသည် မင်းတကာတို့ တတ်အပ်သောပညာဖြစ်သည့် ဆင်စီး၊ မြင်းစီး၊ စက်မီး၊ ဓားတင်၊ ကာငင်၊ လှံထိုး အတတ်ပညာကို ပြသပါသည်။ လောက၌ မကြားဖူးသော အတတ်ပညာများကို ပြသခဲ့ပါသည်။ လူ၊ နတ်၊ ဗြဟ္မာတို့က ကောင်းချီးသြဘာပေး ချီးမြှောက်သည်။ တစ်လောကလုံး ပွဲတင်ထပ်သွားလေသည်။

**ယသောဓရာနှင့် လက်ထပ်ထိမ်းမြားခြင်း**

ယင်းသို့ဖြင့် ဘုရားလောင်း၏ မင်းတို့တတ်အပ်သော ပညာကိုသူတတ်ကြောင်းကို ပြသခဲ့၏။ ထိုပြချက်ကို ဆွေတော်မျိုးတော်တို့က ကောင်းချီးပေးသည်။ သမီးတော် ကညာများ၊ လက်ဆောင်ပဏ္ဏာများ ဆက်သကြပါသည်။ သမီးတော်လေးသောင်းမျှ ဆက်သပေးလာကြပါသည်။

ဘုရားလောင်းသည် ဒေဝဒဟပြည့်ရှင် သုပ္ပဗုဒ္ဓ၏သမီးတော် ဘဒ္ဒကစ္စနာကို ရွေး၍ "ယသောဓရာ ဗိမ္ဗာဒေဝီ"ဟူသော အမည်ဖြင့် ဘိသိက်ခံ၍ နန်းပြာသာဒ် သုံးဆောင်၌ ခံတော်မူလေသည်။ ယသောဓရာ (ဘဒ္ဒကစ္စနာ) သည် နတ်သမီးတမျှ လှပပါသည်။ ကောင်းခြင်းငါးဖြာ၊ မိန်းမတို့၏ အင်္ဂါနှင့်လည်း ပြည့်စုံပေသည်။ ဤသို့သောအားဖြင့် ဘုရားလောင်းသည် ထီးနန်းစည်းစိမ်ကို ၁၃ နှစ်တိတိ ခံစားခဲ့ပါသည်။

**နိမိတ်ကြီးလေးပါးကိုမြင်ခြင်း**

ဘုရားလောင်းသည် သက်တော် ၂၈ နှစ် မဟာသက္ကရာဇ် (၉၆) သို့ ရောက်သောအခါ နန်းစည်းစိမ်ကို ခံစားနေစဉ် ဥယျာဉ်တော် လှည့်ချင်သောဆန္ဒတော် ဖြစ်သည်။ ထိုအခါ၌ သိန္ဓောမြင်းလေးကောင်ကသော ရထားဖြင့် ဥယျာဉ်တော်သို့ ထွက်လာခဲ့သည်။ ယင်းသို့အဖြစ်ကို တုသိတာနတ်ပြည်မှ နတ်အပေါင်းတို့သည် ဘုရားလောင်း သံဝေဂရ၍ ရဟန်းပြုချိန်တန်သောကြောင့် ရထားရှေ့တွင် ဇရာအသွင်အဘိုးအိုအဖြစ် "သူအို" ယောင် ဖန်ဆင်း၍ ဘုရားလောင်းနှင့် ရထားမှူး ဆန္နအမတ်တို့သာ မြင်အောင်ပြလေသည်။ ဘုရားလောင်းသည် "သူအို"ကို မြင်လျှင် ရထားမှူးအား "ငါလည်းပဲ တစ်နေ့ ဤ 'သူအို' လို အိုရဦးမည်လား"ဟု မေးသည်။ ရထားမှူးကလည်း သတ္တဝါတိုင်း ထိုသို့ "အို"ရဦးမည်ဟု ဖြေလေသည်။

ဘုရားလောင်းသည် ထိတ်လန့်၍ သံဝေဂရပြီး နန်းတော်သို့ လှည့်ပြန်တော်မူသည်။ ထို အကြောင်းကို ဖခင် သုဒ္ဓေါဒနမင်းသိသော် ယင်းသို့မမြင်ရအောင် အစောင့်အရှောက်တို့ကို ပိုချတိုးချဲ့စေပါသည်။ ထို့နောက် လေးလကြာပြီးသော် ဘုရားလောင်းသည် မင်္ဂလာဥယျာဉ်တော်သို့ ရထားဖြင့် ထွက်ခဲ့ပြန်ပါသည်။ နတ်တို့ကလည်း ရှေ့နည်းတူ "သူနာ"ယောင်ဆောင်၍ ရထားရှေ့မှ ပြသသည်။ ယင်းအကြောင်းကို ရထားမှူးအား မေးပြန်သည်။ "သတ္တဝါတိုင်း ပြေးမလွတ်ဘဲ ထိုနာသူကဲ့သို့ မိမိလည်း နာရဦးမည်"ဟုဖြေကြားပါသည်၊ ဘုရားလောင်းလည်း ထိတ်လန့်သံဝေဂရတော်မူပြီး နန်းတော်သို့ လှည့်ပြန်ခဲ့ပါသည်။ **စာမျက်နှာ ၂၁ သို့** ❂



❂ စာမျက်နှာ ၂၀ မှ

နောက် လေးလကြာပြန်သော် အလောင်းတော် မင်္ဂလာဥယျာဉ်တော်သို့ ရထားဖြင့် ထွက်ခဲ့ရာ ရထားရှေ့တွင် "သူသေ" အသွင်ဖန်ဆင်း၍ ရှေ့နည်းအတိုင်း နတ်တို့က ဖန်ဆင်းပြပြန်ပါသည်။ ဘုရားလောင်းလည်း ရထားမှူးအား မေးမြန်းပြန်ပါသည်။ ရထားမှူးကလည်း မိမိတို့ ဤကဲ့သို့ သေရဦးမည်ဟု ဖြေကြားပါသည်။ ဘုရားလောင်း ရှေ့မဆက်ဘဲ နန်းတော်သို့ ပြန်လှည့်ခဲ့ပေသည်။

ထိုအကြောင်းကို မင်းကြီး သိပြန်သည်။ အစောင့်အရှောက်များကို ထပ်တိုးချဲ့ ချထားပြန်ပါသည်။ လေးလကြာပြန်သော် ဘုရားလောင်းသည် ဥယျာဉ်တော်သို့ ရထားဖြင့်ထွက်လာခဲ့ရာ နတ်တို့က "ရဟန်း" အသွင် ဖန်ဆင်းပြလေသည်။ တစ်ဖန် ရထားမှူးအား မေးပြန်ပါသည်။ ဤသို့သော ကြည်ညိုထူးမြတ်သော "ရဟန်း" အကြောင်းကို ရထားမှူး ရှင်းပြသော် အသိတော်ဝင်ပြီး ဥယျာဉ်တော်၌ ရေကစားသည်။ နတ်တန်ဆာများကို ဝတ်ဆင်၍ ကျောက်ဖြာထက်တွင် နေလိုသည့်ဆန္ဒပေါ်နေသည်။ ယင်းအကြောင်းကို သိကြားမင်းသိ၍ ဝိသကြုံနတ်သားအား စေလွှတ်၍ ဘုရားလောင်းအား မထင်ရှားသောလူအသွင် မင်းသားကို ဝတ်ပေးခဲ့၏။ ထိုအချိန်၌ မင်းချင်းတစ်ဦးသည် ရောက်လာပြီး ယသောဓရာမိဖုရား သားတော်လေး မွေးဖွားသည်ကို လာရောက်သတင်းပို့သည်။

ဘုရားလောင်းကြားရသော် ဇနီးသံယောဇဉ်အပြင် နောက်ထပ်ချည်နှောင်မည့် သံယောဇဉ်ကြိုး သားလေးပေါ်လာသည်။ "လ"ကို ရာဟုဖမ်းသလို ဖမ်းစားတော့မည်ကို မြင်၍ နှလုံးမသာမယာ ဖြစ်တော်မူ၏။ ဘုရားလောင်း၏ စကားသံကို ကြားရသော မင်းကြီးသည် စိတ်နှလုံး ဆင်းရဲရပြန်ပါသည်။ မြေးလေးကိုလည်း "ရာဟုလာ" အမည် ပေးလေသည်။

**ကိသာဂေါတမီမင်းသမီး ဥဒါန်း၊ သင်ခန်းစာယူ**

ဘုရားလောင်းသည် ညချမ်းချိန်ခါတွင် မင်းလမ်းအတိုင်း နေပြည်တော်သို့ ဗိုလ်ပါများ ခြံရံလျက် ပြန်လာသည်။ ထိုအခါ၌ နန်းပြာသာဒ် ဆောင်သည် လမ်းမဘေးတွင် ရှိသည်။ ၎င်းပြာသာဒ်ပေါ်မှ သာကီဝင်မင်းမျိုးမင်းသမီး ကိသာဂေါတမီသည် ဘုရားလောင်းကို မြင်သောအခါ ချောမောလှပ တင့်တယ်သော အသရေရှိသည်ကိုမြင်ရသဖြင့် နှစ်သက်ရွှင်လန်းသွားလေသည်။ ထိုသို့ဖြစ်ခြင်းကြောင့် "ဤကဲ့သို့ မွေးဖွားရသော သား သမီးရသော မိခင်၊ ဖခင်သည် နှလုံးရွှင်လန်းချမ်းမြေ့မည်။ ယင်းသို့သော ဘုန်းကံရှင်ကိုရသော ဇနီးမယားသည် ကြည်ရွှင်အေးငြိမ်းလိမ့်မည်တကား (နိဗ္ဗုတာ)"ဟုဖြင့် ဥဒါန်းကျူးရင့်သီဆိုသည်။

ယင်းသို့သော် ဥဒါန်းကျူးသံကို ကြားရသော ဘုရားလောင်းသည် ကိသာဂေါတမီ မင်းသမီးသည် သူတွေးခေါ်ယူဆချက်သည် မှားနေသည်။ ရာဂ၊ ဒေါသ၊ မောဟရှိသော သူတို့သည်အပူမငြိမ်း၊ အေးငြိမ်းရွှင်လန်းမှု မရှိနိုင်၊ ဤသို့ မချီးကျူးအပ်သည်မှာ မှားနေသည်။ ယင်းရာဂ၊ ဒေါသ၊ မောဟတို့ ကိုယ်တွင်းမှ ငြိမ်းအေးမှသာ ချမ်းသာနိဗ္ဗာန်ရနိုင်ကြောင်းသိသည်။ ထိုသို့ ကိသာဂေါတမီ မင်းသမီး၏ ဥဒါန်းကျူးရင့်သည့်အပေါ် ဘုရားလောင်းသည် သံဝေဂရ၍ ငါပင် ယနေ့ တောထွက် တရားရှာမှီး တော့မည်ဟု ဆုံးဖြတ်အကြံ ဖြစ်လေသည်။

ထိုသို့ပင် အကြံဖြစ်ပေါ်အောင် သတိပေးသော ကိသာဂေါတမီမင်းသမီးကို ဘုရားလောင်းသည် ကျေးဇူးတင်၍ မိမိလည်တွင် ဆွဲထားသော အဖိုးတစ်သိန်းတန် လည်ဆွဲကို ကိသာဂေါတမီ မင်းသမီးအား ပေးလိုက်၏။ ထိုသို့ပေးသည်ကို ၎င်းမင်းသမီးသည် ဘုရားလောင်းကို အထင်လွဲယူဆသည်မှာ သူ့ကို ချစ်မြတ်နိုးသည်ထင်၏။ ယသောဓရာသည် သားမွေး၍ အိုပြီဖြစ်သောကြောင့် သူ့အပေါ် ခင်မင်တွယ်တာပြီး မိဖုရားမြှောက်မည်ထင်၍ ရွှင်လန်းဝမ်းမြောက် နေလေသည်။

**မင်းဖြစ်ချိန်**

**ဖွားမြင်မြောက်သော်၊**

**ဆယ့်ခြောက်နှစ်ရွယ်၊**

**ပျိုနုနယ်၌၊ သုံးသွယ်ရွှေနန်း၊**

**စံမြန်းထီးဖြူ၊ ဆောင်တော်မူသည်**

**နန်းသူဆွေတို့ ချမ်းသာဖို့။**

**အလောင်းတော် မင်းဖြစ်ချိန် ဓာတာ**

ဘုရားလောင်းသည် မဟာသက္ကရာဇ် ၈၄ ခု ကဆုန်လပြည့်နေ့ ဘီစီ ၆၀၈ ခု ဧပြီ ၂၇ ရက်တွင် အသက် ၁၆ နှစ် ရောက်သောအခါ မင်းဖြစ်ပါသည်။ (ကပိလဝတ်မြို့တွင် ဖြစ်ပါသည်။)

ဘုရားလောင်းသည် မင်းစည်းစိမ်ကို လက်ခံချိန်၌ ရပ်တည်နေသော ဂြိုဟ်များဖြစ်ပါသည်။ မင်းဖြစ်သည်နှင့် တစ်ပြိုင်တည်း ယသောဓရာမင်းသမီးနှင့် ထီးနန်းကို ဆက်ခံခဲ့ပါသည်။ ဗုဒ္ဓ၏ မင်းဖြစ်ချိန် ဓာတာဖြစ်ပါသည်။ တစ်ချိန်တည်း ယသောဓရာနှင့် လက်ထပ်ထိမ်းမြားနန်းတက်ခြင်း ဖြစ်ပါသည်။

**ဘုရားလောင်း ကာမဂုဏ်မှလွတ်အောင်**

**ရုန်းထွက်ခြင်း**

ဘုရားလောင်းသည် သလွန်တော်ပေါ်တွင် ခေတ္တလဲလျောင်းနေစဉ် ခြွေရံ မောင်းမမိသံတို့က "က၊ ခုန်၊ တီးမှုတ်" ဖြေဖျော်ပါသည်။ အလွန်ချောမောလှသည့် မောင်းမမိသံတို့သည် ဘုရားလောင်းအား ပျော်ရွှင်စေရန် ဖန်တီးခြင်း ဖြစ်ပါသည်။

ဘုရားလောင်းသည် သံဝေဂရထားသည့်အပြင် နန်းစည်းစိမ် ကာမဂုဏ်များကို ငြီးငွေ့နေ၍ ၎င်းတို့ ဖြေဖျော်လည်းစိတ်ကြည်နူးပျော်ရွှင်မှု မရှိပါ။ ယင်း သလွန်ညောင် စောင်းပေါ်တွင် အိပ်ပျော်သွားလေသည်။ ထိုအဖြစ်ကိုသိ၍ မောင်းမမိသံတို့သည် ဆက်လက်တီးမှုတ်ကခုန်ခြင်းမပြုတော့ဘဲ ၎င်းတို့သည် အိပ်ပျော်သွားကြလေသည်။

ယင်းသို့အားဖြင့် ဘုရားလောင်းသည် ညဥ့်ဦးယံတွင် နိုးလာသောအခါ အခြွေရံမောင်းမမိသံတို့၏ အိပ်ပျော်နေသည်ကိုကြည့်၍ ပုပ်၍သံဝေဂရပါသည်။ ဟောက်သူက ဟောက်၍ အိပ်ပျော်နေသည်။ အိပ်ရင်းဖြင့် သွားရည်တွေကျနေသည်။ ထဘီတွေ ကျွတ်နေကြပါသည်။ ဆံပင်တွေလည်း တွဲလျားကျနေကြပါသည်။

ယခုပင် တောထွက်တော့မည်ဟု စိတ်တွင် ကြံစည်ပြီး တံခါးဝတွင် အိပ်နေသော ဆန္နအမတ်ကို နှိုး၍ တောထွက်ရန်အတွက် ကဏ္ဍကမြင်းကို ကကြိုးများ သွားဆင်ရန် အမိန့်ဖြင့် မှာကြားစေခဲ့ပါသည်။ ဆန္နအမတ်ကလည်း မြင်း၏ ကကြိုးတန်ဆာများယူ၍ မြင်းတင်းကုပ်သို့ သွားသည်။ မြင်းအား ကကြိုးတန်ဆာပလာများ ဆင်ပါတော့သည်။ ကဏ္ဍကမြင်းသည် ဘုရားလောင်း တောထွက်တော့မည်သိ၍ ဝမ်းသာသဖြင့် ဟီလိုက်လေသည်။ ယင်းအသံများ လူတစ်ဦးတစ်ယောက်မျှ မကြားရန် နတ်တို့က ဖန်တီးထားစေပါသည်။

ဘုရားလောင်းမင်းသားသည် ယသောဓရာ စံရာ နန်းကျက်သရေဆောင်သို့ ဝင်သည်။ သားတော် ရာဟုလာ၏ ဖဝါးလက်တင်၍ အိပ်စက်နေသော ယသောဓရာကို မြင်သည်။ သားတော်ကို ယူမည် မမည် စသည်ကြံပြီးမှ ဘုရားလောင်းသည် ယသောဓရာ နိုးသွားလျှင် သူတောထွက်မည့်အစီအစဉ်ကို ပျက်မည်စိုး၍ သားတော်ကို ကြည့်ရှုံသက်သက် သာကြည့်၍ ပြန်လှည့်ထွက်လာပါသည်။ ကဏ္ဍကမြင်းဆီ ထွက်လာခဲ့လေသည်။ ။

**(ဆရာကြည်၏ "ဗုဒ္ဓအကြောင်းသိကောင်းစရာ မှတ်တမ်း" စာအုပ်အား စာရေးသူ၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။)**

# မြန်မာ့ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲနှင့် တံခွန်စိုက်ဖလားဆုပေးပွဲကျင်းပ

ပုသိမ် ဇူလိုင် ၇

ဧရာဝတီတိုင်း ဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနမှ ကြီးမှူး၍ တိုင်းဒေသကြီး ခြင်းလုံး အားကစားဆပ်ကော်မတီကဦးစီးကာ မိုးရာသီ မြန်မာ့ရိုးရာ ခြင်းလုံးခတ် (ဖိတ်ခေါ်) ပြိုင်ပွဲကို ဇူလိုင် ၆ ရက် နံနက် ၈ နာရီတွင် ပုသိမ်မြို့နယ် ဦးကျူးဝါးခြင်းလုံး အားကစားရုံ၌ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေး ကောင်စီ အဖွဲ့ဝင်-၁ ဗိုလ်မှူးကြီး ကျော်စွာလှိုင် (ကိုယ်စား) တိုင်းဒေသကြီး အား/ကာ ဒုတိယ ညွှန်ကြားရေးမှူး ဦးအောင်မိုးက စတင်ဖွင့်လှစ်ပေးသည်။



ဇူလိုင် ၇ ရက် မွန်းတည့် ၁၂ နာရီတွင် ဆုပေးပွဲ ဆက်လက်ကျင်းပရာ တတိယဆုရရှိသော ဖိုက်ဝမ်းအသင်းအား ပုသိမ်ခရိုင် အား/ကာဦးစီးမှူး ဦးကျော်မိုးထွန်းက ဆုငွေနှင့် ဂုဏ်ပြုကတ်များဖြင့် လည်းကောင်း၊ ဒုတိယဆုရရှိသော တင်ဦးကြည်အသင်းအား ဆပ်ကော်မတီ အတွင်းရေးမှူး ဦးစန်းယုက လည်းကောင်း၊ ပထမရရှိသော ပုသိမ်မြို့မှ အသင်းအား တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်-၁ (ကိုယ်စား) တိုင်းဒေသကြီး အား/ကာ ဒုတိယညွှန်ကြားရေးမှူးဦးအောင်မိုးက တံခွန်စိုက်ရွှေဖလားနှင့် ဂုဏ်ထူးဆောင်ဆုများချီးမြှင့်သည်။

ထို့နောက်နိုင်ငံ့ဂုဏ်ဆောင် မြန်မာ့ရိုးရာ ခြင်းမင်းသား မန္တလေး မျိုးဇော်ဦးနှင့် တိုင်းဧရာလက်ရွေးစင် ခြင်းမင်းသား ဝင်းကျော်ခိုင်တို့က ကမ္ဘာ့တစ်ခွင် ပြိုင်စံရှားသည့် မြန်မာ့ရိုးရာခြင်းလုံးခတ် ကစားနည်းများမှ ကစားဖော်ချင်း ချစ်ကြည်ရင်းနှီးစည်းလုံးမှုရှိခြင်း၊ ကိုယ်၊ လက်၊ ခေါင်း၊ ခါး၊ ရင်လိုက်၊ ဖနောင့်၊ ဒူး၊ ဖဝါးတို့မှစ၍ ခြင်းခတ်နည်း ၃၀ တို့ကို လေ့ကျင့် ကစားပါမှ သွေးသားညီညွတ်ပြီး ကူးစက်ရောဂါမဖြစ် အသက်တစ်ရာမက ကျန်းမာချမ်းသာကြောင်း သရုပ်ပြ ခြင်းခတ်ကစားပြသွားပြီး "ဝိုင်းလည်အောင် သယ်ပါ မောင် ကျောခါးနဲ့ ရင်အုပ်တွေ" ရုပ်ရှင်မင်းသမီးကြီး မြင့်မြင့်ခင် တေးသီချင်းဖြင့် အခမ်းအနား ရုပ်သိမ်းကြောင်း သိရသည်။

ပုသိမ်လှကြည်

■

# ပင်လယ်ငါးဖမ်းရေယာဉ် ရေလုပ်သားများအတွက် အခြေခံလုပ်ငန်းကျွမ်းကျင်မှုသင်တန်းဖွင့်လှစ်

ရန်ကုန် ဇူလိုင် ၇

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနက ကြီးမှူး၍ ပင်လယ်ငါးဖမ်းရေယာဉ် ရေလုပ်သားများအတွက် အခြေခံလုပ်ငန်းကျွမ်းကျင်မှု (၃/၂၀၂၂) သင်တန်းဖွင့်လှစ်ခြင်းကို ယနေ့ နံနက် ၉ နာရီတွင် ကြို့ကုန်းအနောက် ဘုရင့်နောင်လမ်းရှိ ငါးလုပ်ငန်း အတတ်သင်သိပ္ပံ(ကြို့ကုန်း)၌ ဖွင့်လှစ်ခဲ့သည်။

**ဖွင့်လှစ်ရခြင်းဖြစ်**

သင်တန်းဖွင့်ပွဲတွင် ငါးလုပ်ငန်းဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ဒုတိယဦးစီးဌာနမှူး ဦးတင်ထွဋ်နှင့် မြန်မာနိုင်ငံပင်လယ်ငါးဖမ်းလုပ်ငန်းရှင်များအသင်း အတွင်းရေးမှူး ဦးကျော်နိုင်တို့က "ရေလုပ်သားများအနေဖြင့် ပင်လယ်ပြင်တွင် ကြုံတွေ့ရသည့် အခက်အခဲများ ဖြေရှင်းနိုင်ရန် ရေလုပ်သားများနှင့်ပတ်သက်သည့်ဥပဒေ ကျန်းမာရေးနှင့်ပတ်သက်သည့်အသိပညာ၊ ပင်လယ်ပြင်၌တွေ့ကြုံရမည့် နည်းလမ်းများနှင့် လုပ်ငန်းခွင် အရည်အသွေးများ တိုးတက်လာစေရန်" ရည်ရွယ်ချက်များဖြင့် ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ငါးလုပ်ငန်းဦးစီးဌာနနှင့် ရေကြောင်းဦးစီးဌာနတို့မှ ကျွမ်းကျင်သင်တန်းဆရာများက ရေလုပ်သားသင်တန်းသား ၃၀ ကို ဇူလိုင် ၇ ရက်မှ ၉ ရက်အထိ သုံးရက်ကြာ "ဆိပ်ကမ်းအကြောင်း၊ မီးဘေးကာကွယ်ရေး၊ ရှေးဦးပြုစုခြင်း၊ ငါး၊ ပုဇွန်များ ကိုင်တွယ်ခြင်း၊ အရည်အသွေးထိန်းသိမ်းခြင်းနှင့် ရေကြောင်းပညာပေးစသည့် ဘာသာရပ်ဆိုင်ရာ သိကောင်းစရာများ"ကို ကိုဗစ်-၁၉ ကာကွယ်ရေးနည်းလမ်းများနှင့်အညီ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

ဉာဏ်ဟိန်း

**ထိပ်ဆုံးမှာ တွေ့ကြမယ်**

# သင်၏ အခြားသူများကို ရှုမြင်ပုံ

**အကောင်းရှာသူများ**

နှစ်အတန်ကြာက ကိုယ်ထူးကိုယ်ချွန် သန်းကြွယ်သူဌေး ၁၀၀ နှင့် ပတ်သက်၍ လေ့လာမှုတစ်ခု ပြုလုပ်ခဲ့သည်။ သူတို့သည် အသက် (၂၁) နှစ်အရွယ်မှ အသက် (၇၀) ကျော်အထိရှိပြီးလျှင် သူတို့၏ ပညာရေးအခြေအနေမှာလည်း အခြေခံပညာအဆင့်မှ ပါရဂူအဆင့် အထိရှိကြသည်။ အခြားသော အရည်အသွေးများကလည်း သိသိသာသာ ခြားနားကြသည်။ ဥပမာ–သူတို့ထဲမှ ၇၀ ရာခိုင်နှုန်းသည် လူဦးရေ ၁၅၀၀၀ ထက်နည်းသည့် မြို့ငယ်များမှ ဖြစ်ကြသည်။ သို့သော်လည်း သူတို့မှာရှိသော တူညီသည့်အရာတစ်ခုမှာ အကောင်းမြင်တတ်သူ၊ အကောင်းရှာတတ်သူများ ဖြစ်ကြသည်။ မည်သည့်အခြေအနေမျိုး၌ မဆို အခြားသူများနှင့်ပတ်သက်၍ အကောင်းဘက်က ရှုမြင်နိုင်ကြသည်။

ခင်ဗျားအနေဖြင့် ကလေးငယ်တစ်ယောက်အကြောင်းကို ကြားဖူးလိမ့်မည်ဟု ထင်ပါသည်။ သူက ဒေါသထွက်ပြီးလျှင် သူ့အမေကို မုန်းကြောင်းပြောပြသည်။ ထို့နောက် ပြစ်ဒဏ်ပေးခံရမှာကို ကြောက်သဖြင့် အိမ်အပြင်ပြေးထွက်ပြီးလျှင် တောင်ကြားထဲသို့ “ငါမင်းကို မုန်းတယ်၊ ငါမင်းကိုမုန်းတယ်၊ ငါမင်းကိုမုန်းတယ်”ဟု အော်လိုက်သည်။ ထိုတောင်ကြားထဲမှ ပဲ့တင်သံများကလည်း “ငါမင်းကိုမုန်းတယ်၊ ငါ မင်းကို မုန်းတယ်၊ ငါမင်းကို မုန်းတယ်”ဟု ပြောလာသည်။ ထိုအခါ ကလေးငယ်ကြောက်လန့်ပြီး အိမ်သို့ ပြန်ခဲ့သည်။ တောင်ကြားထဲမှာ “သူ့ကိုမုန်းတယ်”ဟုအော်သည့် ကလေးတစ်ယောက်ရှိကြောင်းကို ပြောပြသည်။ သူ့အမေက တောင်ဘေးသို့ ပြန်ခေါ်သွားပြီးလျှင် “မင်းကိုငါချစ်တယ်၊ မင်းကိုငါချစ်တယ်” ဟု အော်ခိုင်းသည်။ ကလေးကလည်း သူ့အမေပြောသလို လုပ်လိုက်သဖြင့် ယခုအခါ၌ တောင်ကြားထဲရှိကလေးက “မင်းကို ငါချစ်တယ်” “မင်းကို ငါချစ်တယ်” ဟု ပြန်အော်သံကို ကြားရသည်။

ဘဝဆိုသည်မှာလည်း ပဲ့တင်သံတစ်ခုပင် ဖြစ်သည်။ ခင်ဗျား လွှတ်လိုက်သည့် အရာများသာလျှင် ခင်ဗျားထံသို့ပြန်ရောက်လာသည်။ ခင်ဗျားစိုက်ပျိုးထားသည့်အရာကို ခင်ဗျားရိတ်သိမ်းရသည်။ ခင်ဗျားပေးသည့်အရာကို ခင်ဗျားရမည်။ သူများဆီမှာ ခင်ဗျားမြင်နေရသည့် အရာများသည် ခင်ဗျား၏ ကိုယ်ထဲမှာလည်း ရှိနေကြသည်။ ခင်ဗျားဘာပဲဖြစ်ဖြစ် ဘာပဲလုပ်လုပ် ဘဝ၏နယ်ပယ်အသီးသီး၌ ဆုလာဘ်များကို ရယူနိုင်ရန် ရှာဖွေရမည်။ ထိုဥပဒေကို ဘဝနေနည်းနှင့်ပတ်သက်၍ ရွေးရောင်စည်းမျဉ်းတစ်ခုအဖြစ် လက်ခံကျင့်သုံးရမည်။

ခင်ဗျားက လူများအား သူတို့ကိုမြင်သည့်အတိုင်းပင် ဆက်ဆံသည်မှာ ပရမတ္တသစ္စာတစ်ခုလို ဖြစ်သည်။ ခင်ဗျားအနေဖြင့် လူအများ၏ ကောင်းသည့်အပိုင်းများ၊ အစွမ်းအစများကိုတွေ့ခဲ့လျှင် ခင်ဗျားက သူတို့ကို ကောင်းကောင်းမွန်မွန် ဆက်ဆံနိုင်မည်။ သူတို့လည်း ပို၍ ကောင်းကောင်းမွန်မွန် လုပ်ဆောင်နိုင်လာမည်။ ထို့ကြောင့် အကောင်းရှာတတ်သည့် သူတစ်ယောက်ဖြစ်ရန် စီးပွားရေးရှုထောင့်က ကြည့်လျှင်လည်းမှန်ပြီး လူသားလည်းဆန်သည်။

**လမင်းကို အောက်ဆွဲမချပါနှင့်**

လူအများစုအနေဖြင့် အခြားသူတို့၏ အကောင်းများကို တွေ့မြင်သည့်အခါ လျှို့ဝှက်ချက်တစ်ခုလိုပင် သိမ်းဆည်းထားတတ်ကြသည်။ သို့သော် တက္ကဆပ်ပြည်နယ် ဘေးစီးတီး အထက်တန်းကျောင်းကတော့ ထိုသို့မဟုတ်ပေ။ ၁၉၇၆ ခုနှစ် အောက်တိုဘာလတွင် ကျောင်းအုပ်ကြီး ဂျိုးပရေဟမ်၏ အပြည့်အဝအားပေးမှုဖြင့် ဘေရီတက်ကာက ချီးကျူးထိုက်သူ၊ အသိအမှတ်ပြုသင့်သူ ကျောင်းသားများအား အသိအမှတ်ပြုသည့် အစီအစဉ်သစ်တစ်ခုကို စတင်ခဲ့သည်။ ၎င်းတို့အနေဖြင့် တာဝန်သိသည့် အပြုအမူများ၊ သဘောထားများ ရှိသော်လည်း ယခင်က သတိမထားမိဘဲ ရှိနေခဲ့သည်။ ထိုပညာသင်နှစ်အတွင်း၌ ကျောင်းသားအယောက် ၅၀၀ သည် သူတို့၏ အစွမ်းအစများနှင့် သဘောထားများအတွက် ဆရာများ၏ အသိအမှတ်ပြုခြင်း ခံရသည်။ မစ္စတာတက်ကာက အောက်ပါရလဒ်များကို ဖော်ပြပေးခဲ့သည်။

(၁) ကျောင်းသားကောင်းများကို အသိအမှတ်ပြုနိုင်ခဲ့သည်။

(၂) အဆိုးလုပ်မှသာမဟုတ်ဘဲ အကောင်းများလုပ်လျှင်လည်း အသိအမှတ်ပြုခံရမည် ဖြစ်ကြောင်းကို ကျောင်းသားများက သဘောပေါက်သွားကြသည်။

(၃) ကျောင်းအုပ်ကြီးက လူမြင်မှသာ မှတ်မိခြင်းမဟုတ်တော့ဘဲ နာမည်ကိုပါ မှတ်မိသည့်အဆင့်ရောက်လာသည်။

(၄) ကျောင်းသားများ၏သဘောထားသည်လည်းသိသိသာသာ တိုးတက်ခဲ့ပြီး သူတို့ အသိအမှတ်ပြုခံလာရသည်ကို ကျေနပ် ကြသည်။

(၅) အတန်းထဲရှိ ကျောင်းသားများ၏ ကောင်းမွန်သည့် စရိုက်လက္ခဏာများကို ဂရုတစိုက် ကြည့်မြင်စေရန် ဆရာများအား တွန်းအားပေးရာလည်းရောက်သည်။

ကျောင်းသားများအနေဖြင့် မစ္စတာတက်ကာ၏ ရုံးခန်းသို့ရောက်လာသည့်အခါ ပထမဆုံးမေးမြန်းသည့် မေးခွန်းအများစုမှာ “ကျွန်တော် ဘာအမှားများ လုပ်မိလို့လဲ”ဟုဖြစ်ပြီး အဆိုးတွေ လုပ်မိခဲ့လို့ဟုသာ ထင်တတ်ကြသည်။

လွန်ခဲ့သည့် လေးနှစ်ခန့်က ကျွန်တော်သည် တက္ကဆပ်ပြည်နယ် ဒဲလက်စ်မှ အောင်မြင်တက်ကြွသည့် ဝေါ်တာဟောလီဆိုသူနှင့် တွေ့ဆုံခဲ့သည်။ သူနှင့်ကျွန်တော် တွေ့ကြပုံကို မည်သည့်အခါမျှ မေ့နိုင်လိမ့်မည် မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် ဝေါ်တာနှင့် ကျွန်တော်တို့သည် တစ်ယောက်နှင့်တစ်ယောက် ချက်ချင်းအပေးအယူမျှသွားကြသည်။ ခဏတာမျှ အတူတူလည်ပတ်ကြပြီးသည့်အခါ သူက အာမခံလုပ်ငန်းတွင် လုပ်ကိုင်နေပြီး ၎င်းလုပ်ငန်းကို တိုင်းပြည်တစ်ဝန်းရှိထောင်ပေါင်းများစွာသော လွတ်လပ်သည့် ကုန်စိမ်းဆိုင်များမှတစ်ဆင့်ဖြတ်ကျော်ရန် ကြံစည်နေကြောင်း ပြောပြသည်။ ကုန်စိမ်းဆိုင်များကို အခြေခံစခန်းများ အဖြစ် သူကအသုံးပြုမည် ဖြစ်သည်။

ကုန်စိမ်းဆိုင်တစ်ဆိုင်ကို ဝင်မိကြသည့်အခါ သူက တယ်လီဖုန်းဘေးမှ လူတစ်ယောက်ကို ပြောလိုက်သည်။ “ခင်ဗျားဟာ ဘယ်လောက်တောင်ကောင်းတဲ့ အလုပ်မျိုးကို ဆောင်ရွက်နေတယ်ဆိုတာ ကျွန်တော် ခင်ဗျားကို ပြောပြချင်နေတာ။ သူတို့ခေါ်လိုက်လျှင် ဝမ်းမြောက်တယ်လို့ လူတွေက ထင်လာအောင် ခင်ဗျားက လုပ်နေတယ်”ဟု ပြောလိုက်သည်။ ထိုလူက အားရပါးရပြုံးလိုက်ပြီးလျှင် “ကျေးဇူးတင်ပါတယ်၊ ကျွန်တော်တို့ကြိုးစားလုပ်နေတာကလည်း ဒါပါပဲ”ဟု ပြောလိုက်သည်။ နောက်ပြီး ကျွန်တော်တို့က ဌာနတစ်ခုကို ဖြတ်သွားမိသည့်အခါ မစ္စတာဟောလီက သူ့ကိုယ်သူ မိတ်ဆက်လိုက်ပြီးလျှင် “ခင်ဗျားကို ကျွန်တော်မသိပါဘူး။ ဒါပေမဲ့ ခင်ဗျားရဲ့ဌာနကိုတော့ ကျွန်တော် ကောင်းကောင်းသိပါတယ်။ ခင်ဗျားကို ကျွန်တော် အသိပေးချင်တာက ဒီဌာနကို ရောက်လာကတည်းက ဘာမျှတိုင်တာ တောတာတွေ မကြားရသေးဘူး။ ခင်ဗျားရဲ့ ကျေးဇူးကြောင့်ပဲဆိုတာကို ကျွန်တော် နားလည်ပါတယ်”ဟု ပြောသည်။ ထိုသူက ပြုံးပြီး “ကျေးဇူးတင်ပါတယ်၊ မစ္စတာဟောလီ၊ ကျွန်တော် တတ်နိုင်သမျှ အကောင်းဆုံးဆောင်ရွက်နေပါတယ်”ဟု ပြန်ပြောသည်။

ကျွန်တော်တို့ အပေါ်ထပ်ကို တက်သွားကြပြန်သည်။ ရုံးခန်းတွင်းသို့ရောက်သည့်အခါ သူက “ငါတွေ့ဖူးသမျှထဲမှာ အတော်ဆုံး၊ အကြီးကျယ်ဆုံးအတွင်းရေးမှူးနဲ့ မင်းကို မိတ်ဆက်ပေးချင်လိုက်တာ” ဟု ပြောသည်။ ထို့နောက် အတွင်းရေးမှူးဘက်သို့လှည့်ပြီး မင်းကို ငါ့မိန်းမအကြောင်း မပြောရသေးဘူးလို့ထင်တယ်။ သူက မင်းဟာ လမင်းကြီးကို ဖက်ထားတယ်လို့ ထင်တယ်။ နောက်ပြီး အဲဒီလမင်းကြီးကို ဆွဲချချင်တဲ့အချိန်မှာ အောက်ကိုချနိုင်တယ်လို့လည်း ထင်နေတယ်။ ဒါပေမဲ့ ငါမင်းကို ပြောပါရစေကွာ။ လမင်းကြီးကိုတော့ အောက်ကို ဆွဲမချပါနဲ့”ဟု ပြောလိုက်သည်။ သူမလည်း ပြုံးပြီး “အဲဒီလို ကြားရတာ ဝမ်းသာပါတယ်”ဟု ပြောလိုက်သည်။

ခရီးစဉ်တစ်ခုလုံးမှာ သုံးမိနစ်ခန့်သာကြာသည်။ သို့သော် ဝေါ်တာဟောလီက လူတိုင်းကို တစ်ခုခုပေးဖြစ်ခဲ့သည်။ သူနှင့်စတွေ့စဉ်ကထက် ပို၍ကောင်းသော၊ တော်သောသူများအဖြစ် ချန်ထားရစ်ခဲ့သည်။ ရိုးရိုးသားသား ချီးကျူးခြင်းဖြစ်ပြီး ထိုသို့ ချီးကျူးခဲ့သည့်အတွက်လည်း သူတို့၏ အလုပ်တွင် လည်းကောင်း၊ သူတို့ကုမ္ပဏီအတွက်လည်းကောင်း စိတ်အားထက်သန်မှုများကို ဖြစ်ပေါ်လာစေသည်။ ထို့ကြောင့် ထိထိရောက်ရောက်၊ ထက်ထက်မြက်မြက် စွမ်းဆောင်ရည်အပြည့်ဖြင့် အလုပ်လုပ်နိုင်ကြသည်။ ထိုခရီးစဉ်အဆုံးတွင် ဝေါ်တာဟောလီကိုယ်တိုင်လည်း ပို၍ နေရထိုင်ရကောင်းလာမည် ဖြစ်ကြောင်းကို အာမခံပါသည်။ **ခင်ဗျားလည်း ထို့အတူပင် ဖြစ်ပါလိမ့်မည်။ ခင်ဗျားကိုယ်တိုင် အကျိုးမရှိဘဲနှင့် အခြားသူတစ်ယောက်ကို ကောင်းတာပြောဖို့၊ သူ့ဘဝကို မြှင့်တင်ပေးဖို့ဆိုတာ မဖြစ်နိုင်ပါ။ အခြားသူတို့၏ဘဝကို မြှင့်တင်ပေးခြင်းအားဖြင့် ခင်ဗျားလည်း သေချာပေါက် အကျိုးရှိနိုင်ပါသည်။**

**ခင်မောင်ညို (ဘောဂဗေဒ)**

**ပြဿနာ**

ကျွန်တော်၏ စိတ်ထဲမှာ ကြာရှည်စွာစွဲမြဲနေခဲ့သည့် ဇာတ်လမ်းတစ်ပုဒ်ရှိသည်။ ငါးနှစ်အရွယ် သမီးငယ်တစ်ယောက်က ခရစ်ယာန်ကျောင်းတော်၌ ဂီတနှင့်ဖျော်ဖြေရာတွင် အလွန်ပြောင်မြောက်သည်။ သူ၏အသံသည် အလွန်သာယာသည်။ ထို့ကြောင့် သူမငယ်စဉ်ကတည်းကပင် တစ်ချိန်ချိန်၌ ထူးချွန်ပြောင်မြောက်သူ ဖြစ်လာလိမ့်မည်ဟု ဟောကိန်းထုတ်ထားကြသည်။ သူမကြီးပြင်းလာသည့်အခါ၌ ဘုရားကျောင်းများ၊ လူမှုရေးပွဲလမ်းသဘင်များ၌ တေးသီချင်းဆိုရန် တောင်းဆိုခံရသူ ဖြစ်လာသည်။ သို့သော်စနစ်တကျသင်ယူရန် လိုအပ်နေသည်ကို သဘောပေါက်သည့် မိသားစုက ထင်ရှားသည့် ဂီတဆရာတစ်ယောက်ထံသို့ ပို့သည်။ ထိုဂီတဆရာအနေဖြင့် အခြားသူများထက် သူ၏ အနုပညာအကြောင်းကို ပို၍နားလည်သည်။ ဂီတဆရာက အစစအရာရာ ပြည့်စုံတိကျသူဖြစ်သဖြင့် သူ့အနေဖြင့် အကောင်းဆုံးကြိုးစားရန်ကို တစ်ချိန်လုံး ဖိအားပေးနေသည်။ သူ့အနေဖြင့် အနည်းငယ်လွဲချော်သွားခဲ့လျှင်ပင် အသေးအဖွဲကစ၍ အမှားအယွင်းများကို ဂရုတစိုက် ပြင်ပေးလေ့ရှိသည်။ ကာလကြာလာသည့်အခါတွင် သူသည် ဆရာဖြစ်သူကို အလွန်သဘောကျအားကိုးလာခဲ့သည်။ အသက်အရွယ် ကွာခြားသော်လည်း ချီးကျူးသည်ထက် ဝေဖန်ပြုပြင်ပေးတတ်သော ထိုပုဂ္ဂိုလ်ကို ချစ်ကျွမ်းဝင်သွားပြီးလျှင် မကြာမီ၌ သူတို့လက်ထပ်ခဲ့ကြသည်။ ခင်ပွန်းအဖြစ်နှင့်လည်း သူ့ကို ဆက်လက်သင်ကြားပေးခဲ့သည်။ သို့သော် သူ၏အသံမှာ မူလသဘာဝကျကျ အသံမျိုးကဲ့သို့ မဟုတ်တော့ဘဲ တောင့်တင်းမာကျောနေပြီး စိတ်လှုပ်ရှားစရာအသံမျိုး ဖြစ်မလာတော့ပေ။ ထို့ကြောင့် သီချင်းဆိုရန် ဖိတ်ခေါ်သူပင် မရှိတော့ပေ။ ထို့နောက် သူ့ခင်ပွန်းဖြစ်သူ ဂီတဆရာလည်း ကွယ်လွန်သွားခဲ့ပြီးလျှင် နောင်နှစ်အနည်းငယ်အတွင်း၌ သီချင်းလုံးဝမဆိုတော့ပေ။ သူသည် မိမိ၏အစွမ်းအစများ၊ ပါရမီများကို အသုံးမချဘဲသာ ရှိနေခဲ့သည်။

နောက်မကြာမီ၌ အရောင်းသမားတစ်ဦးက သူနှင့်ချစ်ကျွမ်းဝင်လာသည်။ တစ်ခါတစ်ရံတွင် သူ့ကို သီချင်းနည်းနည်းလောက် ဆိုပြရန် တောင်းဆိုသည်။ ထိုအခါ သူ့အသံ၏ သာယာပုံကို တအံ့တသြ ဖြစ်နေတတ်သည်။ “မင်းဟာ တစ်ကမ္ဘာလုံးမှာ အကောင်းဆုံး အသံကို ပိုင်ဆိုင်နေတာပဲ”ဟု ပြောလိုက်သည်။ သူ၏ အသံကောင်းသည် ထူးခြားမှုရှိသည်ကို ၎င်းအနေဖြင့် လုံးဝမသိ။ သို့သော် ၎င်းသိသည်မှာ သူ့အသံကို အလွန်ကြိုက်နေခြင်းပင် ဖြစ်သည်။ ထိုသို့ ကြိုက်နှစ်သက်သည်ကိုလည်း ချီးကျူးဖော်ပြသည်။ ထိုအခါ သူ့အနေဖြင့် ကိုယ့်ကိုယ်ကိုယ် ပြန်လည်ယုံကြည်လာခဲ့သည်။ သီချင်းဆိုရန် ဖိတ်ခေါ်မှုများကိုလည်း ပြန်လည်ရရှိလာသည်။ နောင်အခါ၌ အကောင်းရှာတတ်သည့် ထိုသူကိုလက်ထပ်ပြီးလျှင် အောင်မြင်သည့် သူ၏ကိုယ်ပိုင်ဘဝကို တည်ဆောက်နိုင်ခဲ့သည်။

အချို့က ချီးကျူးမှုများသည် အလကားအဓိပ္ပာယ်မရှိဟု ပြောကြသည်။ တကယ်တော့ ရိုးရိုးသားသား ချီးကျူးခြင်းသည် ရှိသမျှသင်ကြားနည်း၊ လှုံ့ဆော်နည်းများထဲတွင် အထိရောက်ဆုံးသော နည်းလမ်းဖြစ်သည်။ အချို့သူများအနေဖြင့် အဓိပ္ပာယ်မရှိ မြှောက်ပင့်နေခြင်းသာဟု ထင်ကောင်းထင်လိမ့်မည်။ သို့သော် ကျွန်တော်တို့ ကားများ၏ တာယာများကို လေဖြည့်မှ အသုံးဝင်သလို သူ့ကို အားပေးသောလေသည်လည်း ဘဝခရီးတစ်လျှောက်တွင် အသုံးဝင်စေသည်။ **(ဆက်လက်ဖော်ပြပါမည်)**

**ခင်ဗျားအနေဖြင့် လူအများ၏ ကောင်းသည့်အပိုင်းများ၊ အစွမ်းအစများကိုတွေ့ခဲ့လျှင် ခင်ဗျားက သူတို့ကို ကောင်းကောင်းမွန်မွန် ဆက်ဆံနိုင်မည်။ သူတို့လည်း ပို၍ကောင်းကောင်းမွန်မွန် လုပ်ဆောင်နိုင်လာမည်။ ထို့ကြောင့် အကောင်းရှာတတ်သည့် သူတစ်ယောက်ဖြစ်ရန် စီးပွားရေး ရှုထောင့်က ကြည့်လျှင်လည်း မှန်ပြီး လူသားလည်းဆန်။**

**[ခင်မောင်ညို (ဘောဂဗေဒ)၏ “ထိပ်ဆုံးမှာတွေ့ကြမယ်” စာအုပ်မှ “သင်၏ အခြားသူများကိုရှုမြင်ပုံ” ဆောင်းပါးကို စာရေးသူ၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်း ဖြစ်ပါသည်။ စာတည်း]**




# ဝသာန်မိုးရာသီ တေးသီချင်းများဖျော်ဖြေပွဲကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၌ ပြသမည်

နေပြည်တော် ဇူလိုင် ၇

ဝသာန်မိုးရာသီတေးသီချင်းများ ဖျော်ဖြေပွဲ၏ ပွဲစဉ် (၆)ကို ဇူလိုင် ၉ ရက် ည ၈ နာရီ သတင်းအပြီးတွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၌ ထုတ်လွှင့်ပြသမည်ဖြစ်သည်။

**ဖျော်ဖြေတင်ဆက်**

ယင်းအစီအစဉ်ကို ကုမုဒြာတေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ တေးသံရှင်များဖြစ်ကြသည့် စိုးအောင်(ကောင်းကင်ပြာ)၊ ရဲထိုက်၊ ဝိုင်းလမင်းအောင်၊ ပန်းအိဖြူ၊ အိအိချွန်၊ သက်မှူးခင်၊ နေခြည်၊ နန်းစန္ဒီနှင့် ခင်လပြည့်ဝန်းတို့က ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်သည်။

ထိုသို့ တင်ဆက်မှုကို ဇူလိုင် ၁၁ ရက် နံနက် ၁၀ နာရီခွဲတွင် ဒုတိယအကြိမ် ထပ်မံထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## အနုပညာ

### သမီးလေးနဲ့ပတ်သက်ပြီး သတင်းထောက်တွေကို တောင်းဆိုလိုက်တဲ့ ဂျီဂျီဟာဒစ်

ကျော်ကြားတဲ့ အမေရိကန်မော်ဒယ်တစ်ဦးဖြစ်သူ ဂျီဂျီဟာဒစ်ဟာ သူ့ရဲ့သမီးလေးဓာတ်ပုံကို ဖော်ပြရာမှာ မျက်နှာကို မမြင်သာစေဖို့အတွက် ဝါးပြီး ဖော်ပြပေးဖို့ သတင်းထောက်တွေကို တောင်းဆိုခဲ့ကြောင်း အေးရှားဝမ်းဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။



အသက် ၂၆ နှစ်အရွယ်ရှိပြီဖြစ်တဲ့ ဂျီဂျီဟာဒစ်က သူ့ရဲ့ သမီးဖြစ်သူ ခါအီရဲ့ ကိုယ်ပိုင်လွတ်လပ်ခွင့်ကို တန်ဖိုးထားတဲ့အနေနဲ့ မျက်နှာကို ဝါးပြီး ဖော်ပြပေးဖို့ သတင်းထောက်တွေကို တောင်းဆိုထားတာဖြစ်ပါတယ်။ ဒါ့အပြင် ဂျီဂျီဟာဒစ်က မီဒီယာတွေနဲ့ သူ့ရဲ့ ပရိသတ်တွေကိုလည်း သမီးလေးရဲ့ လွတ်လပ်ခွင့်ကို တန်ဖိုးထားကာကွယ်ပေးဖို့ သူ့ရဲ့ အိတ်ဖွင့်စာတစ်စောင်မှာ ရေးသားဖော်ပြခဲ့တာ ဖြစ်ပါတယ်။

အဆိုပါစာမှာ ဂျီဂျီဟာဒစ်က သူ့ရဲ့ သမီးလေးက ပတ်ဝန်းကျင်ကို စူးစမ်းလိုစိတ် ရှိလာပြီဖြစ်တာကြောင့် မိဘတွေအနေနဲ့ သမီးလေးကို ပတ်ဝန်းကျင်နဲ့ ထိတွေ့ခွင့်ပေးလိုကြောင်း၊ သို့သော် မိဘတွေရဲ့ ကျော်ကြားမှုကြောင့် သမီးလေးဟာလည်း မီဒီယာတွေနဲ့ အများရဲ့အာရုံစိုက်မှုခံရမှာကို စိုးရိမ်မိကြောင်းနဲ့ သမီးလေးရဲ့ လွတ်လပ်ခွင့်ကို ကာကွယ်ပေးဖို့ရာ တောင်းဆိုကြောင်းလည်း ထည့်သွင်းရေးသားဖော်ပြခဲ့တာ တွေ့ရပါတယ်။

ဂျီဂျီဟာဒစ်နဲ့ ဗြိတိန်အမျိုးသား တေးဂီတအဖွဲ့ One Direction ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဇေမာလိခ်တို့ဟာ ချစ်သူတွေအဖြစ် လက်တွဲခဲ့ပြီးနောက် လက်ရှိမှာ သမီးလေးတစ်ဦးရရှိခဲ့တာ ဖြစ်ပါတယ်။ သူတို့ရဲ့ ရင်သွေးလေးဟာ အသက် ၁၀ လခန့်ရှိပြီဖြစ်ကြောင်းလည်း သိရပါတယ်။

### အသက် ၃၈ နှစ် ပြည့်ခဲ့ပြီဖြစ်တဲ့ လီတက်ခ်




ကျော်ကြားတဲ့ ကေပေါ့ပ်ကြယ်ပွင့်တစ်ဦးဖြစ်သူ လီတက်ခ်ဟာ အမျိုးသားတေးဂီတအဖွဲ့ Super Junior ရဲ့ အဖွဲ့ဝင်တစ်ဦးပါ။ သူဟာ လက်ရှိမှာတော့ အသက် ၃၈ နှစ် ပြည့်ခဲ့ပါပြီ။ တေးဂီတအသိုင်းအဝိုင်းမှာ အချိန်ကြာမြင့်စွာ လှုပ်ရှားခဲ့တဲ့ လီတက်ခ်ကိုတော့ ပရိသတ်တွေက ယနေ့အချိန်အထိ ချစ်ခင်အားပေးလျက်ရှိပါတယ်။

"ကျွန်တော်ကတော့ ဒီကမ္ဘာရဲ့ ထူးခြားတဲ့ ခေါင်းဆောင်တစ်ဦးပါ။ အတောင်ပံတွေ ဆုံးရှုံးခဲ့ရတဲ့ နတ်သားတစ်ပါးလည်း ဖြစ်ပါတယ်"လို့ ဆိုခဲ့သူ လီတက်ခ်ကတော့ ဇူလိုင် ၁ ရက်က အသက် ၃၈ နှစ်ပြည့်ခဲ့တာ ဖြစ်ပါတယ်။

လီတက်ခ်ဟာ အဖွဲ့အတွင်းမှာ အများရဲ့ အာရုံစိုက်မှုကို ရှာဖွေရယူလိုစိတ်ရှိသူ တစ်ဦးအဖြစ်လည်း သတ်မှတ်ခံထားရသူဖြစ်ပါတယ်။ သူဟာ အခမ်းအနားတင်ဆက်သူ တစ်ဦးအဖြစ် လုပ်ဆောင်ရင်း အများက သူ့ကို အာရုံစိုက်လာအောင် လုပ်ဆောင်လေ့ရှိပါတယ်။ လီတက်ခ်ဟာ ကောင်းမွန်တဲ့ အခမ်းအနားတင်ဆက်သူတစ်ဦးလည်းဖြစ်ပြီး အကနဲ့ အဆိုပိုင်းမှာလည်း အရည်အချင်းရှိသူ တစ်ဦး ဖြစ်ပါတယ်။ သူဟာ Super Junior ရဲ့ ခေါင်းဆောင်တစ်ဦး ဖြစ်တာနဲ့အညီ အဖွဲ့ရှင်သန်ရပ်တည်ရေးအတွက် အကောင်းဆုံးကြိုးစားနိုင်ခဲ့သူ ခေါင်းဆောင်တစ်ဦးအဖြစ်လည်း ကေပေါ့ပ်လောကမှာ ကျော်ကြားပါတယ်။

### တေးသီချင်းသစ်နဲ့ တေးဂီတဇယားတွေကို ဦးဆောင်နေတဲ့ တေးယွန်

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသမီးတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ Girls' Generation ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်သူ တေးယွန်ဟာ သူ့ရဲ့ တစ်ကိုယ်တော်တေးသီချင်းသစ်ကို မကြာသေးမီက စတင်ထုတ်လွှင့်ခဲ့ပြီး လတ်တလောမှာအဆိုပါ တေးသီချင်းဟာ ကမ္ဘာ့တေးဂီတဇယားတွေကို ဦးဆောင်နေကြောင်း စွန်ပီဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။



တေးယွန်က သူ့ရဲ့ တစ်ကိုယ်တော်တေးသီချင်းသစ် Weekend ကို ဇူလိုင် ၆ ရက်က စတင်ထုတ်လွှင့်ခဲ့တာပါ။ အဆိုပါ တေးသီချင်းဟာ စတင်ထုတ်လွှင့်ခဲ့ပြီးနောက် ၂၄ နာရီအတွင်း အကြိမ်အများဆုံး ထုတ်လွှင့်ပေးရတဲ့ တေးသီချင်းအဖြစ်လည်း ရပ်တည်နေတဲ့အပြင် ကမ္ဘာ့တေးဂီတဇယားမှာ နိုင်ငံနဲ့ ဒေသစုစုပေါင်း ၁၄ ခုမှာ နံပါတ်တစ်နေရာမှာ ရပ်တည်နေကြောင်းလည်း သိရပါတယ်။

**အေးပြည့်**
**စုစည်းသည်**

**သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၀)ရပ်ကွက်၊ ရွှေသီရိ(၁)လမ်း၊ အမှတ်(၄)နေ ဒေါ်ဗွိတိုးရီးယား၊ မှတ်ပုံတင်အမှတ်-၁၂/ဒဂမ(နိုင်)၀၁၆၀၅၆ ကိုင်ဆောင်သူမှ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးဂျိုးဇက်(န်)သန်းလွင်၊ မှတ်ပုံတင်အမှတ် -၉/မရမ(နိုင်)၀၉၂၇၉၄ သည် မိခင်ဖြစ်သူ၏ ဆုံးမပဲ့ပြင်မှုအား နာခံမှုမရှိဘဲ မိခင်ကြီးစိတ်ဆင်းရဲအောင်အကြိမ်ကြိမ်ပြုမူဆောင်ရွက်ခဲ့သဖြင့် မိခင်ဖြစ်သူ ဒေါ်ဗွိတိုးရီးယားသည် မိမိ၏သားအရင်းဖြစ်သူ ဦးဂျိုးဇက်(န်)သန်းလွင်အား ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်အပြီးအပိုင် စွန့်လွှတ်လိုက်ပါသည်။

ထို့ကြောင့် ဦးဂျိုးဇက်(န်)သန်းလွင်နှင့်ပတ်သက်သည့် ကိစ္စအရပ်ရပ်မှာ မိခင်၊ မိသားစုနှင့် မည်သို့မျှ သက်ဆိုင်ခြင်းမရှိတော့ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

**ဒေါ်ဗွိတိုးရီးယား ၁၂/ဒဂမ(နိုင်)၀၁၆၀၅၆**

**ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သာယာကုန်းရပ်ကွက်၊ ဒါနလမ်း၊ အမှတ်(၂၂)၊ ၂ခန်းတွဲ(၆)ထပ်တိုက်ရှိ ပဉ္စမထပ်(ဗလွှာ-ခြေရင်းခန်း) တိုက်ခန်းနှင့်တကွ ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ပိုင်ဆိုင်ထားသူ ဦးထွန်းဝင်း [၁၂/လမန(နိုင်)၁၆၉၂၄၃]သည် အဆိုပါတိုက်ခန်းကို တရားဝင်ပိုင်ရှင်အဖြစ် အရှုပ်အရှင်းကင်းစွာ လက်ရှိထား ပိုင်ဆိုင်ပါကြောင်းနှင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိပါကြောင်း ဝန်ခံကတိပြုသည့်အတွက် ၎င်းထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးမျိုးကိုကိုဦး (HLG-၀၃၉၅၇၅)က ယင်းတိုက်ခန်းအား အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းအရောင်းအဝယ်ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ဆက်သွယ်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်သည့်တိုင်အောင် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမျိုးကိုကိုဦး၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်စန္ဒာထက် (LL.B, D.B.L, D.I.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၆၂၂)**
**အမှတ်(၅၅)၊ အခန်း(၅)၊ ဒုတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၇၃၁၀၄၃၁၅၊ ၀၉-၇၈၅၇၃၅၁၂၈**

News and Periodicals Enterprise

Myanmar Digital News

နောက်ဆုံးရပြည်တွင်းနှင့်နိုင်ငံတကာ သတင်းတွေကို အချိန်နှင့်တစ်ပြေးညီ ကြည့်ရှုနိုင်ပြီး မြန်မာ့အလင်း၊ ကြေးမုံ၊ The Global New Light Of Myanmar နေ့စဉ်ထုတ် သတင်းစာ (၃)စောင်ကို အွန်လိုင်းကနေ အလွယ်တကူ ဖတ်ရှုနိုင်ပြီ။

www.mdn.gov.mm

website | App Store | Google Play

Myanmar Digital News နဲ့ နေ့စဉ်သတင်းတွေ ရယူဖတ်ရှုလိုက်ပါ....




- အွန်လိုင်းကနေ အမြို့မြို့အနယ်နယ်က သတင်းတွေကို မှန်မှန်နဲ့ မြန်မြန် ဖတ်ရှုချင်သလား။ မြန်မာ့အလင်း၊ ကြေးမုံနဲ့ The Global New Light of Myanmar သတင်းစာတွေကို Online ပေါ်မှာပဲ ဖတ်ချင်သလား၊ Download ဆွဲပြီး Offline နဲ့ပဲ ဖတ်ချင်သလား။
- Myanmar Digital News အမည်နဲ့ Mobile Application ကို Android, IOS တို့နဲ့လည်း အလွယ်တကူ ရယူဖတ်ရှုနိုင်ပါပြီ။
- အင်္ဂလိပ်ဘာသာနဲ့ ဖတ်ရှုချင်သူတွေအတွက်လည်း English Version နဲ့ ဖတ်ရှုနိုင်ပါပြီ။
- လွယ်ကူမြန်ဆန်စွာ ဖတ်ရှုချင်သူတွေအတွက် Myanmar Digital News မှာ အခုပဲ ဝင်ရောက်ဖတ်ရှုလိုက်ပါ။
- ၂၀၁၇ ခုနှစ်မှ ယနေ့အထိ ထုတ်ဝေခဲ့တဲ့ မြန်မာ့အလင်း၊ ကြေးမုံနဲ့ The Global New Light of Myanmar သတင်းစာများကို ရက်စွဲအလိုက် ရှာဖွေဖတ်ရှုနိုင်ပါပြီ။

## ကန့်ကွက်နိုင်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၆၄)၊ လူနေရပ်ကွက်အမှတ် (စက်မှုဇုန်)၊ မြေကွက်အမှတ်(၃၅၈)၊ ဧရိယာ (၀.၀၆၅)ဧကအကျယ်ရှိ ဦးအဟုတ် အမည်ပေါက်သည့် နှစ် (၆၀)ဂရန်မြေကွက် (အရပ်ခေါ်)ရန်ကုန်မြို့ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (စက်မှုဇုန်)ရပ်ကွက်၊ ဖောင်ကြီးလမ်း၊ အမှတ် (၃၅၈)ဟု ခေါ်တွင်သည့် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို တရားဝင်မြေအမည်ပေါက် ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချ ပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဦးအဟုတ် (၁၂/တမန(နိုင်)၀၈၉၄၅၉) ထံမှ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ပိုင်ဆိုင်မှုအထောက်အထား (မူရင်းများ)ဖြင့် ယနေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက် ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ –
**ဒေါ်ခိုင်ခိုင်စန်း**
(LL.B, D.B.L, D.I.L)
တရားလွှတ်တော်ရှေ့နေ (စဉ် – ၁၆၄၆၁)
အမှတ် (၄၆/၄၈)၊ ပထမထပ် (B)၊ ၁၆–ရပ်ကွက်၊ ဦးအေး (၁) လမ်း၊
လှိုင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – ၀၉–၄၀၁၆၀၂၈၀၀၊ ၀၉–၇၉၅၈၅၄၂၅၄

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၉)၊ မြေကွက်အမှတ်(၂၄၄/က)၊ အကျယ်အဝန်း(၁၂၀၀)စတုရန်းပေအကျယ်ရှိ ဒေါ်ခင်ပြုံးရီ အမည်ပေါက်သည့် နှစ်(၆၀)ဂရန်မြေကွက် (အရပ်ခေါ်) ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ သူရ(၈)လမ်း၊ အမှတ်(၂၄၄)ဟု ခေါ်တွင်သည့် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ဝယ်ယူ၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဦးကျော်မျိုးလွင်[၁၂/အစန(နိုင်)၀၃၈၇၇၈]ထံမှ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ပိုင်ဆိုင်မှုအထောက်အထား(မူရင်းများ)ဖြင့် ယနေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ခိုင်ခိုင်စန်း**
**(LL.B, D.B.L, D.I.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၆၄၆၁)**
**အမှတ်(၄၆/၄၈)၊ ပထမထပ်(B)၊ ၁၆–ရပ်ကွက်၊ ဦးအေး(၁)လမ်း၊**
**လှိုင်မြို့နယ်၊ ရန်ကုန်မြို့။ Ph: 09–401602800, 09–883028096**

# မီးဘေးရှောင် မလောင်ခင်တား

## တစ်ချက်တည်းကျင်းဝင်
## (ရန်ကုန်ဂေါက်အသင်း၊ တည်းကုန်း)

၂၀၂၁ ခုနှစ်၊ ဇူလိုင်လ (၃) ရက်နေ့ နံနက်(၉:၄၅)နာရီတွင် ရန်ကုန်ဂေါက်အသင်း(တည်းကုန်း)၌ ဦးတင်စိုးသည် ၎င်း၏ကစားဖော်များဖြစ်ကြသော ဦးညီညီလွင်၊ ဦးဉာဏ်ဇော်ဦး၊ ဦးဝင်းထွဋ်ဝင်း၊ ဦးစိုးသောင်း၊ ဦးတင်မိုးကျော်တို့နှင့်အတူ ဂေါက်သီးရိုက်ကစားစဉ် ကျင်းအမှတ်(၁၅)ကို (၁၈၀) ကိုက်အကွာမှ SRIXON–4 ဘောလုံးအား WOOD–3 တုတ်ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်း ကျင်းဝင်သွားပါသည်။

## အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–သကတ/(၁)တိုးချဲ့၊ လူနေရပ်ကွက်အမှတ်(၇)၊ တေးဥယျာဉ်(၁၄)လမ်း၊ မြေကွက်အမှတ်–၄၁၅/ခ၊ အကျယ်အဝန်း ပေ(၂၀x၆၀)ဟုခေါ်တွင်သော ဦးအောင်ရှိန် အမည်ပေါက် ဂရန်မြေနှင့် မြေပေါ်တွင်ဆောက်လုပ်ထားသော ပေ(၉x၁၆)၊ အခန်း(၁၀)ခန်းပါ RC၂ထပ်တိုက်အား ဦးဇော်အေးမင်း[၁၁/မဥန(နိုင်)၀၆၅၃၇၃]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်ဇင်မာလွင်[၁၂/ဒဒရ(နိုင်)၁၅၁၉၄၇]က အပြီးအပိုင်ဝယ်ယူလက်ရောက်ရရှိပြီးဖြစ်ပါသဖြင့် ဒေါ်ဇင်မာလွင်သာ တရားဝင်ပိုင်ရှင်အစစ်အမှန်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဒေါ်စန္ဒာမြင့် (LL.B)** | **ဒေါ်မေမျိုးဟန် (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၂၆၁၄)** | **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၆၅၀၃)** |

**ဖုန်း–၀၉–၇၉၅၅၉၅၇၆၀၊ ၀၉–၇၉၂၃၀၀၃၅**

## အများသိစေရန် ကြော်ငြာခြင်း

နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေကွက်အမှတ် (ဒ–၁၁၃၁၀)၊ မြေအကျယ် (၈၀ပေx၈၀ပေ)၊ ဧရိယာ(၀.၁၄၆)ဧကရှိ မြေချပါမစ်မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပါမစ်အမည်ပေါက် ဒေါ်ခင်စန္ဒာထွန်း[၁၂/အစန(နိုင်)၁၈၁၄၉၆]ထံမှ (၁) ဦးရဲသူဝင်း [၁၂/မရက(နိုင်)၁၃၆၁၂၂] နှင့် (၂) ဒေါ်သူဇာအောင်[၅/ဝသန(နိုင်)၀၆၀၉၄၀]တို့က (၂၂–၆–၂၀၂၁)ရက်တွင် စာချုပ်စာတမ်းဖြင့် တရားဝင် ဝယ်ယူပိုင်ဆိုင်ထားပြီးဖြစ်ပါသည်။ ဖော်ပြပါမြေကွက်ကို ဦးရဲသူဝင်းနှင့် ဒေါ်သူဇာအောင်တို့၏ သဘောတူခွင့်ပြုချက်မရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း၊ ဂရန်လျှောက်ထားခြင်းမပြုလုပ်ကြရန်နှင့် ပြုလုပ်ပါက ပြုလုပ်သူတို့၏တာဝန်သာဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဦးကျော်သန်း** | **ဦးထွန်းထွန်းသာ** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်–၅၀၅၆)** | **အထက်တန်းရှေ့နေ(စဉ်–၉၉၀၅)** |

**တိုက်အမှတ်(C–11)၊ အခန်း(၉၀၆)၊ မင်းဓမ္မဥယျာဉ်အိမ်ရာ၊**
**ပါရမီလမ်း၊ (၁၂)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၇၉၂၅၁၃၀၃၈၊ ၀၉–၄၀၁၈၈၂၀၀၇**

# ကြီးမြန် သစ်ပင် စိုက်ပျိုး လျှင် စွမ်းအင် လည်း ရ ပြည် လည်း လှ

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန
## ၁၃၈၃ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၃ ရက်
## ၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၇ ရက်

အကြောင်းအရာ။ **ရေးဖြေစာမေးပွဲများ ကျင်းပနိုင်ခြင်းမရှိသေးကြောင်း အသိပေးကြေညာခြင်း**

၁။ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၏ ၁–၆–၂၀၂၁ရက်တွင် မြန်မာ့အလင်းသတင်းစာနှင့် ကြေးမုံသတင်းစာများတွင် ပြည်ထောင်စုဝန်ကြီးရုံးအတွက် ဒုတိယဦးစီးမှူး(၃)နေရာ၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာနအတွက် ဒုတိယဦးစီးမှူး(၇)နေရာနှင့် တိုင်းရင်းသားအခွင့်အရေးများကာကွယ်စောင့်ရှောက်ရေးဦးစီးဌာနအတွက် ဒုတိယဦးစီးမှူး (၆)နေရာ၊ စုစုပေါင်း(၁၆)နေရာအတွက် ရေးဖြေစာမေးပွဲကို ၁၇–၇–၂၀၂၁(စနေနေ့)တွင် ဖြေဆိုရန် အကြောင်းကြားထားပြီးဖြစ်ပါသည်။

၂။ ယခုအခါ (COVID–19)ရောဂါဖြစ်ပွားမှုအခြေအနေအရ ဒေသဖြတ်ကျော်သွားလာမှု အကန့်အသတ်များရှိနေပါ၍ ကြေညာထားသည့် ၁၇–၇–၂၀၂၁ရက်တွင် ကျင်းပနိုင်ခြင်းမရှိသေးပါကြောင်းနှင့် စာမေးပွဲကျင်းပနိုင်မည့်အခြေအနေပေါ်မူတည်၍ ပြောင်းလဲကျင်းပမည့်နေ့ရက်ကို နိုင်ငံပိုင်သတင်းစာများ၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၏ Website:**http://www.moea.gov.mm**တို့မှတစ်ဆင့် အချိန်မီထုတ်ပြန်ကြေညာပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

## စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့
## မုံရွာတက္ကသိုလ်
## တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်ရန်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၀–၂၀၂၁ ဘဏ္ဍာရေးနှစ် မုံရွာတက္ကသိုလ်တွင် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးကြပ်ဆောင်ရွက်ရမည်ဖြစ်သော အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းအတွက် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါများ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်–

မရတ(၁) ၄–ခန်းတွဲ ၄–ထပ်(၁၀၀'x၃၀') (R.C) (၁)လုံး တည်ဆောက်ခြင်း၊ ပြင်ပရေ ရရှိရေးလုပ်ငန်း(၄''–အဝီစိတွင်း၊ ဂါလန် ၁၂၀၀၀ ဆံ့ မြေအောက်ရေကန်၊ Summersible pump နှင့် အဆောက်အဦ)၊ အတွင်းပိုင်း ရေနှင့် လျှပ်စစ်မီး ရရှိရေးလုပ်ငန်း

| | | |
|---|---|---|
| ၂။ တင်ဒါလျှောက်လွှာပုံစံ ရောင်းချမည့်ရက် | – | ၅–၇–၂၀၂၁ ရက်(တနင်္လာနေ့) (ညနေ ၄:၃၀ နာရီ) |
| တင်ဒါပိတ်မည့်ရက်/အချိန် | – | ၂၀–၇–၂၀၂၁ရက် (အင်္ဂါနေ့) (ညနေ ၄:၃၀နာရီ) |

၃။ တင်ဒါလျှောက်လွှာဝယ်ယူရမည့်နေရာ–အင်ဂျင်နီယာဌာန၊ မုံရွာတက္ကသိုလ်
၄။ အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်နေရာ–အင်ဂျင်နီယာဌာန၊ မုံရွာတက္ကသိုလ်
၅။ အသေးစိတ်သိရှိလိုပါက မုံရွာတက္ကသိုလ်၊ အင်ဂျင်နီယာဌာန၊ ဖုန်းနံပါတ်–၀၉–၄၂၈၁၂၀၅၇၅ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးအဖွဲ့၊ မုံရွာတက္ကသိုလ်**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၄)ရပ်ကွက်၊ ရွှေငုဝါလမ်း၊ ရွှေစံပယ်ရိပ်မွန်၊ တိုက်အမှတ်(A–7)၊ တတိယထပ်၊ တိုက်ခန်းနှင့်မြေအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား တရားဝင်ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ မဆုပြည့်ပိုင်မှူး (ဘ)ဦးကိုကို[၁၂/တမန(နိုင်)၁၁၄၈၄၉]ထံမှ ကျွန်ုပ်က ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သန္တာအေး[၁၂/ခရန(နိုင်)၀၁၁၀၂၆]**
**ဖုန်း–၀၉–၅၄၁၆၃၂၅၊ ၀၉–၇၆၆၅၀၉၇၉၆**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ ကျေးရွာအမည်–မရွှေဥ၊ ကွင်းအမည်–မရွှေဥကွင်း၊ ကွင်းအမှတ်–၃၃၃၊ ဦးပိုင်အမှတ်–၁၃/က၊ ဧရိယာ(၁.၈၈)၊ ဦးပိုင်အမှတ်–၁၄/က၊ ဧရိယာ(၄.၃၂)၊ ဦးပိုင်အမှတ်–၁၇/က၊ ဧရိယာ(၅.၆၂)၊ ဦးပိုင်အမှတ်–၁၉/က၊ ဧရိယာ(၃.၉၉)ကေရှိလယ်မြေများကို အမည်ပေါက်လုပ်ကိုင်ခွင့်ချထားပေးခြင်းခံရသူ ဦးမျိုးကိုကို[၁၂/ဒဂန(နိုင်)၀၃၅၂၀၄]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အရောင်းအဝယ်ပြုလုပ်၍ ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ထိုအရောင်းအဝယ်ကို ကန့်ကွက်လိုသူရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ (၁၀)ရက်အတွင်း ကျွန်ုပ်ထံသို့ ဥပဒေနှင့်အညီ တရားဝင်ပိုင်ဆိုင်သည့် ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထား(မူရင်း)များဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်အေးအေးအောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၄၃၂၂)**
**အမှတ်–၁၂၁၊ ဒု–ထပ်၊ ဘုန်းကြီးလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၅၁၆၉၁၅၉၊ ၀၉–၉၇၅၁၆၉၁၅၉၊ ၀၉–၇၈၅၁၆၉၁၅၉**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြောက်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၃၂၊ မြေကွက်အမှတ်(၂၅၁)၊ ဧရိယာ(၀.၀၆၁)ဧကရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်သက်သက် အမှတ်(၂၅၁) ဗိုလ်ကြာညွန့်လမ်းနှင့် ချမ်းမြေ့သာယာ(၂)လမ်းထောင့်၊ (၃၂)ရပ်ကွက်၊ ဒဂုံမြောက်မြို့နယ်နှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်ကို အမည်ပေါက်ပိုင်ရှင် ဒေါ်ဆွေဆွေလှိုင်သင်း[၁၄/ကလန(နိုင်)၀၀၀၈၄၀]ထံမှ ဝယ်ယူထားပြီး ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်းကတိပြုသူ ဦးမျိုးသက်[၁၂/သဃက(နိုင်)၀၃၉၂၇၂]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေများက ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါ မြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်းများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**တရားလွှတ်တော်ရှေ့နေ ဦးအောင်ခိုင် LL.B, Advocateship (စဉ်–၂၄၆၄/၈၃)**
**တရားလွှတ်တော်ရှေ့နေ ဒေါ်မြင့်မြင့်အေး B.A(Law), LL.B (စဉ်–၂၄၀၃/၈၃)**
**(ရုံး) အမှတ်(၈၃/၁၁)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်။ ၀၉–၉၇၆၄၁၄၀၁၀**
**(အိမ်)အမှတ်(၇၂/၉၄) ဦးကြွယ်ဟိုးလမ်း၊ ကြည့်မြင်တိုင်မြို့နယ်။ ၀၉–၇၉၉၆၄၀၇၅၇**

ကြော်ငြာ

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း








မြန်မာမှုစကျင်ကျောက်ဖြင့် တည်ဆောက်ပူဇော်ထားသော ဂန္ဓကုဋီတိုက် (၅၄×၂၇)ပေ ၂၄ လုံး ၁ လုံးလျှင်- ၁၂၅၀ သိန်း(၁၅ လုံးလှူဒါန်းပြီး)



ဂေါပကရုံး (၄၈×၂၄)ပေ ၁ လုံး-၄၂၃ သိန်း(လှူဒါန်းပြီး)



သုခမ္မာဇရပ်(၅၄×၃၀)ပေ ၆ လုံး ၁ လုံးလျှင်-၅၅၇ သိန်း(လှူဒါန်းပြီး)



မော်ကွန်းတိုက်(၇၂×၃၀)ပေ ၁ လုံး-၈၈၄ သိန်း (လှူဒါန်းပြီး)



ဓမ္မာရုံ(၂၁၃×၉၀)ပေ ၁ လုံး-၈၇၃၀ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး ၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

(၁) အဝင်မုခ်ဦး(၁၀၀×၄၀)ပေ ၁ ခု - ၈၂၀ သိန်း
(၂) အဝင်မုခ်ဦးငယ်(၇၅×၄၀)ပေ ၃ ခု၊ ၁ ခုလျှင် - ၆၇၆ သိန်း
(၃) ရေပန်းအကြီး(အချင်း ၇၅ ပေ၊ အမြင့် ၁၅ ပေ) ၁ ခု - ၄၃၂၀ သိန်း
(၄) ရေပန်းအသေး(အချင်း ၃၀ ပေ၊ အမြင့် ၉ ပေ) ၁၈ ခု၊ ၁ ခုလျှင် - ၈၀၅ သိန်း
(၅) မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေခန်း) ၂၀၀ ခန်း ၁ ခုလျှင် - ၇၂ သိန်း
(၆) မဟာရံတံတိုင်းစိန်တောင်စကျင်ကနုတ်ပန်း(မြန်မာမှုပါ) ၆၅၂ ခု၊ ၁ ခုလျှင် - ၇ သိန်း
(၇) မဟာရံတံတိုင်းရှိ စကျင်ထောင့်တိုင်(မြန်မာမှုပါ) ၅၀ ခု ၁ ခုလျှင် - ၁၅ သိန်း
(၈) မဟာရံတံတိုင်း၏အင်္ဂတေမြန်မာမှု ၂၁၈ ကျင်း၊ ၁ ကျင်းလျှင် - ၄.၁ သိန်း
(၉) မြန်မာမှု တစ်ဖက်လှခြံစည်းရိုး(၂၇ ပေခန်း) ၄၅၅ ခန်း ၁ ခန်းလျှင် - ၃၁ သိန်း
(၁၀) စကျင်ကျောက်ပြား ၂၁၂၀ ကျင်း၊ ၁ ကျင်းလျှင် - ၄.၇ သိန်း
(၁၁) ကြွေပြား ၁၇၃၆ ကျင်း၊ ၁ ကျင်းလျှင် - ၂ သိန်း
(၁၂) ကွန်ကရစ် ၈ လက်မထုခင်းခြင်း၊ ၅၉၁၀ ကျင်း ၁ ကျင်းလျှင် - ၃.၆ သိန်း
(၁၃) မြောက်ဘက်မုခ်ပင်မလှေကား(မြန်မာမှုပါ) ၁ စင်း - ၁၉၁၄ သိန်း
(၁၄) အရှေ့၊ အနောက်နှင့် တောင်ဘက်မုခ်လှေကား (မြန်မာမှုပါ) ၃ စင်း၊ ၁ စင်းလျှင် - ၄၉၀ သိန်း
(၁၅) ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ × ၁၇၆)ပေ၊ ၈၂ ခန်း ၁ ခန်းလျှင် - ၁၉၃ သိန်း
(၁၆) ရင်ပြင်တော် ပင်မတံတား(၁၀ ပေခန်း) ၉ ခန်း ၁ ခန်းလျှင် - ၁၃၂၂ သိန်း
(၁၇) လမ်းမီးတိုင် (၉ မီတာ) ၁ တိုင်လျှင် - ၁၀ သိန်း
(၁၈) High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင် - ၄၉၄ သိန်း
(၁၉) Garden Light(၁ မီတာ) ၁ တိုင်လျှင် - ၁.၂ သိန်း
(၂၀) ဆလိုက်မီး(၁၀ မီတာ) ၁ တိုင်လျှင် - ၁၈၅ သိန်း
(၂၁) ဂန္ဓကုဋီတိုက်(Solar) ၂၄ လုံး၊ ၁ လုံးလျှင် - ၄၈ သိန်း
(၂၂) ဓမ္မာရုံ(မီး/ရေ) ၁ လုံး - ၁၉၅ သိန်း
(၂၃) သုခမ္မာဇရပ်(မီး) ၆ လုံး၊ ၁ လုံးလျှင် - ၄၁ သိန်း
(၂၄) ဂေါပကရုံး(မီး/ရေ) ၁ လုံး - ၁၁၀ သိန်း
(၂၅) မော်ကွန်းတိုက်(မီး) ၁ လုံး - ၄၁ သိန်း

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၀၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆** နှင့် **ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၁၆-၃၁၀၀၅**
**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဦးဖြိုးဖြိုး
**စစ်ကိုင်းတိုင်းဒေသကြီးတရားလွှတ်တော်**
**တရားသူကြီးချုပ်**
**အသက်(၆၀)**

စစ်ကိုင်းတိုင်းဒေသကြီးတရားလွှတ်တော်၊ တရားသူကြီးချုပ် ဦးဖြိုးဖြိုး အသက်(၆၀)သည် ၆-၇-၂၀၂၂ ရက်နေ့ ညနေ ၅:၅၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၊ တရားသူကြီးချုပ်**
**နှင့် တရားလွှတ်တော် တရားသူကြီးများ၊**
**တရားရေးအရာရှိများ**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဦးဖြိုးဖြိုး
**အသက်(၆၀)**

စစ်ကိုင်းတိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ် ဦးဖြိုးဖြိုးသည် ၆-၇-၂၀၂၂ (အင်္ဂါနေ့) ညနေ ၅:၅၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**တနင်္သာရီတိုင်းဒေသကြီးတရားလွှတ်တော်**
**တရားသူကြီးချုပ်နှင့်**
**တရားလွှတ်တော်တရားသူကြီးများ၊**
**တရားရေးအရာရှိများ**

## ဝမ်းနည်းကြေကွဲခြင်း
### ဗိုလ်ကြီး ရဲချစ် (ငြိမ်း)
**အသက် (၉၄) နှစ်**

ဗိုလ်မှူးခင်မောင်သွင်(ငြိမ်း၊ ညွှန်ကြားရေးမှူး၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန)-ဒေါ်ခင်နှင်းလွင်၏ ချစ်လှစွာသော ဖခင်သည် ၆-၇-၂၀၂၂(အင်္ဂါနေ့) နံနက် ၀၆:၅၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၈၅)၊ သီဟတပ်ခွဲ**
**ကျောင်းဆင်းအရာရှိများနှင့် မိသားစုဝင်များ**

## ဦးကျော်အေး
**အလုပ်ကြပ်(ငြိမ်း)**
**တွင်ရုံဌာန၊ စက်ခေါင်းစက်ရုံ(အင်းစိန်)၊ မြန်မာ့မီးရထား**
**အသက်(၈၂)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်နေ ဦးစံချိန်-ဒေါ်သိန်း တို့၏သား၊ (ဦးထွန်းငွေ-ဒေါ်လှရင်)တို့၏ သားသမက် ၊ ရန်ကုန်းတိုင်းဒေသကြီး ၊ဒဂုံမြို့သစ်တောင်းပိုင်းမြို့နယ် ၊ အမှတ်၄၉၊ လောင်းလုံလမ်း၊ ၂၅ရပ်ကွက်နေ ဒေါ်အုန်းကျင်၏ခင်ပွန်း အင်းစိန်မြို့နယ်နေ ဦးစိန်ထွန်း-ဒေါ်တင်ကြွယ်တို့၏အစ်ကို၊ ဦးကျော်မိုး-ဒေါ်မာမာဦး(အ.ဆ.ည(ရန်ကုန်)၊ အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီ)၊ ဦးသက်နိုင်(စက်ခေါင်းသစ်တပ်ဆင်ထုတ်လုပ်ရေး၊ နေပြည်တော်)-ဒေါ်လှလှကြူ၊ ဒေါ်ခင်ချို၊(ဦးအောင်နိုင်)၊ ဦးထွန်းနိုင်တို့၏ ကျေးဇူးရှင်ဖခင်၊ ဒေါ်စန္ဒာထွန်း(ကထိက-ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်)၊ ဦးရဲအောင်-ဒေါ်နီလာဝင်း၊ ဦးသန့်ဇင်-ဒေါ်တင်နုရီတို့၏ ဦးလေး၊ မခင်ခန့်ခန့်သူ၊ မအိသဉ္ဇာမိုး၊ မောင်ထက်ဝေယံ၊ မထက်ထက်လင်းတို့၏အဘိုးဖြစ်သူသည် ၅-၇-၂၀၂၂(တနင်္လာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၆-၇-၂၀၂၂ ရက်နေ့တွင် ထိန်ပင်သုသာန်၌ မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်ဆွေအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

**အလ္လာဟ်အသျှင်မြတ်အမိန့်တော်ခံယူခြင်း**
## ဟာဂျီ ဦးအစ္စမိုင်အင်(ခ)ဟာဂျီ ဦးတင်ထွန်း
**ဒုတိယအထွေထွေမန်နေဂျာ (ငြိမ်း)**
**မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း**
**အသက်(၇၄)နှစ်**

ရန်ကုန်မြို့၊ အထက်ပန်းဆိုးတန်းလမ်း၊ အမှတ်(၅၈)၊ မြန်မာ့ဂုဏ်ရည်အိမ်ရာ၊ တိုက်အမှတ် (A3-1)၊ အခန်း(၂၀၂)နေ ဟာဂျီမဒေါ်မြတ်မြတ်မေ၏ ခင်ပွန်း၊ ဟာဂျီ ကိုခင်မောင်လတ်-ဟာဂျီမမမေခလာထွန်း၊ ဟာဂျီ ကိုကျော်ကျော်-ဟာဂျီမ မခင်သီရိထွန်း၊ ဟာဂျီ ကိုအောင်မျိုးထွန်း-ဟာဂျီမ မအိဖြူဖြူဆွေတို့၏ မွေးသဖခင်၊ မောင်ဟန်ထွန်း၊ မောင်ဝင်းမင်းသန့်ထွန်း၊ မမေဖူးသိမ့်ထွန်း၊ မခြူးနှင်းနဒီထွန်းတို့၏ ချစ်လှစွာသောအဘိုးသည် ၇-၇-၂၀၂၂ ရက် နံနက် ၁၀:၁၅ နာရီတွင် အလ္လာဟ်အသျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့ အဆွရ်နမာဇ်အပြီး ညနေ ၅ နာရီတွင် ရေဝေးကဘာရ်စတာန်ဥယျာဉ်တော်၌ ဂျနာဇာနမာဇ်ဝတ်ပြုပြီး ဒါဖနာပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု

**အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ ကာကွယ်ရေး**
**အဓိကသတင်းစကားKey Messages များ (၂)မျိုး**

(၁) မိုးရာသီကာလအတွင်း အဖြစ်များသည့် ရာသီတုပ်ကွေး ရောဂါ မိမိကစ၍ ကာကွယ်ပါ
(၂) ကိုရိုနာဗိုင်းရပ်စ်(COVID-19)ရောဂါ၏ နောက်ဆက်တွဲ ဆိုးကျိုးများ

၂၀၂၂ ခုနှစ်၊ ဇွန်လ

## သီလရှင်ဆရာကြီး ဒေါ်ဝဏ္ဏသိဂီ
**ဝါတော်(၇၇)ဝါ၊ သက်တော် (၉၀)**

ဇေယျာသိဂီ သီလရှင်ကျောင်းတိုက် (မြောက်ဥက္ကလာပ)၊ ကျောက်တန်းသီလရှင်ကျောင်းတိုက်(ဗဟန်း)၊ သာဝတ္ထိတောင်သုံးလုံးဇေတဝန် ဇေယျာသိဂီ သီလရှင်ကျောင်းတိုက်(နေပြည်တော်)တို့၏ ဦးစီးပဓာနနာယကဆရာကြီး ပထမကျော်၊ သာသနဓဇဓမ္မာစရိယ၊ မဟာဂန္ထဝါစကပဏ္ဍိတ၊ ရန်ကုန်တိုင်းဒေသကြီး သီလရှင် အမှုဆောင်အဖွဲ့ဝင်ဆရာကြီး ဒေါ်ဝဏ္ဏသိဂီ ဝါတော်(၇၇)ဝါ၊ သက်တော်(၉၀)သည် (၁၃၈၃ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၂ရက်) ၆-၇-၂၀၂၂ (အင်္ဂါနေ့) မွန်းလွဲ ၁၂:၅၀ နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် (နယုန်လပြည့်ကျော် ၁၄ ရက်) ၈-၇-၂၀၂၂ (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေး အကြောင်းကြားအပ်ပါသည်။ (ဗဟန်း ၁-လမ်း၊ ကျောက်တန်းကျောင်းနှင့် မြောက်ဥက္ကလာပမြို့နယ်၊ ဇေယျာသိဂီကျောင်းတိုက်တို့မှ ကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူတပည့်များ

## ဒေါ်တင်လှ (သက္ကလမြို့)
**အသက်(၈၉)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ သက္ကလမြို့နေ (ဦးထွန်းစိန်-ဒေါ်ကုလားမ)တို့၏သမီး၊ သက္ကလမြို့နေ (ဦးဘသက်-ဒေါ်စော)တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ရန်အောင်လမ်းသွယ်(၃)၊ တိုက်(၃၁၂)၊ အခန်း(၁၄)နေ [ဦးကျော်စန်း (သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီးရုံး-ငြိမ်း)]၏ ချစ်လှစွာသောဇနီး၊ ဦးကြည်ဝင်း-ဒေါ်သန်း သန်းဌေး (ဂျပန်)၊ ဦးကျော်ထူးအောင်-ဒေါ်မီမီသန်း(ဒု-ညွှန်မှူး၊ အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်)၊ (ဦးကျော်ဌေးအောင်)-ဒေါ်ပြုံးကြည်၊ ဒေါ်တင်မာအေး (အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်-ရန်ကုန်)တို့၏ ချစ်လှစွာသောမိခင်၊ မြေးငါးယောက်၊ မြစ်ငါးယောက်တို့၏အဘွား ဒေါ်တင်လှသည် ၆-၇-၂၀၂၂ ရက် နံနက် ၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၇-၂၀၂၂ ရက် နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး**
## ဒေါ်မြသိန်း(ကျွန်းကြီး၊ ဇလွန်မြို့)
**မာဃသြသဓဆေးတိုက်**
**အသက်(၇၉)နှစ်**

ဧရာဝတီတိုင်းဒေသကြီး၊ ဇလွန်မြို့နယ်၊ ကျွန်းကြီးကျေးရွာနေ (ဦးမောင်လွင်-ဒေါ်ငွေဆင်)တို့၏ သမီး၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဗိုလ်ချို (၁) ရပ်ကွက်၊ ဗိုလ်ချုပ်ပြတိုက်လမ်းနေ ဦးလှဆောင်(မာဃသြသဓဆေးတိုက်)၏ဇနီး၊ ဦးသန်းနိုင်၊ ဦးအောင်ကျော်ဝင်း၊ ဒေါ်သက်သက်ဆွေတို့၏ ချစ်လှစွာသောမိခင်ကြီး ဒေါ်မြသိန်းသည် ၆-၇-၂၀၂၂ (အင်္ဂါနေ့) ည ၇:၃၀ နာရီတွင် အထက်ပါနေအိမ်၌ (၉၆)ပါးရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၇-၇-၂၀၂၂(ဗုဒ္ဓဟူးနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး မိတ်ဆွေအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဦးဝင်းဌေး
**မုဒ်ဦးအလှူရှင်**
**ဧည့်လမ်းညွှန်၊ လက်ထောက်အင်ဂျင်နီယာ၊ စာရေးဆရာ**
**အသက်(၅၅)နှစ်**

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ရွှေခင်းသာရပ်ကွက်၊ ရွှေခင်းသာအိမ်ရာ၊ သရဖီလမ်း၊ တိုက်ခန်းအမှတ် (B-8/101)နေ ဦးသိန်းထွန်း-(ဒေါ်ခင်ကြွေ)တို့၏ သား၊ ဦးစံသိန်း-ဒေါ်တင်သန်းတို့၏ သားသမက်၊ ဒေါ်ခင်သက်မာ၏ ချစ်လှစွာသောခင်ပွန်း၊ မထက်ရွှေစင်ဝင်း၊ မချမ်းမြေ့ဝင်းတို့၏ မွေးသဖခင်ကျေးဇူးရှင်သည် ၆-၇-၂၀၂၂ (အင်္ဂါနေ့) ညနေ ၆:၁၅ နာရီတွင် ဘဝတစ်ပါးသို့ပြောင်းရွှေ့ကွယ်လွန်သွားပါသဖြင့် ၇-၇-၂၀၂၂ ရက်တွင် သဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၂-၇-၂၀၂၂ (တနင်္လာနေ့)တွင် အထက်ပါနေအိမ်၌ ရက်လည်ဆွမ်းကပ်မည်ဖြစ်ပါ၍ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးမြတ်ခိုင်(ရန်ကုန်)
**အသက်(၅၄)နှစ်**
**B.Sc(Maths)(University of Yangon)**
**Managing Director (MT & K Tourism Co.,Ltd.)**
**Tournament Director and General Secretary**
**(Myanmar Golf Federation)**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်နေ (ဦးကြီးငွေ)-ဒေါ်သိန်းကြည်တို့၏ သားကြီး၊ ဦးကျော်မိုးလှိုင်- ဒေါ်ခင်ဝင်းခိုင်တို့၏မောင်၊ ဦးသက်ခိုင်-ဒေါ်စိန်မွန်သီ၊ ဦးအောင်နိုင်-ဒေါ်သီတာခိုင်၊ ဦးသန်းဇော်ဝင်း-ဒေါ်လွင်မာခိုင်တို့၏ အစ်ကိုကြီး၊ မသဇင်မြင့်မြတ်၊ မောင်ဇေယျာထွဋ်၊ မသက်ထားဆွေတို့၏ဖခင်၊ ဒေါ်မိုးဝါ၏ ချစ်လှစွာသောခင်ပွန်း ဦးမြတ်ခိုင်သည် ၇-၇-၂၀၂၂(ဗုဒ္ဓဟူးနေ့) နံနက် ၅:၄၀ နာရီတွင် ၉၆ပါးသောရောဂါဝေဒနာဖြင့် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ယင်းနေ့ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး မိတ်ဆွေအပေါင်းအား အသိပေးအကြောင်းကြား အပ်ပါသည်။ ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဦးဖြိုးဖြိုး
**အသက်(၆၀)**
**စစ်ကိုင်းတိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်**

တရားရေး ဝန်ထမ်းလုပ်ငန်းဝင်သင်တန်း အမှတ်စဉ်(၄) သင်တန်းအတူတက်ရောက်ခဲ့သူ သူငယ်ချင်း ဦးဖြိုးဖြိုးသည် ၆-၇-၂၀၂၂ ရက်နေ့ ညနေပိုင်းတွင် ကွယ်လွန်သွားကြောင်းကြားသိရ၍ မိသားစုနှင့်ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**တရားရေး ဝန်ထမ်းလုပ်ငန်းဝင်သင်တန်း အမှတ်စဉ်(၄)**
**သင်တန်းဆင်းတရားရေးမောင်နှမများ**

## ဦးခင်မောင်ကြူ
**မြန်မာ့သစ်လုပ်ငန်း (ငြိမ်း)**
**အသက်(၈၂)နှစ်**

လားရှိုးမြို့၊ ရပ်ကွက်(၈)၊ ရတနာတင်းတိမ်လမ်း၊ အမှတ် (၇/၂၄)နေ (ဦးပျော့-ဒေါ်ရွှေရင်)တို့၏ တစ်ဦးတည်းသောသား၊ (ဦးမြင့်ဆွေ-ဒေါ်ခင်သိန်း)တို့၏မောင်၊ (ဦးဝင်းမောင်)-ဒေါ်စောလှိုင်တို့၏ အစ်ကို၊ ရဲမှူးကြီးကျော်ထွေး-ဒေါက်တာသီတာကြူ(ပါမောက္ခချုပ်၊ မုံရွာစီးပွားရေးတက္ကသိုလ်)၊ (ဒေါက်တာဇော်ဝင်းကို)-ဒေါက်တာနီလာကြူ(ပါမောက္ခ၊ ဌာနမှူး၊ စိတ်ပညာဌာန၊ ရန်ကုန်တက္ကသိုလ်)၊ ဒေါ်ကြည်ပြာကြူ (ရဲမှူး-ငြိမ်း)၊ ဦးကျော်ကျော်လွင်-ဒေါ်စန္ဒာကြူ (Tycoon LCCI သင်တန်း)၊ ဒေါက်တာဇင်မာကြူ (ကထိက၊ ပခုက္ကူကွန်ပျူတာတက္ကသိုလ်)တို့၏ ဖခင်၊ ဒေါက်တာမြတ်ဘုန်းကျော် (ဘွဲ့လွန်ကျောင်းသား၊ ရန်ကုန်ကလေးဆေးရုံကြီး)၊ မချောအိဖြူ(နောက်ဆုံးနှစ်အပိုင်း-ခ၊ ဆေးတက္ကသိုလ်၊ မန္တလေး)တို့၏ အဘိုး၊ [ဒေါ်လှလှ (စက္ကူ/ခဲတံပုံ၊ ကုန်သွယ်ရေး-ငြိမ်း)]၏ ခင်ပွန်းသည် ၇-၇-၂၀၂၂ ရက် နံနက် ၈:၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေတွင် လားရှိုးမြို့ ကြာကန်သုသာန်သို့ ပို့ဆောင်သဂြိုဟ်ပြီးဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

## ဦးဝင်း
**မနောမယိဒ္ဓိကံထိန်းဆရာကြီး**
**ရုံးအုပ်ကြီး (မကွေးတိုင်းပညာရုံး)**
**(မင်းဘူး-မကွေး-ရန်ကုန်)**
**အသက်(၈၀)**

မင်းဘူးမြို့ရွာမရပ်နေ (ဦးမြဟန်-ဒေါ်လှတင်)တို့၏ သား၊ မင်းဘူးမြို့ ကျောင်းဆရာ (ဦးညွှန့်-ဒေါ်စုစု)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ ယုဇနဥယျာဉ်မြို့တော်၊ စစ်တောင်းရိပ်မွန်၊ နှင်းဆီလမ်း၊ တိုက်(၁၈)နေ ဒေါ်ခင်ဌေးလှ(အထပြ-ငြိမ်း၊ အထက-၁၊ မကွေး)၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါ်ခင်မျိုးမြင့် (အထပြ၊ အထက-၂၊ ဒဂုံဆိပ်ကမ်း)၊ ဒေါ်အေးမာဝင်း (ဆက်သွယ်ရေး၊ ဆူးလေကောင်တာ)၊ ဦးဇေယျာဝင်း၊ ဒေါ်ထားစုလှိုင်(စင်ကာပူနိုင်ငံ)တို့၏ ချစ်လှစွာသောဖခင်၊ မသန့်သီရိဝင်း၊ မမေမြတ်နိုးခင်တို့၏ဘိုးဘိုးကြီး ဦးဝင်းသည် ၆-၇-၂၀၂၂ ရက် မွန်းလွဲ ၁:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၇-၂၀၂၂ ရက် နံနက် ၉ နာရီတွင် သဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား သိစေအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဦးမောင်မောင်မြင့်
**အသက်(၅၃)နှစ်**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ရေကျော် စံပါယ်လမ်း၊ အမှတ်(၁၂)၊ လေးလွှာနေ (ဦးမျိုးဝင်း-ဒေါ်ငွေစိန်)တို့၏ သား၊ ဦးသန်းဝင်း-ဒေါ်စန္ဒာဝင်းတို့၏ မောင်၊ ဒေါ်ဥမ္မာခိုင်သန်း (မန်နေဂျာ၊ မြဝတီ ဘဏ်လီမိတက်)၏ ခင်ပွန်း၊ မဟန်ထက်ထက်ထွန်း၏ ချစ်လှစွာသောဖခင် ဦးမောင်မောင်မြင့်သည် ၅-၇-၂၀၂၂ (တနင်္လာနေ့) ည ၇:၅၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ (၉၆)ပါးရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၆-၇-၂၀၂၂ (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၁-၇-၂၀၂၂ (တနင်္ဂနွေနေ့)တွင် အမှတ်(၉)၊ စံပါယ်လမ်း၊ မြေညီထပ် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

**ဝမ်းနည်းကြေကွဲခြင်း**
### ဗိုလ်မှူးဝင်းမြင့် (ရေ၊ ငြိမ်း)
**D.S.A 20th Intake**
**အသက်(၆၄)နှစ်**

ဒေါ်ငယ်ငယ်ဝေ၏ ချစ်လှစွာသောခင်ပွန်း ဗိုလ်မှူးဝင်းမြင့်(ငြိမ်း)သည် ၆-၇-၂၀၂၂ ရက်နေ့ နံနက် ၁ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ် အပတ်စဉ်(၂၀)မှ**
**သူငယ်ချင်း၊ မိသားစုများ**

**သင့်**
**သွေးဖြင့်**
**အသက်ကယ်ပါ**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဦးမြတ်ခိုင်
**အထွေထွေအတွင်းရေးမှူး၊ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်**
**အသက်(၅၄)နှစ်**

မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်၏ အထွေထွေအတွင်းရေးမှူးဖြစ်သူ ဦးမြတ်ခိုင် (Managing Director-MT&K Tourism Co.,Ltd)သည် ၇-၇-၂၀၂၂ (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**နာယကများ၊ ဥက္ကဋ္ဌနှင့်**
**ဗဟိုအလုပ်အမှုဆောင်များ**
**မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်**

ကြေးမုံ ယနေ့ ဖတ်စရာ



ဗုဒ္ဓအကြောင်း သိကောင်းစရာ မှတ်တမ်း

စာမျက်နှာ » ၂၀

- - - - - - - - - - - - - -

ဇူလိုင် ၇ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၃၉၄၇ ဦး တွေ့ရှိ

စာမျက်နှာ » ၁၁

- - - - - - - - - - - - - -

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်**

ကရင်ပြည်နယ် မြို့နယ် ၇ မြို့နယ်၏ မဲဆန္ဒရှင်စာရင်းများနှင့် ဆန္ဒမဲပေးခဲ့မှုအခြေအနေများကို စစ်ဆေး

စာမျက်နှာ » ၁၅

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး“မူ”ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# မကွေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့ရှိ မြို့နယ် ၁၄ မြို့နယ်အား နေအိမ်တွင်နေထိုင်ရေးအစီအစဉ်တွင် အကျုံးဝင်ကြောင်း ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
အမိန့်အမှတ် ၂၇၈ /၂၀၂၁
၁၃၈၃ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၃ ရက်
(၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၇ ရက်)

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေး ဥပဒေပုဒ်မ ၂၁ ပုဒ်မခွဲ(ခ)ပါ လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကို ထုတ်ပြန်လိုက်သည်။

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါ (Coronavirus Disease 2019 – COVID–19) ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိရာ မကွေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင် COVID–19 ဓာတ်ခွဲအတည်ပြုလူနာများ တွေ့ရှိရမှုများပြားလာပြီး ပိုးတွေ့နှုန်းမြင့်တက်လျက်ရှိပါသဖြင့် အဆိုပါ မြို့နယ်များတွင်နေထိုင်သည့် ပြည်သူများအနေဖြင့် မိမိနေအိမ်တွင် နေထိုင်ရန် (Stay at Home)လိုအပ်ပါသည်။

၂။ သို့ဖြစ်ပါ၍ မကွေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အောက်ဖော်ပြပါ မြို့နယ်များတွင် နေထိုင်သည့် ပြည်သူများအနေဖြင့်

စာမျက်နှာ ၁၂ ကော်လံ ၁ သို့ ❖




# ကန့်ဘလူ မြို့ဝင်ဂိတ်များ၌ ကျန်းမာရေးစစ်ဆေးခြင်းများ ဆောင်ရွက်

ကန့်ဘလူ ဇူလိုင် ၇

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့ ခရိုင်စုပေါင်းရုံးရှေ့ရှိ မြို့ဝင်စစ်ဆေးရေးဂိတ်နှင့် အမှတ်(၅)ရပ်ကွက် သံလမ်းကူးအနီးရှိ မြို့ဝင်စစ်ဆေးရေးဂိတ်များတွင် ခရီးသွားပြည်သူများအား ကျန်းမာရေးစစ်ဆေးခြင်း၊ ကိုယ်အပူချိန်တိုင်းတာခြင်း၊ ခရီးသွားရာဇဝင်များရယူခြင်းတို့ကို ယနေ့တွင် စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စာမျက်နှာ ၁၂ ကော်လံ ၁ သို့ ✳

# စပိန်အသင်းကို ပယ်နယ်တီအဆုံးအဖြတ်နဲ့ အနိုင်ရပြီး အီတလီအသင်း ယူရို ၂၀၂၀ ပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲတက်လှမ်း

ယူရို ၂၀၂၀ ပြိုင်ပွဲရဲ့ ဆီမီးဖိုင်နယ်ပွဲစဉ်တစ်ပွဲဖြစ်တဲ့ အီတလီအသင်းနဲ့ စပိန်အသင်းတို့ပွဲစဉ်ကို ဇူလိုင် ၇ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ အီတလီအသင်းက စပိန်အသင်းကို ပင်နယ်တီအဆုံးအဖြတ်နဲ့ အနိုင်ရပြီး ယူရိုပြိုင်ပွဲရဲ့ နောက်ဆုံးဗိုလ်လုပွဲကို တက်လှမ်းနိုင်ခဲ့ပြီ ဖြစ်ပါတယ်။

အဲဒီပွဲစဉ်မှာ နှစ်သင်းစလုံးဟာ နောက်ဆုံးဗိုလ်လုပွဲ တက်လှမ်းနိုင်ရေးအတွက် လူစုံထုတ်ကစားခဲ့ပြီး အကြိတ်အနယ်ရှိခဲ့တဲ့အပြင် ပထမပိုင်းပွဲကစားချိန်အတွင်းမှာ ဘယ်အသင်းကမှ ဂိုးမသွင်းနိုင်ခဲ့ပေ။ ဒါပေမယ့် အီတလီအသင်းက

စာမျက်နှာ ၅ ကော်လံ ၁ သို့ ☆



အီတလီအသင်း ကစားသမားများ အောင်ပွဲခံနေစဉ်။